www.burmeseclassic.com

ဂမ္ဘီရသန်းကြယ်လုံးချင်းဝတ္ထု

# မင်းဝိဇ္ဇာ

## ငှက်ခါးကျွန်း



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

### ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်မြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇေမျိုးဦး
(အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
အမှတ် (၁၂၉၉)၊ အောင်သုခ(၂၇)လမ်း
(၆)ရပ်ကွက်၊ သာကေတမြို့နယ်။

### ထုတ်ဝေခြင်း

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊
အုပ်ရေ - ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်၊

၈၉၅.၈၃
မင်းစိတြ
ငှက်ခါးကျွန်း / မင်းစိတြ ။ - ရန်ကုန် ၊
စိန်သရဖူစာပေ ၊ ၂၀၁၃ ။
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ငှက်ခါးကျွန်း

## အခန်းစဉ်

## ငှက်ခါးကျွန်း

၁။ ပင်လယ်နှင့်မုန်တိုင်း
၂။ အိပ်မက်ကွင်းဆက်
၃။ ငှက်ခါး
၄။ တောထဲကအိမ်ကြီး
၅။ ဝိဘဇ္ဇစုတ်ချက်များ
၆။ ငုံ့နေတဲ့မသစိတ်
၇။ အဏ္ဏဝါလက်ဆောင်
၈။ ဒေသစိမ်းတစ်ခုလို
၉။ မရည်ရွယ်သောခရီး
၁၀။ ကာလနောက်ကြောင်းပြန်
၁၁။ အမနုဿဆန်သော သတ္တဝါ
၁၂။ ပုန်းကြရပြီ
၁၃။ အမိမခံအပြေးမြန်
၁၄။ အလယ်အူပေါက်လမ်းကြောင်း
၁၅။ ထူးဆန်းသောငွေဒင်္ဂါးပြားလေး

www.burmeseclassic.com

www.burmeseclassic.com


၁၆။ ငွေသေတ္တာလေးထဲက
၁၇။ တောင်ဆင်းလမ်းမှ သက်စွန့်ဆံဖျား
၁၈။ သန်းခေါင်အပြင် ညဥ့်မနက်တော့
၁၉။ ထူးထွေတည်တံ့ရာသော်
၂၀။ ဝိုးတဝါးရိပ်ယောင်


BURMESE CLASSIC

## အခန်း (၁)

## ပင်လယ်နှင့်မုန်တိုင်း

စိမ်းပြာပြာအရောင်သန်းနေသော ပင်လယ်ပြင်ကြီးသည် လှိုင်းကြက်ခွပ်လေးများဖြင့် တဖျပ်ဖျပ် လွန့်လူးလျက်ရှိသည်။ တည်ငြိမ်လျက်ရှိသော ရေပြင်သည် အနှောင့်အယှက် တစ်စုံတစ်ရာကင်းမဲ့နေချိန်မျိုးမှာ ချစ်စရာကောင်းနေသည်။ သို့သော် ပင်လယ်ဆိုသည်ကား အစိုးမရပါ။ မထင်မှတ်ဘဲဝင်လာသော မုန်တိုင်းကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတတ်သည်။ ယုန်ကလေးလို သိမ်မွေ့နေသော အခြေအနေမှ ဒေါသူပုန်ထနေသော ကျားရဲကြီးတစ်ကောင်အသွင်သို့ တစ်မုဟုတ်ချင်း ကူးပြောင်းသွားတတ်သည်။

ထိုအခါ ချစ်စရာပင်လယ်ပြင်ကြီးသည် ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



မုန်းစရာ၊ စက်ဆုပ်စရာ အခြေအနေကို ရောက်သွားတတ်လေသည်။ ပင်လယ်နှင့်မုန်တိုင်း ရန်ဘက်များဖြစ်ကြသည်။ မပတ်သက်ချင်သော်လည်း ပတ်သက်ရသည်။ မဆုံလို၍ ရှောင်တိမ်းပါကလည်း အမြဲတမ်းဆုံတွေ့ရတတ်သည်။ သို့သော် မုန်တိုင်းဆိုသည့်အရာကား ပင်လယ်ပြင်ကြီးကို နှိပ်စက်နေကြဆဲပင်တည်း။ မုန်တိုင်းကျပြီဆိုလျှင် တည်ငြိမ်နေသော လှိုင်းများက ချက်ချင်းပင် ဖူးရောင်ထကြွလာမည်။ အိမ် လှိုင်းလုံးကြီးများအဖြစ် ကူးပြောင်းသွားကာ ကြောက်စရာရေအိုးကြီးပမာ ဆူပွက်လာလေတော့သည်။

ထိုအခါ ပင်လယ်ထဲတွင် သွားလာနေကြသော လှေ၊ သင်္ဘောများမှာ လှိုင်းလေတို့၏သားကောင်များ ဖြစ်ကြရကာ နစ်မြုပ်ပျက်စီး၊ ဆုံးရှုံး၊ သေကျေကြရလေတော့သည်။ မုန်တိုင်းသည် ပင်လယ်ပြင်ကြီးကို သူကြိုက်သလို ချယ်လှယ်၊ မွှေနှောက်ပြီးတော့မှ ပြန်လည်၍ ထွက်ခွာသွားတတ်လေသည်။

☼

ပင်လယ်ပြင်တွင် သင်္ဘောတစ်စင်းက ခုတ်မောင်းလျက်





ရှိနေသည်။ သေချာကြည့်လျှင် ရှေးဟောင်းသင်္ဘောကြီး ဖြစ်နေသည်ကို တွေ့ရလိမ့်မည်။ နှစ်ထပ်ရွက်ကြီးများဖြင့် တပ်ဆင်ထားသောကြောင့် လေအားကောင်းကောင်းတွင် ရွက်ကြီးများကဖောင်းကားဖျနေကြလေသည်။ ရွက်တိုင်က နှစ်တိုင်မို့ ပို၍လျင်မြန်သောအဟုန်ဖြင့် ရေပြင်ထက်မှာ တရိပ်ရိပ်ဖြင့် ပြေးနေသည်။ လှေဦးသည် လှိုင်းများကို ထိုးခွဲပြီးတော့ သွားနေသည့်အတွက် တဝေါဝေါဖြင့် မြည်နေကြသည်။

သင်္ဘောသားများသည် ယခုအချိန်မှာ သက်သောင့်သက်သာရှိနေကြသည်။ ပဲ့ထိန်းသည်သာ ပဲ့စင်ထက်မှာ ပဲ့ကိုနိုင်နင်းစွာ ထိန်းနေလျက် သင်္ဘောပေါ်တွင် သင်္ဘောသားများများစားစားမပါဟု ထင်ရသည်။ သွားလာလှုပ်ရှားမှုများကို မတွေ့ရသောကြောင့်ပင်။ ထိုစဉ် လူတစ်ယောက်သည် အခန်းတစ်ခုထဲမှ ထွက်လာသည်။ ကုန်းပတ်ပေါ်ကို တက်လာခဲ့လေသည်။ သူသည် ထူထပ်သော ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများ ရှိသည်။ ရှည်လျားသောဆံပင်များကလည်း ကုပ်ကိုထောက်နေကြလေသည်။

မျက်လုံးတွေက လင်းယုန်တစ်ကောင်၏မျက်လုံးများကဲ့သို့ စူးလက်တောက်ပြောင်နေကြ၍ သားကောင်ကိုရှာဖွေရန် ထက်မြက်မှုကို ဖော်ပြနေသည်။ သားကောင်ကိုတွေ့လျှင်လည်း

www.burmeseclassic.com



ရက်စက်စွာ တိုက်ခိုက်ချေမှုန်းတတ်သည့်သူ။ နက်မှောင်သော မျက်ခုံးမွေးထူထူတို့က မည်သည့်ကိစ္စကိုမဆို ပြီးမြောက်အောင် ဆောင်ရွက်မည့်သူဟု ဖော်ညွှန်းနေသည်။ ကိုယ်က အနာမခံဘဲ အမြဲတမ်း အသာစီးရလိုသူ၊ ရအောင်လည်း ယူတတ်သူဖြစ်သည်။ ယခုဖော်ပြသောပုဂ္ဂိုလ်ကား အခြားသူမဟုတ်၊ ပင်လယ်ဓားပြကြီးသာတည်း။

သူသည် သင်္ဘောလက်ရန်းကို လက်နှစ်ဖက်ဖြင့် ထောက်ကာ ရေပြင်ကြီးကို ငေးပြီးတော့ကြည့်နေသည်။ သူ၏ အသက်မွေးဝမ်းကျောင်းသည် ဤရေပြင်ပေါ်မှာပင် သန္ဓေတည်ခဲ့သည် မဟုတ်ပါလား။

ထိုစဉ် သူ၏မျက်လုံးအစုံလည်း မိုးကုပ်စက်ဝိုင်း တစ်နေရာဆီကို ရောက်သွားခဲ့သည်။ ချက်ချင်းပင် ထူထဲသောမျက်ခုံးမွေးများက နာရောင်တွင် ဆက်စပ်လုနီးပါးဖြစ်သွားခဲ့ရလေ၏။ တစ်ပြိုင်တည်းမှာပင် မျှော်စင်ထက်မှ သင်္ဘောသားတစ်ဦး၏ အသံကို ကြားလိုက်ရသည်။

"မုန်တိုင်းဟေ့"

သူက တိုဝေါင်းသောအသံဖြင့် အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်။ မုန်တိုင်းဆိုသည့်အသံကို ကြားလိုက်ကြရသည်နှင့် ဘာလုပ်ရမည်ကို ချက်ချင်းပင်သိသွားခဲ့ကြရသည်။





ထိုအခါကျမှ သင်္ဘောသားများသည် အလျှိုအလျှိုဖြင့် ထွက်လာခဲ့ကြလေ၏။ ရွက်များကို လျင်မြန်စွာပင်ချကြရသည်။ လုပ်ဆောင်စရာရှိသည်များကို လျင်မြန်စွာပင် ဆောင်ရွက်ကြသည်။ သို့သော် ပင်လယ်ဓားပြခေါင်းဆောင်ကြီးသည်ကား မည်သို့မှ မတုန်လှုပ်ဘဲ အေးဆေးသောအမူအရာဖြင့် ပင်လယ်ပြင်ကြီးကိုသာလျှင် ကြည့်နေလျက်။

မကြာလိုက်ပါ။ မိုးကောင်းကင်ကြီးသည် ချက်ချင်းပင် အနီရောင်စွန်းထင်းမှုက ကျယ်ပြန့်လာခဲ့သည်။

'ဝူး ဝေါ ဝေါ ဝေါ ဝူး ဝူး'

လေက တရမန်းကြမ်းပင် တိုက်ခတ်လာခဲ့သည်။ စောစောက ငြိမ်သက်နေသော ပင်လယ်ပြင်ကြီးသည် လှိုင်းဘောင်ဘင်ခတ်လာခဲ့သည်။ တစ်မုဟုတ်ချင်းပင် လှိုင်းလုံးကြီးများက ထကြွလာခဲ့ကြလေသည်။ သင်္ဘောကြီးသည်လည်း ဣန္ဒြေမရတော့။ လှိုင်းလူးသလို သူလည်း လူးလာသည်။ လှုပ်ယမ်းလာခဲ့သည်။ ထိုစဉ် ...

'ဂျိမ်း ဂျိမ်း ဂျိမ်း .. ချွင် ချွင် ချွင်'

နားကွဲမတတ် ထွက်ပေါ်လာသော မိုးခြိမ်းသံများက သင်္ဘောတစ်စင်းလုံးကို တုန်ခါသွားစေခဲ့သည်။ အနီရောင်နန်းကြိုးသုံးလေးခုက ချွင်ခနဲ၊ ချွင်ခနဲမြည်သံနှင့်အတူ ရေပြင်ပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



တန်းပြီးတော့ ကျလာခဲ့ကြသည်။ မိုးကြိုးပစ်ချလိုက်ခြင်းပင်။

'ဝေါ ဝေါ ဝေါ ဝေါ'

မိုးကလည်း တဝေါဝေါဖြင့် ရွာချလာခဲ့သည်။ ထိုအခါ မြင်ကွင်းသည် မကြည်လင်တော့။ ပဲ့ကိုင်သည် သဘော်ကြီး တိမ်းစောင်းပြီး လဲကျမသွားစေရန် လှိုင်းလေများကြားထဲမှာ အတတ်နိုင်ဆုံး ထိန်းနေရသည်။ ပင်လယ်ဓားပြဗိုလ်ကြီးသည် သဘော်ကြီးလူးနေသည်။ အထဲက ပဲ့ကိုင်ဆီကို လျှောက်သွားကာ နှုတ်က တစ်စုံတစ်ရာကို ပြောနေသည်။ လှိုင်းလေကြောင့် အော်ပြောနေခြင်းကို မြင်တွေ့နေရသည်။ ပဲ့ကိုင်ကလည်း အော်ပြီးတော့ပင် ပြန်ပြီးပြောနေသည်။

ပင်လယ်နှင့်မုန်တိုင်း၊ မုန်တိုင်းနှင့်လှေသဘော် ရန်ဘက်များ ဖြစ်ကြသည်။ သို့သော် မုန်တိုင်းကား အမြဲတမ်းပင် အပေါ်စီးက ရှိနေကာ နှိပ်စက်ကလူပြုမြဲပင်တည်း။

သဘော်ကြီးသည် မုန်တိုင်းကျနေသည့်ကြားမှပင် ဦးတည်ချက်လမ်းကြောင်းကို ခက်ခက်ခဲခဲ ပြောင်းနေရသည်။ ပဲ့ကိုင်ကလည်း လုပ်သက်ရင့်နေပုံရသည်။ သဘော်ကြီးနစ်မြုပ်မသွားစေရန် အတတ်နိုင်ဆုံးထိန်းပြီးတော့ မောင်းနှင်နေရသည်။ သို့သော် ယခုအချိန်တွင် သဘော်ကို မြင်းရိုင်းတစ်ကောင်လို နိုင်နင်းစွာ ချုပ်ကိုင်ဖို့မလွယ်။ တစ်ခါတစ်ရံတွင် လေကြမ်းကြမ်း၊





လှိုင်းကြမ်းကြမ်းတို့၏ ပက်စက်မှုကြောင့် ဦးတည်ချက်ပြောင်းကာ ချာချာလည်သွားခဲ့သည်လည်း ရှိသည်။

'ဝေါ ဝေါ ဝေါ'

လေရောမိုးပါ ရောမွှေပြီးတော့ လုံးထွေးနေသည့်အတွက် ပင်လယ်တစ်ပြင်လုံးသည် အကျည်းတန်လျက်ရှိသည်။ လှိုင်းလုံးကြီးတွေက သဘော်ကြီးကို ဝါးမျိုတော့မလို တစ်လုံးပြီး တစ်လုံး ပြေးဝင်လာနေကြလျက်။

'ဝုန်း ဝုန်း'

''ဟော့ . . . ဟိုမှာ ကမ်း၊ အဲဒီကိုရောက်အောင် ဂရုစိုက်''

ပင်လယ်ဓားပြကြီးသည် လျှပ်တစ်ချက် အပြက်လိုက်မှာ ကမ်းနှင့်တူသောနေရာကို လှမ်းတွေ့လိုက်ရ၍ ပဲ့ကိုင်ကို အော်ဟစ်ပြီးတော့ ပြောလိုက်သည်။ ပဲ့ကိုင်ကလည်း ယင်းမည်းမည်း သဏ္ဌာန်ကြီးကို မဆွမိကပင်လျှင် မြင်ပြီးခဲ့လေပြီ။ သို့သော် လျှပ်ရောင်ပျောက်သွားသည်နှင့် ယင်းကုန်းမြေနှင့်တူသည့် မည်းမည်းသဏ္ဌာန်ကြီးသည်လည်း ပျောက်ကွယ်သွားခဲ့လေသည်။

သဘော်ကြီးသည် ချာချာလည်နေရာက လမ်းကြောင်းအမှန်ကို ပြန်ပြီးတော့ရောက်သွားခဲ့သည်။

'ဝုန်း ဝုန်း ဝုန်း'



www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ချက် ပြက်လိုက်သည်။ ရှေ့တွင် ကျောက်ဆောင်ကြီးတစ်ခုက ဆီးပြီးတော့ခံနေသည်။ သင်္ဘောကြီးကို လှိုင်းကအပုတ်လိုက်မှာ ဦးပိုင်းက ကျောက်ဆောင်ဆီကို လျင်မြန်စွာ ရွေ့လျားသွားလိုက်သေးသည်။ ကျောက်ဆောင်နှင့် တိုက်မိတော့မလို ဖြစ်သွားခဲ့သည်။ ပွတ်ကာသီကာလေး ကပ်ပြီးတော့ လွဲသွားခဲ့လေသည်။

"ကျောက်ဆောင်၊ ကျောက်ဆောင် ... ဂရုစိုက်"

ပင်လယ်ဓားပြကြီးက ကျောက်ဆောင်ကြီးကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း ရေတွေရွှဲရွှဲစိုလျက် ရှိနေလေပြီ။ သင်္ဘောသည် ကျောက်ဆောင်မှ လွတ်ထွက်သွားခဲ့သည်။ သို့သော် သင်္ဘောရောက်နေသည့်နေရာကား ကျောက်ဆောင်ကြီးနှစ်ခုကြားမှာဖြစ်နေသည်။ သင်္ဘောကြီးသည် ကျောက်ဆောင်များကြားမှ ခက်ခဲစွာပင် ဖြတ်သွားနေရသည်။

✹ ✹ ✹



## အခန်း (၂)

## အိပ်မက်ကွင်းဆက်

'ဖြန်း'

"အား"

မျက်နှာကို ရေစက်တွေက လာပြီးတော့မှန်သည်။ လင်းပိုင်ဖော် ဖျတ်ခနဲဆို လန့်နိုးသွားခဲ့ရသည်။

"ဟင်"

သူ့မျက်လုံးထဲမှာ တဝေါဝေါ၊ တဝုန်းဝုန်းဖြင့် မြည်ဟည်းကာ သောင်းကျန်းနေသည့် လှိုင်းလုံးကြီးတွေ၊ တကျိမ်းကျိမ်း တဒိုင်းဒိုင်းဖြင့် ပစ်ချနေသည့် မိုးကြိုးလက်နက်တွေ၊ လျှပ် တဝင်းဝင်းနှင့် ပြိုးပြက်နေသော နက်မှောင်နေသည့် ကောင်းကင်ကြီး၊ လှိုင်းလုံးတွေကြားမှာ လူးခါနေသည့် သင်္ဘောကြီး။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သည် ပျောက်ကွယ်မသွားဘဲ မြင်ယောင်နေဆဲ၊ စွဲထင်နေဆဲ။

ထို့အပြင် သဘောင်္ပေါ်မှ ပင်လယ်ဓားပြကြီး၏ရုပ်သွင်သည် အမှတ်သညာထဲမှာ ထင်ရှားလျက်ပင် ရှိနေသေးသည်။ သူသည် အိပ်ရာထက်က မထသေးဘဲ သည်အတိုင်းပဲရှိနေသေးသည်။ အိပ်မက်က ငြိမ်နေသောအိပ်မက်မျိုး မဟုတ်။ မုန်တိုင်းမိနေသော သဘောင်္ကြီးတစ်စင်းက မုန်တိုင်းမှ လွတ်မြောက်ရန် ရုန်းထွက်နေရသည့် အခြေအနေမျိုး။ သို့သော် အိပ်မက်က မဆုံးသေး။ တစ်ပိုင်းတစ်စမှာတင် ရပ်တန့်သွားသည်။ မျက်နှာကို ရေစက်တွေက မှန်သည်။ လှမ်းကြည့်လိုက်တော့ စားပွဲပေါ်ရှိ ဖန်ခွက်က သူ့လက်နှင့် တိုက်မိပြီး မှောက်သွားသည်။

သဘောင်္ကြီး ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်မှာ သူလည်း စိတ်လှုပ်ရှားပြီး လက်ကိုရမ်းခါမိလိုက်၍ အိပ်ရာနှင့်ကပ်လျက်ရှိသော စားပွဲပေါ်မှ ရေဖန်ခွက်ကို ထိသွားခဲ့ခြင်းပင်။ ဖန်ခွက်က လဲကျသွားခဲ့၍ ရေစက်များက သူ့မျက်နှာကို လာမှန်သွားခြင်းပင်။ လင်းပိုင်ဖော်၏စိတ်ထဲမှာ လှိုင်းလုံးကြီးတွေ လာမှန်သလိုလို ခံစားလိုက်ရသည်။ အတန်ကြာသည်အထိ ငြိမ်သက်ပြီးတော့နေမိသည်။ နားထဲမှာ ကြားနေဆဲရှိနေသော လှိုင်းသံ၊ လေသံများသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့သည်။ မိုးလင်းဖို့အချိန်က လိုသေးသည်။ နာရီကိုလှမ်းကြည့်လိုက်တော့ ၁၂





နာရီ၊ သန်းခေါင်ယံအချိန်။

အိပ်မက်က စင်းလွန်းလှ၍ တကယ်ဖြစ်နေသည်ဟုပဲ ထင်နေမိသည်။ လင်းပိုင်ဖော် ရုတ်တရက် သတိရသွားသည်။ အကြည့်က ခုတင်ဘေးဘက်ရှိ နံရံဆီကိုရောက်သွားသည်။ ပန်းချီကားတစ်ချပ်ဆီသို့ ညကြည့်မီးရောင်အောက်မှ ပင်လယ်ထဲ မုန်တိုင်းမိနေသော သဘောင်္ကြီးတစ်စင်း၊ လှိုင်းလုံးကြီးတွေက သဘောင်္ကြီး၏ ဘေးပတ်ပတ်လည်မှာ ဝိုင်းရံနေကြသည်။ စားတော့ ဝါးတော့မတတ် ရှိနေကြသော လှိုင်းလုံးကြီးတွေက သဘောင်္တစ်စင်းလုံးကို တစ်စစီဖြစ်အောင် ချေမွပစ်ကြတော့မည်လားဟု မှတ်နေရသည်။

သို့သော် ပုံ့ကိုင်သည် ကျွမ်းကျင်စွာဖြင့် မုန်တိုင်းထဲမှ ရုန်းထွက်ရန်ကြိုးစားသည်။ သဘောင်္သည် ကျောက်ဆောင်ကြီးနှစ်ခုအကြားသို့ ဝင်ရောက်ပြီး ဘာတွေဆက်ဖြစ်လာမလဲဆိုသည်ကို သူမသိတော့။ ပယောဂတစ်ခုကြောင့် သူ လန့်နိုးလာခဲ့ရသည်။ အိပ်မက်ကွင်းဆက် ပြတ်တောက်သွားခဲ့ရလေသည်။

လင်းပိုင်ဖော်သည် အိပ်ရာထက်မှ အောက်သို့ဆင်းလိုက်သည်။ ထို့နောက် ပန်းချီကားချပ်ဆီသို့ လျှောက်သွားသည်။ ပန်းချီကားကို သူ သေသေချာချာကြည့်သည်။ လှိုင်းဆန်နေသော ပင်လယ်ပြင်ကြီး၊ မုန်တိုင်းမိနေသော သဘောင်္ကြီးတစ်စင်း။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပတ်ပေါ်မှာ ပြေးလွှားနေကြသော သင်္ဘောသားများ။ ထို့အပြင် ထူးခြားသောလူကြီးတစ်ယောက်၊ သင်္ဘောလက်ရန်းကို လက်နှစ်ဖက်ဖြင့် ထောက်ကာ မှန်တိုင်းကျနေသော ပင်လယ်ပြင်ကြီးကို ကြည့်နေသည်။ သူသည် အစက်အပြောက်လေးများပါသော ပဝါတစ်ထည်ကို ခေါင်းမှာပေါင်းထားသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူလပျစ်နှင့် အထူးသဖြင့် သူ၏မျက်လုံးအကြည့်တွေက အားပါလှသည်။ တစ်ဖက်သား၏ရင်ထဲကို ထိုးဖောက်ပြီးတော့ ကြည့်နိုင်စွမ်းရှိသည်။ ယင်းမျက်လုံးများသည် မြေခွေးတစ်ကောင်လိုလည်း ကောက်ကျစ်သည်။ တစ်ခါတစ်ရံမှာလည်း ကျားဥပုသ်စောင့်သလို သနားတယ်ဟူသော ဟန်ဆောင်ပြတာမျိုးလည်း ရှိတတ်သူ။

"ဒီလူကြီးပါပဲ၊ ငါတွေ့လိုက်ရတာ၊ ဒီပန်းချီက အခုတော့ တည်ငြိမ်နေတယ်၊ ဒါပေမဲ့ အိပ်မက်ထဲမှာတော့ အသက်ဝင်လာတယ်၊ တကယ့်မုန်တိုင်း, တကယ့်ပင်လယ်ပြင်ကြီးထဲမှာ ပြောင်းဆန်သွားတယ်"

ပန်းချီကားချပ်ကိုကြည့်နေရင်းကပင် နားထဲမှာ မုန်တိုင်းအော်သံ၊ လှိုင်းပုတ်သံများကို တစ်ဖန်ပြန်ပြီးတော့ ကြားလာခဲ့ရပြန်သည်။ သင်္ဘောကြီးသည်လည်း လှိုင်းလုံးကာ အလိမ့်လိမ့်အလူးလူးဖြစ်နေသည်။





"ဟင်"

ပန်းချီကားကို သေချာစွာပြန်ပြီးတော့ ကြည့်လိုက်သောအခါ နဂိုတိုင်းပင် တည်ငြိမ်နေလျက်။

✺

တစ်ရက်တွင် လင်းပိုင်ဇော်သည့် တောလမ်းအတိုင်း လမ်းလျှောက်လာသည်။ မြို့ပြနှင့်ကင်းဝေးနေ၍ လူသံ၊ ကားသံမှ အစပြု၍ ဆူညံသံများကို မကြားရ။ စိတ်အနှောင့်အယှက်ဖြစ်စေသော အသံဗလံမှန်သမျှ ဆိတ်သုဉ်းနေသည်။ ရောက်ခါစကတော့ ယင်းအသံများကို မကြားရတော့၍ တိတ်ဆိတ်ခြင်းက ချောက်ချားမှုကိုဖြစ်စေသည်။ နောက်တော့ တဖြည်းဖြည်းနှင့် နားယဉ်လာခဲ့လေသည်။

တိတ်ဆိတ်ခြင်း၏ခံစားမှုကို သူ အပြည့်အဝပင် ယူတတ်လာခဲ့သည်။ လေလေးတဖြူးဖြူးနှင့် အေးဆေးစွာလျှောက်နေစဉ် သတိထားမိလိုက်သည်က ရှေ့တွင် သူ့ကိုကျောပေးကာ လျှောက်သွားနေသော အမျိုးသမီးကြီးတစ်ယောက်။ လက်မောင်းတွင် ခြင်းတစ်ခုကို ချိတ်ထားသည်။ ဤအနီးအနားရှိ ရွာတစ်ရွာမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မည်ဟုထင်သည်။

လင်းပိုင်ဖော်သည် ခြေလှမ်းမှန်မှန်နှင့်ပင် သူမ၏ နောက်ကလိုက်နေသည်။ တစ်နေရာအရောက်တွင် . . .

'ဂျွတ် ဂျွတ် ဖြောင်း'

ရုတ်တရက် သစ်ကိုင်းခြောက်ကြီးတစ်ခုက ကျိုးပြတ်ပြီး အောက်ကိုကျလာခဲ့လေသည်။ အမျိုးသမီးကြီးပေါ်ကို တည့်တည့် ကျလာခဲ့ခြင်းပင် ဖြစ်လေရာ . . .

''ဖောင်''

လင်းပိုင်ဖော်သည် ထိုအခြင်းအရာကြောင့် တစ်ဟုန်ထိုးပင် ပြေးသွားသည်။ အမျိုးသမီးကြီး၏အနားကိုအရောက်တွင် ခါးနှစ်ဖက်မှ မြှောက်ချီကာ ဆက်ပြီးတော့ပြေးသွားသည်။

'ဖြောင်း'

'ဘုန်း'

သစ်ကိုင်းကြီးသည် စောစောက အမျိုးသမီးကြီးရပ်နေသောနေရာတွင် ပစ်ကျသွားခဲ့လေသည်။ သီသီလေးလွတ်သွားသည်။

''တော်ပါသေးရဲ့ . . . နို့မို့ဆိုရင် မလွယ်ဘူး''

လင်းပိုင်ဖော် စိတ်သက်သာရာရသွားသလို လေကို ဖူးခနဲဆို မှုတ်ထုတ်လိုက်လေ၏။ အမျိုးသမီးကြီးသည် ကျောပေး





နေရာက နောက်ကိုလှည့်ကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် အဘွားအိုတစ်ယောက် ဖြစ်နေသည်။ သူ့ကို သိမ်မွေ့သော အကြည့်ဖြင့် ကြည့်နေ၏။

''အမေ . . . သိပ်ပြီး ကြောက်သွားသလား''

အဘွားအိုက ခေါင်းကိုခါယမ်းလိုက်ပြီး . . .

''နည်းနည်းပါးပါးလောက်ပါကွယ်၊ တော်သေးတာပေါ့၊ သားသာ ဒီလိုမကူညီခဲ့ရင် ခုလောက်ဆို''

''ပြန်ပြီးမစဉ်းစားပါနဲ့တော့ အမေ၊ ပြီးခဲ့တာလည်း ပြီးပြီ၊ အမေဘယ်သွားမလဲ၊ ကျွန်တော်လိုက်ပို့ပေးမယ်''

''လိုက်မပို့ပါနဲ့ကွယ်၊ ဒီလိုပဲ တဖြည်းဖြည်းနဲ့ လျှောက်သွားနေကျပါ၊ သားက ဘယ်မှာနေသလဲ၊ ဒီနယ်ဘက်ကတော့ မမှတ်မိဘူး''

''ကျွန်တော်ကဧည့်သည်ပါ၊ သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်မှာနေတာ၊ ရန်ကုန်က အလည်လာခဲ့တာပါ အမေ''

''သြော် . . . ဟုတ်လား။ ဒါကြောင့်မို့ မမြင်ဖူးတာကိုး''

အဘွားအိုသည် ဥပမိရုပ်က ခံ့ညားသည်။ သာမန်အဆင့်ထဲကတော့ ဟုတ်ဟန်မတူ။ သို့သော် သူမ၏မျက်လုံးများသည် လျှို့ဝှက်ချက်တစ်ခုခုရှိနေသလိုပင်။ သူမသည် သက်မောင်းမှာ ချိတ်ထားသည့်ခြင်းကို ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ အသက်ကိုကယ်ခဲ့တဲ့အတွက်ရယ်၊ ပြီးတော့ ညှိုသည်တစ်ဦးကို လက်ဆောင်တစ်ခုခုပေးချင်တာရယ်ပေါ့ ကွယ်၊ ဟောဒီခြင်းထဲက သားကြိုက်တဲ့ပစ္စည်းတစ်ခုကို ယူလိုက် ပါ"

လင်းပိုင်ဖော်သည် ခြင်းထဲကို ကြည့်လိုက်သည်။ မှန် တစ်ချပ် (ရွှေရောင်လက်ကိုင်ရိုးနှင့်)၊ စိုက်ဘီးတစ်ချောင်း၊ ဝါး ပုလွေတစ်ခု၊ ပိုးသားလက်ကိုင်ပဝါတစ်ထည်၊ သူငယ်တော် အရုပ်၊ ရွှေရောင်စုတ်တံလေးတစ်ချောင်း အစရှိသဖြင့် စုံစီနဖာ များစွာ။

"နေပါစေ အမေရယ်၊ ဒါ အမေ့အသုံးအဆောင်ပစ္စည်း တွေပဲ၊ မယူပါဘူး"

"အမေက စေတနာနဲ့ပေးတာပါကွယ်၊ တစ်ခုတော့ယူ ပါ"

"အားနာလို့ပါ အမေ၊ ကျွန်တော်ယူလိုက်ရင် အမေ့ ပစ္စည်းထဲက လျော့သွားမှာပေါ့"

"အဖိုးမတန်တဲ့ပစ္စည်းမို့လို့ သားက မယူချင်တာလား"

"မဟုတ်ပါဘူးအမေရယ် ... ဒီလိုမပြောပါနဲ့"

"ဒါဖြင့်ရင် သားကြိုက်တာတစ်ခုကိုယူ"

ငြင်းမရသည့်အဆုံးတွင် ...





"ကဲ ... ဒါဆို ကျွန်တော် ဒါလေးကိုပဲယူမယ်"

လင်းပိုင်ဖော် ရွေးချယ်လိုက်သည်က ရွှေရောင်စုတ်တံ လေး။

"အမေ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အတွက် ကျေးဇူး ပါပဲကွယ်"

အဘွားအိုသည် လင်းပိုင်ဖော်ကို နှစ်လိုဖွယ်ရာအပြုံးဖြင့် ကြည့်ကာ နေရာမှ ထွက်သွားခဲ့လေသည်။ လင်းပိုင်ဖော်သည် အဘွားအို မည်သည့်နေရာဆီ သွားသည်ကို လိုက်ကြည့်လိုသော် လည်း စိတ်က ပြောင်းသွားခဲ့လေသည်။ အိမ်သို့ပင် ပြန်လာခဲ့ သည်။

✻

"မင်းပြောတဲ့အဘွားအိုဆိုတာ ငါ ဘယ်လိုမှ စဉ်းစားလို့ မရဘူး ဖော်၊ ငါ ဒီမှာနေလာတာပဲ နှစ်အတော်ကြာနေပြီ၊ ငါ မမြင်ဖူးတာတော့ သေချာတယ်ကွ"

"မင်းသိမှာပါ ထက်မောင်၊ အမှုမဲ့အမှတ်မဲ့နေလို့ ဖြစ် မှာပါ၊ သူ့ခြင်းထဲမှာပါလာတဲ့ ပစ္စည်းတွေက အမျိုးသမီးအသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပစ္စည်းတွေ ဆိုပေမယ့် ရှေးဆန်တယ်ကွ၊ သူငယ်တော်အရုပ်နဲ့ ပလွေတစ်ချောင်းတောင် ပါလိုက်သေးတယ်''

''အင်းလေ . . . အသက်ကြီးကြီးထဲကဆိုတော့ သူငယ်ပြန်တဲ့အရွယ်ပေါ့ကွာ၊ ဒီလိုအဖိုးမတန်တဲ့ပစ္စည်းတွေကို သေသေချာချာ ထည့်ယူလာတယ်ဆိုတော့ စဉ်းစားရင် အဖြေသိလောက်ပါတယ်''

ထက်မောင်က အမှုမဲ့ အမှတ်မဲ့ ပြောလိုက်သော်လည်း

''မင်းပြောသလို သူငယ်ပြန်တဲ့အရွယ်တော့ မဟုတ်ဘူးကွ၊ သူ့ကြည့်ရတာ မဟာဆန်တယ်၊ စကားပြောတာကလည်း ရိုးရိုးရှင်းရှင်းနဲ့ စိတ်ကောင်းရှိမယ့်ပုံ၊ ဒါပေမဲ့ သူ့ကိုကြည့်ရတာ ထူးဆန်းနေသလိုပဲ၊ ဘာထူးဆန်းနေသလဲဆိုတာကိုတော့ ငါလည်း မပြောတတ်ဘူး ထက်မောင်''

ထက်မောင်သည် လင်းပိုင်ဇော်၏အတွေ့အကြုံကို အလေးအနက်ပင် စဉ်းစားသည်။ သူ့စိတ်ထဲမှာလည်း အဘွားအိုက အထူးအဆန်းပင် ဖြစ်နေသည်။

''မင်းက ပန်းချီအနုပညာကို ဝါသနာပါတယ်ဆိုတော့ ဒီစုတ်တံလေးကို ယူလိုက်တာ မမှားပါဘူးကွာ၊ အဖိုးတန်လိမ့်မယ် ထင်တယ်ကွ''

''အေး . . . ငါလည်း ယူလိုက်တုန်းကတော့ အမှုမဲ့





အမှတ်မဲ့၊ အိမ်ကိုရောက်တော့မှ သေသေချာချာကြည့်မိတယ်၊ လက်ကိုင်ရိုးက ရွှေအစစ်နဲ့လုပ်ထားတာကွ၊ ပြီးတော့ အမွေးလေးတွေကလည်း ရွှေရောင်အမွေးလေးတွေ၊ နူးညံ့လိုက်တာ . . . ဘာအမွေးနဲ့ လုပ်ထားသလဲမသိဘူး''

ထက်မောင်က စုတ်တံကိုယူကြည့်လိုက်သည်။

''အေးကွ . . . ကိုင်ရတာလည်း ပေါ့ပေါ့ပါးပါးလေး၊ လှလည်းလှတယ်၊ ဒီလိုစုတ်တံမျိုးကို ငါ တစ်ခါမှ မမြင်ဖူးဘူး''

''ငါရောပဲ''

ထို့နောက် စုတ်တံလေးကို တရိုတသေဖြင့် သိမ်းထားလိုက်လေသည်။ လင်းပိုင်ဇော်သည် သူငယ်ချင်းဖြစ်သူ ထက်မောင်ဆီကို အလည်ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ ထက်မောင်ကလည်း ဤအိမ်ကြီးဆီကို လင်းပိုင်ဇော်ထက်အရင် တစ်နှစ်လောက်ပဲစောပြီးတော့ ရောက်ခဲ့သည်။ အဘိုးဖြစ်သူထံမှ အမွေဆက်ခံရရှိခဲ့သော ခြံပင်ဖြစ်သည်။ မိဘနှစ်ပါးကတော့ နိုင်ငံခြားကို ရောက်နေကြသည်။

ရန်ကုန်မှာအိမ်ရှိသည်။ အိမ်ကို သည်အတိုင်းထားပစ်ခဲ့ပြီး သည်ဘက်ကိုရောက်လာခဲ့ခြင်းပင်ဖြစ်သည်။ လိမ္မော်ခြံ၊ သစ်တော်ခြံ၊ စပျစ်ခြံကြီးများကအစ ငှက်ပျော၊ ပိန္နဲခြံကြီးများကို သူ ဆက်ဆံခွင့်ရခဲ့လေသည်။ လင်းပိုင်ဇော်ကလည်း ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ ကျောင်းပြီးခဲ့ပြီ၊ အလုပ်ကတော့ ရှာဖွေဆဲ သူငယ်ချင်းထက်မောင်က အလည်ခေါ်၍ ရောက်လာခဲ့ခြင်းပင်။ သူ့တွင် ပန်းချီဆွဲသည့်ပစ္စည်းများလည်း ပိုလာခဲ့သည်။

"ငါတို့ဘက်မှာရှုခင်းတွေ သိပ်ကောင်းတယ်ကွ၊ ဒီကိုရောက်ရင် မင်းသဘောကျသွားမှာ၊ မင်းက လက်ရာကောင်းကောင်း ဆွဲတတ်သူဆိုတော့ သဘာဝကျကျနဲ့ ပန်းချီမှတ်တမ်းတင်လို့ရမှာ"

လင်းပိုင်ဇော်ကလည်း ပန်းချီဆွဲနေရလျှင် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေတတ်သူမို့ ရေငတ်တုန်း ရေတွင်းထဲကျသလို ဖြစ်သွားခဲ့ရလေသည်။ ရောက်ပြီး ထက်ပိုင်နှင့်အတူ ဝန်းကျင်ကို လျှောက်ကြည့်သည်။ သူ့အတွက် ပန်းချီဆွဲရန် ရှုခင်းရှုကွက်များကို မြင်တွေ့ရ၍ စိတ်ကျေနပ်သွားခဲ့ရသည်။ သို့သော် သူ့လက်ထဲကို ရွှေစုတ်တံလေးရောက်လာခဲ့သည် အချိန်ကစပြီး စိတ်ကပြောင်းသွားခဲ့လေသည်။

ထိုနေ့က ခြံထဲမှာ ပန်းချီဆွဲဖို့စဉ်းစားသည်။ ဘာကိုဆွဲရမှန်းမသိ။ သည်အတိုင်း စဉ်းစားနေရင်းက ခဲဖြင့် ပုံကြမ်းကောက်ခြစ်လိုက်သည်။ စိတ်ကူးမရှိဘဲ ပုံကြမ်းဖြစ်နေရာက သတိရမိသောအခါ သူတွေ့လိုက်ရသည်ကား . . .

ပင်လယ်လှိုင်းလုံးကြီးများ၊ ရေးဟောင်းသင်္ဘောကြီး တစ်





စင်း၊ ပြေးလွှားနေကြသော သင်္ဘောသားအချို့၊ အထင်ရှားဆုံးကား လူကြီးတစ်ယောက်ပင်။ စိတ်ထဲမှာ ပင်လယ်ဓားပြကြီးပဲဟု အလိုလိုပင် ဖြစ်ပေါ်ခံစားမိလိုက်သည်။ ထို့အပြင် သင်္ဘောကြီးသည် မုန်တိုင်းမိနေသည့် အခြေအနေမျိုးဟု သူ့လက်တွေက ဖန်တီးထားသည်။ ခဲခြစ်ပုံကြမ်းပေမင့်လည်း တော်တော်လေးကို ပီပြင်နေသည်။

"ဟင် . . . ငါစိတ်ကူးမရှိဘဲ ဒီပုံတွေကို ဘယ်လိုဆွဲမိပါလိမ့်"

ကိုယ့်ကိုယ်ကိုယ်ပင် အံ့အားသင့်နေမိသည်။ မည်သို့မှ စိတ်ကူးမရှိသောပုံကို သူ ဆွဲမိပါပကော။ ထို့အပြင် သူ ဆေးထည့်ဖို့ ရွေးချယ်ရာတွင်လည်း သုံးနေကျစုတ်တံကို မယူဘဲ ရွှေရောင်စုတ်တံလေးကိုသာ အဖန်ဖန်တလဲလဲ စိတ်ကူးမိသည်။

"ငါ ဒီစုတ်တံလေးကိုပဲ သုံးတော့မယ်"

ဟု စိတ်ဒုံးဒုံးချမိလိုက်လေ၏။ ဆေးထည့်ရာတွင်လည်း စုတ်ချက်တွေက ပီပြင်လှသည်။ သွက်လက်မြန်ဆန်လွန်းနေသည်။ စိတ်ပါလွန်း၍လားမသိ စုတ်ချက်အဖျားလေးတစ်ချက်ခတ်လိုက်သည်နှင့်ပင် ပန်းချီကားသည် ပိုပြီးတော့ အသက်ဝင်လာသည်ဟု ထင်မိသည်။ နားထဲမှာ မုန်တိုင်းသံများကို ကြားလာခဲ့ရသည်။ မိုးသံ လေသံတဝေါဝေါဖြင့် ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလုံးကြီးတွေက တဝုန်းဝုန်းနှင့် ရိုက်ခတ်နေကြသည်။ သင်္ဘောကြီးသည်လည်း ယိမ်းယိုင်လှုပ်ရှားလျက်ရှိနေသည်။ သင်္ဘောသားများသည် လှေကြီးပေါ်မှ ပြေးလွှားနေကြသည်။ အထူးသဖြင့် ထင်ရှားသောလူကြီးတစ်ယောက်ရုပ်သွင်သည် သူ့ကို ခြောက်လှန့်လျက်ရှိနေသလဲ။ ရက်စက်သောမျက်လုံး၊ ခက်ထန်သောမျက်နှာကြီးက လူကောင်းတစ်ယောက်တော့မဟုတ်နိုင်။

"သူဟာ ပင်လယ်ဓားပြကြီးပဲ၊ ဟုတ်တယ် . . . ပင်လယ်ဓားပြကြီးပဲ ဖြစ်ရမယ်"

ဟု စိတ်ထဲမှာ သတ်မှတ်ပေးလိုက်သည်နှင့် စုတ်ချက်များက ထိုလူကြီး၏ အသွင်သဏ္ဌာန်ကို ပို၍ ထင်ရှားစွာ ခြယ်မှုန်းလေတော့သည်။ ဤသို့ဖြင့် သုံးရက်မြောက်နေ့မှာ ပန်းချီကားကို လက်စသတ်လိုက်လေသည်။ လင်းပိုင်ဖော် ကိုယ်တိုင်သူဆွဲထားသောပန်းချီကားကြီးကို ကြည့်ပြီးတော့ တအံ့တဩဖြစ်နေမိသည်။ သူသည် ကျွမ်းကျင်ပညာရှင်တစ်ဦး မဟုတ်၊ အပျော်တမ်းပန်းချီဆရာတစ်ဦးပင်။

သို့စဉ်လျက် ယခု သူ့လက်ရာက ဝါရင့်ပန်းချီဆရာကြီးတစ်ဦး၏ စံမီပန်းချီလက်ရာအတိုင်းပင် ဖြစ်နေသည်။ ထက်မောင်သည်ပင် ပန်းချီကားကိုကြည့်ပြီး ရင်သပ်ရှုမောနေမိသည်။





"ဟင် . . . တော်တော်ကောင်းတဲ့ ပန်းချီပဲ၊ ငါက ပန်းချီအကြောင်း နားမလည်ပေမယ့် မင်းလက်ရာကိုတော့ ငါကြိုက်သွားပြီ ဖော်"

ထက်မောင်သည် နှုတ်ကလည်း ချီးကျူးသည်၊ စိတ်ထဲကလည်း ချီးကျူးသည်။ အနီးကပ်ကြည့်ပြီးသောအခါ ခပ်လှမ်းလှမ်းကလည်းကြည့်သည်။ ရေးဆွဲသူမပြောနှင့် ပန်းချီကားကိုလေ့လာသူပင်လျှင် တော်တော်လေးကို ကျေနပ်အားရနေမိသည်။ လင်းပိုင်ဖော်သည် သူ့ပန်းချီကားကို ခုတင်ခြေရင်းနံရံထက်မှာချိတ်ဆွဲထားလိုက်သည်။ အိမ်တွင် ညဘက်မှာ မီးစက်ကိုသာသုံးသည်။ လျှပ်စစ်မီးမရ၍ ဖြစ်သည်။

ညဆယ်နာရီထိုးလျှင်တော့ မီးစက်ကိုပိတ်သည်။ မီးအလင်းရောင်ဖြင့် ခုတင်ထက်မှနေ၍ ပန်းချီကားကိုကြည့်လျှင်ပိုပြီးတော့ မှောင်နေသည်ကို တွေ့ရသည်။ ပင်လယ်ပြင်တွင်မှန်တိုင်းကျနေသည့်အချိန်မှာ (စိတ်ကူးထဲတွင်) မမှောင်သေးနေ့ကိုအားပြုပြီးဆွဲထားသော ပန်းချီကားထဲမှသဏ္ဌာန်များသည်ညဘက်မှာလို ဖြစ်သွားပြီး ပိုပြီးတော့ မှောင်နေသည်ကို သတိထားမိသည်။ မီးရောင်အောက်မှာကြည့်မိ၍ ထိုသို့ ဖြစ်သွားခဲ့သည်ပဲလား မပြောတတ်ပေ။

ပန်းချီကားကို ရေးဆွဲစဉ်က မိမိစိတ်ပါရွှင်နန်း၍ ရျာန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားလွန်း၍ လက်ရာက ပိုပြီးတော့ ကောင်းသွားခဲ့သည်ပဲလား။ အမှန်မှာ မိမိသည် သင်ဆွဲ ဆွဲနေသော ဝါသနာရှင်တစ်ဦးသာ ဖြစ်သည်။ ပြောင်မြောက်စွာ ရေးဆွဲတတ်သူ မဟုတ်သေးပါ။ ထို့အပြင် ပန်းချီကားနှင့်ပတ်သက်ပြီး အိပ်မက်ကိုပင် မြင်မက်မိခဲ့ရသည်။ မိမိရေးဆွဲသောလက်ရာကို သဘောကျနေမိရာ အိပ်မက်ဖြင့် အကောင်အထည်ဖော်သည်အထိ ဖြစ်သွားခဲ့ခြင်းပင် လားဟု။

✹ ✹ ✹



## အခန်း (၃)

### ငှက်ခါး

သိပ်မကြာမီမှာပင် နောက်ထပ်ပန်းချီကားတစ်ချပ်ကို ဆွဲရန် စိတ်ဆန္ဒဖြစ်ပေါ်လာခဲ့ပြန်သည်။

''မင်း ဒီကနေ ခြံထဲလိုက်ခဲ့ကွာ၊ အိမ်ထဲမှာအောင်းနေမယ့်အစား အပြင်ကို ထွက်ပေးတော့ စိတ်အပြောင်းအလဲဖြစ်တာပေါ့''

''အေး ...ငါလည်း အဲဒီလိုပဲ စိတ်ကူးရှိတယ်''

ထက်မောင်၏ သီးပင်မျိုးစုံရှိသောခြံကြီးတစ်ခြံဆီကို ရောက်သွားခဲ့သည်။

''ဒါ ငါ့ခြံတွေထဲက တစ်ခြံပဲဆိုပါတော့၊ ဒီနေရာက ပိုပြီးတော့သာယာတယ်၊ မင်း လွတ်လွတ်လပ်လပ်သာနေ''

www.burmeseclassic.com



ခြံထဲမှာ သစ်သားအိမ်တစ်လုံးကို ဆောက်ထားသည်။ သပ်သပ်ရပ်ရပ်ရှိသည်၊ နေချင့်စဖွယ်ပင်ဖြစ်သည်။ ခြံစောင့်ကြီး ဦးမောင်မောင်က သူတို့ဆီကိုရောက်လာပြီး ကြိုဆိုသည်။ ဂင်တိုတို၊ ခပ်ဝဝ ဖြစ်သည်။ ခေါင်းတုံးကို ပြောင်အောင်ရိတ်ထားသည်။ မျက်နှာကရွှင်သည်၊ သဘောကောင်းပုံရသည်။

"အေး အေး ...ကိုထက်ကတော့ မောင်ရင့်အကြောင်း ပြောပါသကွဲ့၊ ခုလိုတွေ့ရတာ ဝမ်းသာပါသကွယ်၊ ရောက်တုန်းမှာ လွတ်လွတ်လပ်လပ်သာနေ၊ ငါ မင်းတို့စားဖို့ နံနက်စာ သွားစီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဦး ... ကျေးဇူးတင်ပါတယ်"

ခြံထဲမှာ တစ်ပိုင်တစ်နိုင် ကြက်များ၊ ဘဲများကိုလည်း မွေးထားလေသည်။

ထက်မောင်တစ်ယောက် ခြံထဲမှာအလုပ်ရှုပ်နေစဉ် လင်းပိုင်ဖော်သည် ပန်းချီရှုခင်းကောင်းကောင်း ရေးဆွဲနိုင်မည့်နေရာကို ရွေးချယ်နိုင်ရန် ထွက်လာခဲ့သည်။ ခြံကြီးထဲတွင် အပင်များက မျိုးစုံလှသည်။ တစ်နေရာကိုအရောက်တွင် ရေကန်ကြီးတစ်ကန်ကို မြင်တွေ့လိုက်ရသည်။ ရေက ကြည်လင်ပြီး စိမ်းလဲ့နေသည်။ ကြာပွင့်များ၊ ကြာငုံများပင် ရေထဲမှာပေါက်နေကြသည်။ ကန်၏ တစ်ဖက်ကမ်းစပ်ပေါ်တွင် ရောင်စုံငှက်မျိုးစုံက ဟိုသည် ပျံသန်း





ကာ ပျော်မြူးနေကြသည်။

ယင်း၏ ဟိုးတစ်ဖက်အဝေးဆီကို တောင်နိုးများဖြင့် ဝေလျက်ရှိသော တောင်တန်းကြီးတစ်ခုက ကန့်လန့်ဖြတ်တန်းလျက်ရှိသည်။ လင်းပိုင်ဖော်သည် ယင်းမြင်ကွင်းကို တော်တော်သဘောကျသွားသည်။ ထို့ကြောင့် ထောက်စင်၊ ကင်းဘတ်နှင့် ပြားတို့ကို နေရာချပေးလိုက်သည်။ စက္ကူချခေါ် ပုံကြမ်းကို သွက်လက်စွာပင် ကောက်နေမိသည်။ အာရုံထဲ စိတ်ဝင်စားစွာ နှစ်မျောနေသည်ဖြစ်ရာ သူ့ကိုယ်သူပင် မေ့လျော့နေလေတော့သည်။

ပုံကြမ်းရေးဆွဲပြီးသောအခါ အံ့အားသင့်စရာတစ်ခု ဖြစ်ပေါ်လာခဲ့ရလေတော့သည်။

"ဟင် ... ဒါက ဘယ်လိုဖြစ်တာလဲ"

သူ ရေးဆွဲခဲ့သောပုံကြမ်းတွင် ရေကန်မပါ၊ ငှက်ပေါင်းစုံမပါ၊ တောင်တန်းကြီးလည်းမပါ ပါနေကြသည်က ကမ်းခြေတစ်ခုတွင် ဆိုက်ကပ်ရပ်နားလျက်ရှိသော သင်္ဘောကြီးတစ်စင်း၊ ခပ်လှမ်းလှမ်းတွင် မြင့်မားသော တောင်အလတ်စားတစ်လုံး၊ လူအချို့သည် သေတ္တာကြီးတစ်လုံးကို ကြိုးများဖြင့်ဆိုင်းကာ သယ်ယူနေကြသည်။ ကျောက်တောင်ကြီးဆီကို ဦးတည်ပြီးတော့ သွားနေကြသည်။ သူတို့အထဲတွင် ရှေ့ဆုံးမှ လူကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းဆောင်ဖြစ်ဟန်တူသည်။ ကျန်လူများသည် သူ၏တပည့်များ၊ သို့မဟုတ် သဘော်သား ပင်လယ်ဓားပြများပုံကြမ်းကို နေရင်းကပင် ပိုပြီးတော့ အံ့အားသင့်လာမိခဲ့ရသည်။

"ငါရည်ရွယ်တာက ဒီလိုဆွဲဖို့မဟုတ်ပါဘူး၊ ငါ့စိတ်ကူးပြောင်းသွားတာကို ငါလည်းမသိလိုက်ပါလား"

မိမိကိုယ်ကိုယ်ပင် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။

"အင်း ... ငါ့ရဲ့မသိစိတ်ထဲမှာ ဒီပုံကိုဆွဲဖို့အတွက် နေရာယူပြီးသား ဖြစ်နေလို့များလား၊ မသိစိတ်ရဲ့ စေစားရာအတိုင်း ငါလိုက်လုပ်နေမိတာပါလား"

သည်ကိုရောက်မှ မိမိ၏စိတ်များက ဟိုရောက် သည်ရောက်နှင့် ဖြစ်နေသည်။ ဂနာမငြိမ်သည်တော့မဟုတ်။ ယခုလိုပန်းချီဆွဲသောကိစ္စမျိုးမှာ မိမိကိုယ်မိမိ မသိခြင်းပင်။ တစ်ခဏအကြာတွင် ခြံစောင့်ကြီးဦးမောင်မောင်က နံနက်စာစားရန်လာခေါ်၍လိုက်သွားသည်။

"ဘယ်လိုလဲကွ ... ဒီနေရာကို သဘောကျရဲ့လား ဖော်"

"အေး ... ငါ့စိတ်ကြိုက်ပဲကွာ၊ ကောင်းတယ်"

လင်းပိုင်ဖော်က ဒါလောက်ပဲပြောသည်။ စိတ်က ပန်းချီ





ကားဆီကိုသာရောက်နေသည်။ ထမင်းစားပြီးသည်နှင့် အိမ်မှထွက်လာခဲ့သည်။ ရွှေရောင်စုတ်တံလေးကို သူကိုင်မိသည်နှင့် စိတ်ထဲမှာ တစ်မျိုးတစ်မည် ခံစားသွားခဲ့ရသည်။ အလုပ်ကိုမြန်မြန်ပြီးမြောက်စေရန် ဖိအားပေးနေသလိုပင်။ ထို့အပြင် မိမိဆွဲနေသည့် ပန်းချီကားကိုပင် မြန်ပြီးတော့ စိတ်ဝင်စားနေမိသည်။ ဘာများ ဆက်ဖြစ်လာလေမလဲဟု။

ဆေးစပ်သည်၊ ဆေးတင်သည်၊ စုတ်ချက်တွေက သွက်လက်မြန်ဆန်လွန်းလှသည်။ အလုပ်လုပ်နေစဉ်အတွင်း စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေသည်။ သို့သော် အရောင်တင်တာကအစ မွန်းတာကအစ အားလုံးမှန်ကန်နေသည်။ ညနေမရောက်မီမှာပင် အပြီးတိုင်ရေးဆွဲပြီး ဖြစ်သွားခဲ့လေသည်။ ထိုအခါကျမှ သူဆွဲနေသည့်ပုံကို သေချာစွာ ဆန်းစစ်မိသည်။

"ဟင်"

အံ့အားသင့်သွားသည်။ ဤသင်္ဘောကြီးသည် ပထမပန်းချီကားချပ်ထဲက သင်္ဘောကြီးပင်ဖြစ်သည်။ ရွက်တိုင်တစ်ခုကစောင်းနေသည်။ ကျန်အနေအထားများကလည်း ဖရိုဖရဲ။ အနေအထားက မုန်တိုင်းကာလကို ခက်ခဲကြမ်းတမ်းစွာ ကျော်ဖြတ်လာခဲ့ကြရသည့်အခြေအနေမျိုး။ သစ်သားများထဲမှတချို့သည် သင်္ဘောပေါ်မှာရှိနေကြသည်။ အချို့က သေတ္တာကြီးတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီးတော့ထမ်းကာ တောင်ကြီးဘက်ဆီသို့ ဦးတည်ပြီးတော့ သွားနေကြသည်။

ခေါင်းဆောင် ပင်လယ်ဓားပြကြီးကား ယခင်ပန်းချီကားထဲကအတိုင်းပင်တည်း။ လင်းပိုင်ဇော်သည် ဤသို့သောအတွေးမျိုး မည်သို့ဝင်လာခဲ့ပါလိမ့်။ ဘာကြောင့်ဆွဲမိပါလိမ့်ဟူ၍သာ ထပ်တလဲလဲပင် စဉ်းစားနေမိသည်။ တစ်ခဏအကြာတွင် ထက်မောင် ရောက်လာခဲ့လေသည်။

"ဟင် . . . မင်းဆွဲထားတာက ဒီနေရာကရှုခင်းတွေနဲ့ မဆိုင်ပါလား"

တအံ့တသြနှင့်ပြောသည်။ လင်းပိုင်ဇော်ကိုလည်း ထူးဆန်းသလိုကြည့်သည်။

"အေး . . . မင်းပြောသလိုပဲ ငါလည်း ငါ့ကိုယ်မှာ ဘယ်လိုမှ တွေးမပေါက်တော့ဘူး ကိုထက်"

"ဘာ . . . ဘယ်လိုတွေးမပေါက်တာလဲ ဇော်"

"ဒီလိုကွ . . . ငါ ဟောဒီရှုခင်းတွေကို သဘောကျလို့ လက်ရာနဲ့မှတ်တမ်းတင်မယ်လို့ ဆုံးဖြတ်ပြီးသား၊ ဒါပေမဲ့ ငါ တကယ်ဆွဲဖြစ်ခဲ့တာက အေးလေ . . . မင်းမြင်တဲ့အတိုင်းပဲ"

"အင်း . . . မင်းရဲ့နဂိုစိတ်ကူးထဲမှာ ဒီပုံကိုဆွဲမယ်ဆိုတဲ့ အစီအစဉ် ရှိထားပုံရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသင်္ဘောကြီးနဲ့





ပင်လယ်ဓားပြကြီးရဲ့ပုံတွေဟာ ပထမပန်းချီကားထဲမှာ ပါပြီးသား မဟုတ်လား"

"မင်းပြောသလို ငါ့မှာ အဲဒီလိုစိတ်ကူးမျိုးမရှိခဲ့တာ အမှန်ပဲကွ၊ ပထမပန်းချီကားကလည်း ထိုနည်းငှင်းပဲ၊ ငါ စိတ်ကူးတာကတခြား၊ ဆွဲဖြစ်တာကတခြား၊ ပြီးတော့ ဟောဒီစုတ်တံလေးကို ငါကိုင်လိုက်ရင် ပိုပြီးတော့တက်ကြွလာတယ်၊ ဆွဲရတာ ပိုပြီးတော့ သွက်လက်တယ်၊ ငါ့စိတ်က ဦးဆောင်တာမျိုးမဟုတ်ဘဲ စုတ်တံက ဦးဆောင်သွားတယ်လို့ ထင်တယ်"

ထက်မောင်က ရယ်လိုက်သည်။

"မင်းကတော့ကွာ၊ စုတ်တံကပဲ ဦးဆောင်သွားတယ်လို့ မင်းကိုယ်တိုင်က ပန်းချီဆွဲရမှာကို သိပ်ပြီးတော့ စိတ်ပါတက်ကြွနေတာမဟုတ်လား။ စိတ်သွားတိုင်းကိုယ်ပါတာပါကွာ၊ ဒါကြောင့် မို့လည်း စိတ်ခွန်အားအပြည့်ဝင်လာပြီး ပြီးအောင်ဆွဲဖြစ်သွားတာပေါ့၊ စိတ်တန်ခိုးဆိုတာ သိပ်ပြီးဆန်းကြယ်တယ်ကွ၊ မင်းလည်း ပြန်ပြီးတွေးရင် သဘောပေါက်သွားမှာပါ"

"အေးပါကွာ . . . ထားလိုက်ပါတော့၊ အဲသလိုလည်း ဖြစ်နိုင်တာပဲ"

ခြံစောင့်ကြီးဦးမောင်မောင်ကပင်လျှင် လင်းပိုင်ဇော်၏ ပန်းချီလက်ရာကိုကြည့်ပြီး ချီးမွမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူက တော်တော်ပြောင်မြောက်တဲ့ ပန်းချီကားတစ်ချပ်ကို ဆွဲနိုင်ခဲ့တာပဲ၊ ငါက ပန်းချီပညာအကြောင်း နားမလည်ပေမယ့် ဒါလောက် အသက်ဝင်တဲ့ ပန်းချီကားမျိုးကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး၊ ပင်လယ်ကမ်းစပ်က လှိုင်းပုတ်သံတွေကိုတောင် နားထဲမှာကြားလာရသလိုပဲ၊ တော်တယ်ဟေ့"

ဟု အားပါးတရပင် ပြောလေသည်။

❋

ထိုညက လင်းပိုင်ဖော်သည် မိမိဆွဲခဲ့သော ပန်းချီကားအကြောင်းကိုတွေးနေရင်း တော်တော်နှင့်အိပ်မပျော်။ သူနှင့် ထက်မောင်တို့က ခုတင်တစ်လုံးစီအိပ်ကြသည်။ ပန်းချီကားကို ခုတင်ခြေရင်းရှိ နံရံမှာချိတ်ထားသည်။ မအိပ်မီ အိပ်ရာထက်မှနေ၍ တစိမ့်စိမ့်နှင့်ကြည့်နေမိသည်။

"ပင်လယ်ကမ်းစပ်က လှိုင်းပုတ်သံတွေကိုတောင် ကြားနေရတယ်"

ဦးမောင်မောင်၏စကားသံကို ပြန်ပြီးတော့ ကြားလာခဲ့ရသည်။ ညဆယ်နာရီကျော်ကျော်တွင် မီးပိတ်သည်။ အမှောင်ထဲ





မှာ တွေးတောရင်း တော်တော်နှင့်အိပ်မပျော်။ ထက်မောင်ကတော့ ခေါင်းဦးပေါ် ခေါင်းချလိုက်သည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားခဲ့လေပြီ။ ပန်းချီကားထဲမှ ရုပ်ပုံလွှာများသည် လင်းပိုင်ဖော်၏ ခေါင်းထဲ၊ နှလုံးသားထဲသို့ စွဲမြဲစွာပင် နစ်ဝင်လာခဲ့သည်။

❋

လူမနေသောကျွန်းကြီးတစ်ကျွန်း။ အထူးသဖြင့် တောင်ကုန်းမြင့်ကြီးများ (မြေတောင်ကြီးများ) ကျောက်တောင်မြင့်ကြီးများ ပေါ်များလှသည်။ သို့သော် နက်ရှိုင်းပြန့်ပြောသော တောအုပ်ကြီးများကလည်း ရှိနေကြသည်။ လူတစ်စုသည် ကမ်းစပ်မှာ ကပ်ထားသည့် သင်္ဘောပေါ်မှနေ၍ သံသေတ္တာကြီးတစ်လုံးကို ကြိုးဖြင့် ဆိုင်းကာ အောက်ကိုချနေကြသည်။ စက်သီးဖြင့်ဆွဲပြီးချသည်ဖြစ်၍ အောက်ကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့သည်။

ပင်လယ်ဓားပြကြီးသည် သူ့တပည့်များ လုပ်ကိုင်နေပုံကို တစ်နေရာမှနေ၍ အကဲခတ်ကာ ကြည့်နေသည်။

"ဟေ့ကောင်တွေ အချိန်မရဘူး။ မြန်မြန်လေးလုပ်ကြ"

ထိုအခါ သူတို့အထဲမှတစ်ယောက်သည် ဓတ်ခနဲဆို

www.burmeseclassic.com



ဖြစ်သွားခဲ့ရပြီး ...

"ဒီထက်ပဲမြန်ရဦးမလား၊ လူတွေဗျ၊ လက်နဲ့လုပ်နေကြရတာ၊ စက်နဲ့လုပ်နေတာမဟုတ်ဘူး"

"ဘာကွ ... မင်းက ငါ့ကို ပမာမခန့်နဲ့ ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ၊ အခုချက်ချင်း ငါ့ကို ပြန်တောင်းပန်စမ်း"

"မတောင်းပန်နိုင်ဘူး ... ကျုပ်တို့ကို မတရားခိုင်းပြီး ခင်ဗျားကတော့ ရသမျှအကုန်လုံးကို လက်ဝါးနဲ့အုပ်ထားတယ်၊ မကျေနပ်ဘူး"

"ဘာ ... မကျေနပ်ဘူး၊ ဟုတ်လား၊ ဒီပစ္စည်းတွေကို ငါက လက်ဝါးကြီးအုပ်ထားတယ်လို့ပြောတာ မင်းလွန်သွားပြီ၊ မင်းတို့ကို ငါကမပေးဘဲနေလို့လား၊ ဒါ ဘုံပစ္စည်းကွ၊ မင်းတို့ အားလုံးနဲ့ ဆိုင်တယ်၊ ငါတို့တိုက်ခိုက်ပြီးရသမျှကို လုံခြုံတဲ့နေရာမှာ ဝှက်ထားတာ၊ ဒါ အားလုံးအတွက်ပဲ"

"ကျုပ်ကတော့ မယုံဘူး၊ ခင်ဗျားအတွက် စုဆောင်းထားတာပဲလို့ သဘောပေါက်ထားတယ်၊ ခင်ဗျားရဲ့နာမည် ငှက်ခါးဆိုတဲ့အတိုင်း အသားလည်းခါးတယ်၊ ကိုယ့်ရဲ့တပည့်တပန်းတွေအပေါ်မှာလည်း ခါးသီးတဲ့အပြုအမူတွေကို လုပ်နေတယ်"

"ဟေ့ ဟေ့ကောင် မီးခဲ ... မင်းလည်းပဲ ငါ့လူတွေကို ငါနဲ့မတည့်အောင်, စိတ်ဝမ်းကွဲအောင် တို့မီး,ရှို့မီး မလုပ်နဲ့၊





မင်းကို ငါကြ[illegible]နေတာ ကြာပြီ၊ မင်းကို ငါယုံကြည်လို့ လက်ထောက်အဖြစ် [illegible]နို့ထားတာ၊ ခုတော့ မင်းက မာန်တက်ပြီး ငါ့နေရာကို ဝင်ယူချင်နေတဲ့သဘောလား"

"ခင်ဗျားက မတရားလုပ်နေလို့ ဖြုတ်ချသင့်ရင် ဖြုတ်ချရမှာပဲ၊ ဒီနေရာဟာ ခင်ဗျားအတွက် သချိုင်းလည်း ဖြစ်သွားနိုင်တယ်"

ထိုအခါ ငှက်ခါးသည် မီးခဲ၏စကားကြောင့် ဆတ်ဆတ်ခါသွားခဲ့ရသည်။

"ဩော် ... မင်းက ဒီအထိတောင်ကြံစည်ပြီးမှကိုး၊ ငါ့ကို ဒါလောက်တောင် သေစေချင်နေတာလား၊ မကျေမနပ်ဖြစ်နေတာလား၊ အေး ... ငါကလည်း ရန်သူ့ဓားအောက်မှာ ဘယ်တော့မှ လည်စင်းခံမယ့်ကောင် မဟုတ်ဘူးကွ၊ ပြီးတော့ ငါက တစ်ကောင်ကြွက်သမား၊ သံယောဇဉ်မရှိဘူး၊ ဒါကြောင့် ဒီပစ္စည်းတွေကို မင်းတို့ကလွဲပြီး ဘယ်သူ့ကိုမှ ခွဲပေးစရာမရှိဘူး၊ ဒါပေမဲ့ မင်းက ငါ့ကို တစ်ကိုယ်ကောင်းသမားလို့ တစ်ဖက်သတ် ပုတ်ခတ်ပြီး ဒီပစ္စည်းတွေအပေါ်မှာ လောဘက တက်နေတယ်၊ ငါ မသိရင် ခက်မယ်၊ မင်း အခုနေ စောစောကစကားတွေကို ပြန်ပြီးတော့ ရုပ်သိမ်းရင် ငါ အသက်ချမ်းသာပေးမယ်"

"ဟား ဟား ဟား ဟား ... ကျုပ်က ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ တောင်းပန်ရမှာလဲ၊ ခင်ဗျားသာ ဒူးထောက်လိုက်ပါ၊ အသက်ကိုမသတ်ဘဲ လှေတစ်စင်းပေါ်တင်ပြီး ပင်လယ်ထဲ လွှတ်ပေးလိုက်မယ်''

''ကျားသနားမှ နွားချမ်းသာရာရမယ်ပေါ့ ... ဟုတ်လား။ ဒါပေမဲ့ ကျားက ငါ၊ မင်းက နွားဖြစ်နေတယ်၊ ဒါကို မင်း သဘောမပေါက်ဘူး ထင်တယ်''

''ဟော့လူ ... ခင်ဗျား ကျုပ်ပြောသလိုလုပ်၊ အခုချက်ချင်း ဒူးထောက်လိုက်စမ်းပါ၊ ခင်ဗျားရဲ့လူတစ်ဝက်က ကျုပ်လူတွေ ဖြစ်ကုန်ပြီ၊ ကျုပ်ရဲ့အုပ်ချုပ်မှုကိုပဲ လိုလားကြတယ်၊ အဲဒီတော့ ကျုပ် စောစောကပြောတဲ့အတိုင်း လှေတစ်စင်းနဲ့ ရွက်လွှင့်မလား ဒါမှမဟုတ် အားလုံးရဲ့ရှေ့မှာ ပိုးစိုးပက်စက်နဲ့ အသေခံမလား ... စဉ်းစား၊ အင်း ... ပြောမယ့်သာပြောရတယ်၊ ဒီနေရာဟာ ခင်ဗျားအတွက် ထာဝရလဲလျောင်းရာ အကောင်းဆုံးနေရာပဲ၊ အားမငယ်ပါနဲ့ ... ပင်လယ်ဓားပြကြီးငှက်ခါးကို ဂုဏ်ပြုတဲ့အနေနဲ့ ငှက်ခါးကျွန်းလို့ အမည်လှလှလေးပေးပြီး မှတ်တိုင်စိုက်ပေးခဲ့ ...''

'ဒိုင်း'

''အား''

မီးခဲသည် ကိုယ်တစ်ပတ်လည်ထွက်သွားသည်။ ထို့





နောက် မြေပြင်ပေါ်ကို ပစ်ကျသွားကာ သေဆုံးသွားခဲ့လေ၏။ ငှက်ခါးသည် ယမ်းငွေ့တွေ ထွက်နေဆဲရှိသေးသောသေနတ်ကို ကိုင်ထားဆဲ။ ပြောင်းဝမှ တလူလူဖြင့်ထွက်နေသော ယမ်းငွေ့များကို လေနဲ့ ဖူးခနဲနေအောင် မှုတ်ထုတ်လိုက်သည်။

''ကျည်တစ်တောင့် အလဟဿဖြစ်သွားတယ်၊ နမြော လိုက်တာကွ၊ ဒီလိုကောင်မျိုးကို ကြိုးတုပ်ပြီး ပင်လယ်ထဲ ပစ်ချခဲ့ရမှာ''

ငှက်ခါးသည် တုန်လှုပ်ချောက်ချားနေကြသော သူ့လူများကို တစ်ယောက်စီ လိုက်ပြီးတော့ကြည့်ကာ ...

''မီးခဲနဲ့ အလွှမ်းသင့်နေတဲ့ကောင်တွေ ဘယ်သူတွေလဲ၊ ဒီအထဲမှာပါရင် ထွက်ခဲ့ကြ''

တစ်ယောက်မှ မလှုပ်ကြ။ သူတို့သည် ငှက်ခါး၏ ရက်စက်မှုကို ကောင်းကောင်းသိထားကြ၍ဖြစ်သည်။

''ဟေ ... ပြောကြလေကွာ ငါမေးနေတာကို''

''ဆရာကြီးကို ဘယ်သူမှ ဆန့်ကျင်ရဲကြတာ မဟုတ်ပါဘူး၊ မီးခဲက သူပြောချင်ရာတွေကိုသာ လျှောက်ပြောနေတာပါ''

တစ်ယောက်က အရဲစွန့်ကာ ဝင်ပြောလိုက်သည်။

''ဒါ အမှန်ပဲလား''

''အမှန်ပါပဲ ဆရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဆို ပြီးရော၊ ဒီကောင့်ကို နမူနာယူပြီး ကြံစည်ဖို့ စိတ်မကူးကြနဲ့၊ ငါက မင်းတို့ကို ပစ်ထားမှာမဟုတ်ဘူး။ မမိုက်ကြနဲ့၊ ကဲ ... လုပ်စရာရှိတာကို ဆက်လုပ်ကြ"

ဟုပြောကာ ငှက်ခါးက ရှေ့မှ ထွက်သွားခဲ့လေသည်။

❂❂❂



## အခန်း (၄)

## တောထဲကအိမ်ကြီး

လူတွေကိုလည်း မြင်နေရသည်။ နားထဲမှာလည်း ကြားနေရသည်။ ငွေ့ ာက်လျက်လဲကျသေဆုံးနေသော မီးခဲ၏သဏ္ဍာန်၊ သွေးအေးအေးနှင့် ရက်စက်တတ်သော ပင်လယ်ဓားပြကြီးငှက်ခါး၏ ညှာတာမှုကင်းမဲ့သော အမူအရာ၊ သဘော်သားတစ်စု၏ ချောက်ချားနေကြသော မျက်နှာများ။ ထို့နောက် ယင်းမြင်ကွင်းတို့သည် မှုန်ဝါးလာကာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေသည်။

လင်းပိုင်ဖော်သည် လန့်နိုးလာခဲ့ရပြန်သည်။ အခန်းထဲမှာ မှောင်မည်းနေသည်။ ထက်မောင်၏အသက်ရှူသံကိုတော့ မှန်မှန် ကြားနေရသည်။ ခေါင်းဦးအောက်မှ လက်နှိပ်ဓာတ်မီးကို



www.burmeseclassic.com

www.burmeseclassic.com



စမ်း လိုက်သည်။ အိပ်လျက်ကပင် အခန်းထဲကို လိုက်ထိုးကြည့်မိလိုက်သည်။

"အင်း . . . ကျွန်းတစ်ကျွန်းပေါ်ကို ငါရောက်နေတာမှ မဟုတ်ဘဲ"

အိပ်မက်က သူ့ကိုဖမ်းစားထားဆဲ။ တကယ်ကြုံတွေ့ခဲ့ရသလို ခံစားနေမိရသည်။ ခုတင်ခြေရင်းတွင် မနက်က လတ်လတ်ဆတ်ဆတ် ရေးဆွဲထားသော ပန်းချီကားကို ချိတ်ဆွဲထားသည်။ ယင်းပန်းချီကားထဲကပုံတွေအတိုင်း အိပ်မက် မက်ခဲ့ခြင်းပင်။ မစွဲလမ်းပဲ၊ ရည်ရွယ်ချက်မရှိဘဲ ဆွဲခဲ့သောပန်းချီကား၏ အိပ်မက်ထဲမှာ သက်ဝင်လှုပ်ရှားမှု သူ့ကိုယ်သူပင် အံ့အားသင့်မိရသည်။

သူ့စိတ်က ဒါလောက်တောင် အညှာလွယ်ရသလား။ မိမိဆွဲခဲ့သည့် ပန်းချီအတွက် အပြင်မှာပဲထားခဲ့ရမှာကို မည်သည့်အတွက်ကြောင့် အိပ်စက်ကမ္ဘာထဲအထိ ယူဆောင်သွားခဲ့ရပါသလဲ။ မနက်မိုးလင်းသော် လက်ဖက်ရည်သောက်ရန် အိပ်မက်အကြောင်းကို ပြောပြမိလိုက်သည်။

"အင်း . . . မင်းကတော့ကွာ စိတ်ကူးမရှိဘဲနဲ့လည်း ဒီလိုပန်းချီကားမျိုးကို ဆွဲဖြစ်လာ၊ ဆွဲပြီးပြန်တော့လည်း အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ပန်းချီကားပါအကြောင်းအရာတွေက





ဖာတ်လမ်းတွေ ဖြစ်ကုန်ရော၊ အံ့ဩစရာပဲကွာ"

"အေး . . . မင်းပြောမယ်ဆိုလည်း ပြောစရာပဲကွာ၊ ငါလည်း ဒီကိုရောက်မှ ဘယ်လိုဖြစ်နေသလဲ မသိပါဘူး . . . ထူးထူးဆန်းဆန်းတွေချည်းပဲ ဖြစ်ဖြစ်နေတယ် ကိုထက်ရာ"

ထိုအခါ လက်ဖက်ရည်ပွဲပြင်ပေးနေသည့် ဦးမောင်မောင်က သူတို့ပြောနေကြသောစကားများကို အလုံးစုံမှတ်သားပြီး . . .

"ရေပြောင်းမြေပြောင်းမို့လို့ စိတ်ကူးဆန်းဆန်းတွေလည်း ပြောင်းသွားခဲ့တာ ထင်ပါရဲ့ကွာ၊ အမှတ်တရလေးတွေ ဖြစ်သွားခဲ့တာပေါ့"

"အင်း . . . ဒီလိုပဲထင်မှတ်ရတော့မလားမသိပါဘူး ဦးရယ်"

[အမှတ်တမဲ့နှင့်ပြောဖြစ်လိုက်ကြသော ထိုစကားများသည် နောင်အခါ အမှတ်တရကိစ္စကြီးများ ဖြစ်လာခဲ့ကြသည်ဟု ဆိုပါလျှင်]

ခြံထဲတွင် ငါးရက်ခန့်နေဖြစ်ခဲ့ပြီး ထက်မောင်နှင့်အတူ အိမ်ကိုပြန်လာခဲ့လေသည်။ တိုတောင်းသောရက်ပိုင်းအတွင်းမှာ ပန်းချီကားနှစ်ချပ်ကို ရေးဆွဲပြီးခဲ့လေပြီ။ သူသည် ပန်းချီကားတစ်ချပ်ကိုပင်လျှင် တစ်ခါတစ်ရံ လနှင့်ချီပြီတော့ ဆွဲတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောပြီးလျှင် ဆယ်ရက်တစ်ပတ် အလွန်ဆုံးပင်။ ဒုတိယပန်းချီကားက တစ်ရက်တည်းနှင့် ပြီးအောင်ဆွဲခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ်ပင် အံ့အားသင့်၍မဆုံး ဖြစ်မိခဲ့သည်။

"ငါတော့ မင်းရဲ့ခြံကြီးကို သဘောကျတယ်ကွာ၊ အကျယ်ကြီးပဲ၊ သီးပင်စားပင်တွေကလည်း အစုံအလင်နဲ့၊ ဒါပေမဲ့ မင်း ဒီမှာ နေနေရတာကြာတော့ ပျင်းမလာဘူးလား"

"ရောက်ခါစကတော့ ပျင်းတယ်ကွ၊ တစ်နှစ်အတွင်းမှာ နေသားကျသွားတယ်၊ ခုတော့ ငါလည်း သဘောကျလာခဲ့ပြီကွ"

"မနက်ဖြန် ကောလီမှာ ၁၅ ရက်ဈေးရှိတယ်ကွ ... ငါတို့သွားကြရအောင်"

"ဟေ ... ဟုတ်လား၊ အေး ... ငါလည်း ဒါမျိုး မကြုံဖူးသေးဘူးကွ၊ အတွေ့အကြုံရတာပေါ့ကွာ"

✺

ကောလီ၏ ၁၅ ရက်တစ်ကြိမ် ဈေးနေ့။ နှစ်ယောက်အတူ ထိုနေရာကို ဆိုင်ကယ်နှင့်ရောက်လာခဲ့ကြသည်။ ဈေးကစည်ကားလှသည်။ တောင်ပေါ်၊ မြေပြင်မှ တိုင်းရင်းသားပေါင်းစုံ





တို့ လာရောက်ရောင်းချကြသည်။ ဈေးပွဲတော်၊ သစ်သီးဝလံများကအစ အမဲကောင်များ၊ ဆေးမြစ်ဆေးဥများ၊ ပျားရည်၊ သားကောင်တို့၏အရေများ စသည် စသည်တို့ကအစ အမျိုးပေါင်းစုံလင်လှပေသည်။

ပျိုပျိုအိုအို တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ကိုလည်း တွေ့ရ၍ စိတ်ကြည်နူးစရာပဲဖြစ်သည်။

"ငါတို့ လျှောက်ကြည့်ရအောင်၊ အပြန်ကျမှ အိမ်မှာချက်စားဖို့ တစ်ခုခု ဝယ်သွားကြတာပေါ့ကွာ"

ဆိုင်ကယ်ကို တစ်နေရာမှာအပ်ထားခဲ့ပြီး ဈေးလမ်းမကြီးဆီကို ထွက်လာခဲ့ကြသည်။ အချို့ဆိုလျှင် မျောက်၊ မြွေ၊ ရှဉ့် စသည့် သားကောင်အရှင်များကိုပင် ရောင်းချကြသည်။ လင်းပိုင်ဇော်သည် မိမိ တစ်ခါမှမကြုံဖူးသော ဈေးနေ့ကို စိတ်ဝင်စားစွာဖြင့် လိုက်ကြည့်ရင်း တစ်နေရာကိုအရောက်တွင် ...

"ဟင်"

အံ့အားသင့်စရာတစ်ခုကို မြင်တွေ့လိုက်ရသည်။ ထို့ကြောင့် ချက်ချင်းပင် ထိုနေရာက ထွက်သွားခဲ့လေသည်။

"ဟာ ဟေ့ကောင် ဇော်၊ မင်း ဘယ်ကိုလဲကွ"

ထက်မောင်သည် အတူရှိနေရာက တစ်ယောက်တည်း ထွက်သွားသော လင်းပိုင်ဇော်ကို နောက်မှနေ၍ လှမ်းပြီးတော့

www.burmeseclassic.com



ခေါ်လိုက်သည်။ သို့သော် လင်းပိုင်ဖော်သည် နောက်ကို လှည့်မကြည့်တော့။

လူအုပ်ကြားထဲတွင် အမျိုးသမီးကြီးတစ်ယောက် ကျောမေပးကာသွားနေသည်။ လက်မောင်းတွင် ကြိမ်ခြင်းတစ်ခုကို ချိတ်ထားသည်။ လင်းပိုင်ဖော်သည် ထိုအမျိုးသမီးကြီးကို ကောင်းစွာပင် မှတ်မိနေသည်။

"အမေ အမေ"

နောက်မှနေ၍ အော်ခေါ်ကာ လိုက်သွားသည်။ သို့သော် လူတွေကြားထဲမှာ အသံဗလံတွေက မျိုးစုံမို့ မကြားလေရော့သလား။ အမျိုးသမီးကြီးသည် ဟိုတစ်ခါ တွေ့ဖူးစကလိုပင် ခြေလှမ်းတွေ မှန်ကန်အေးဆေးစွာဖြင့် လျှောက်သွားနေသည်။ လင်းပိုင်ဖော်သည် သွက်လက်သောခြေလှမ်းများဖြင့် လိုက်သွားသော်လည်း ...

"ဟင် ဘယ်ရောက်သွားပါလိမ့်"

အမျိုးသမီးကြီးကို မတွေ့ရတော့ပေ။ အံ့အားသင့်သွားမိသည်။

"ရှင်းရှင်းလေးနဲ့ ပျောက်သွားတယ်ကွာ"

"ဘာကို ရှင်းရှင်းလေးနဲ့ ပျောက်သွားတာလဲ ဖော်"

ထက်မောင်က မီလာပြီးမေးလိုက်သည်။





"ဟာ ကိုထက် ... ဒီလိုကွ၊ ငါ့ကို စုတ်တံပေးခဲ့တဲ့ အမျိုးသမီးကြီးလေ၊ သူ့ကို တွေ့လိုက်တာကွ၊ ငါ နောက်ကနေ တောက်လျှောက်လိုက်လာခဲ့တာတောင် မမီတော့ဘူးကွာ"

"သူ ဟုတ်ကောဟုတ်ရဲ့လားကွာ၊ လူမှားတာများ ဖြစ်နေမလား"

"မမှားနိုင်ပါဘူးကွာ၊ ဒီအဝတ်အစား၊ ဒီခြင်းတွေ ဈေးထဲ ကိုလာတယ်ဆိုတော့ ဘယ်မှာနေသလဲတော့မသိဘူး"

"ဒီအနီးအနားတစ်ဝိုက်ကပဲဖြစ်မှာပေါ့ကွာ၊ သူက ဘယ်ရောက်သွားမှန်းမသိဘဲ လိုက်ရှာပနေနဲ့တော့၊ လာ"

ထက်မောင်သည် လင်းပိုင်ဖော်ကို ဆွဲခေါ်သွားသည်။ ထို့နောက် ဈေးထဲလှည့်ပတ်ကြည့်ရှုကြကာ ဝယ်စရာရှိသည်ကို ဝယ်ပြီး ပြန်လာခဲ့ကြလေသည်။

✺

လင်းပိုင်ဖော်သည် ထိုအမျိုးသမီးကြီးကို မည်သည့်အတွက်ကြောင့် စိတ်ဝင်စားနေမိရသလဲ မပြောတတ်ပေ။ သူ့ကို လက်ဆောင်ပေးခဲ့သည့် ရွှေရောင်စုတ်တံလေးကို အကြောင်းပြု

www.burmeseclassic.com



ပြီး ကျေးဇူးတင်နေမိသောကြောင့်ပဲ ဖြစ်မည်ထင်သည်။ ယခု သူနေနေသော ခြံကြီးသည် ကျယ်ဝန်းသည်၊ ဘေးအနီးပတ်ဝန်း ကျင်မှာလည်း ခြံကျယ်ကြီးများနှင့် နေထိုင်ကြသူများမို့ သီးခြား ဆန်နေကြသည်။

သူ့အလုပ်၊ ကိုယ့်အလုပ်နှင့်မို့ အကြောင်းရှိမှသာ ခေါ် ပြောကြသည်။ သို့သော် ထက်မောင်၏ခြံသည် အစွန်ဘက်ကျ သည်။ ဟိုဘက်ကို ရာဘာခြံနှင့် တောတန်းကြီးသာရှိတော့သည်။ ထက်မောင်သည် အိမ်မှာ အမြဲမနေ တစ်ခါတစ်ရံမှာ သူပိုင်ဆိုင် သော ခြံတွေများဆီကို ဆိုင်ကယ်တစ်စီးနှင့် ပျောက်သွားနေ တတ်သည်။ ထိုအခါ အိမ်တွင် လင်းပိုင်ဖော်တစ်ယောက်တည်း ကျန်နေတတ်သည်။ စာဖတ်ချင်ဖတ်နေ၊ အိပ်ချင်အိပ်နေ သို့ မဟုတ် အိမ်ပေါ်ပြတင်းကနေ လှမ်းပြီးတော့ကြည့်လျှင် တောတန်း ကြီးကို မြင်နေရသည်။ တစ်ရက်တွင် ...

''ငါခြံဘက်ကို သွားဦးမယ်ကွာ၊ မင်း လိုက်ခဲ့ပါလား ဖော်''

''ငါ ဒီကနေ့ ဟိုဘက်ကိုသွားချင်လို့ကွ၊ တောတန်း လေးက သာယာတယ်ကွာ၊ ငါ လေ့လာမလို့''

''နောက်နေ့မှ ငါနဲ့သွားပါလားကွာ၊ ငါတောင် အဲဒီ ဘက်ကို မရောက်ဖူးသေးဘူး၊ အဲဒီနေရာက သဘောတရားကို





ငါ လည်းမသိဘူး၊ မင်းတစ်ယောက်တည်း မသွားပါနဲ့ ဖော်''

''သိပ်ထူးထူးခြားခြားတွေ ရှိမယ်မထင်ပါဘူးကွာ၊ မင်း မစိုးရိမ်ပါနဲ့''

''အေး ... ဒါဆို မင်း သွားချင်ရင် သတိထားပြီးသွား ကွာ၊ ငါ သိပ်မကြာဘူး၊ ပြန်လာခဲ့မှာ''

ထက်မောင်သည် လင်းပိုင်ဖော်ကို မှာစရာရှိသည်ကို မှာခဲ့ပြီးနောက် ဆိုင်ကယ်ဖြင့် ထွက်သွားခဲ့လေသည်။ တစ်ခဏ အကြာတွင် လင်းပိုင်ဖော်သည်လည်း ခြံတံခါးကိုပိတ်ကာ ထွက် လာခဲ့သည်။ ခြံဆက်များနှင့် တဖြည်းဖြည်း ဝေးလာခဲ့သည်။ တောရိပ်တောင်ရိပ်များက သူ့ကို သာယာမှုများဖြစ်စေသည်။ လတ်ဆတ်သောလေကို ရှူရှိုက်ရသောကြောင့်လည်း နံနက်ခင်း ကာလမှာ ပိုပြီးတော့ လန်းဆန်းမှုကို ဖြစ်စေသည်။

လမ်းမှန်မှန်လျှောက်နေရင်းက တစ်ခါက အမျိုးသမီး ကြီးနှင့် တွေ့ဖူးခဲ့သောနေရာကို ရောက်လာခဲ့လေသည်။

''ဒီနေရာမှာ ငါ ဟို အမေနဲ့ အမှတ်မထင်ဆုံတွေ့ခဲ့ ရတာ၊ သူ ဒီလမ်းက သွားလာနေကျ ထင်ပါရဲ့''

အမျိုးသမီးကြီးကို တွေ့လိုတွေ့ငြား မျှော်လင့်နေမိလိုက် သေးသည်။ သို့သော် အရိပ်အယောင်သော်မှ မတွေ့ရပါလေ၊ တောတန်းလေးဘက်ဆီကိုမသွားဘဲ နေရာကလည်းပြန်လျှင်

www.burmeseclassic.com



ကောင်းမည်လားဟု စဉ်းစားမိလိုက်သေးသည်။

"ဟင် ... ရောက်လာမှတော့ မထူးတော့ပါဘူးလေ၊ ခဏတော့ လျှောက်လိုက်ဦးမယ်"

ဆက်လျှောက်လာခဲ့သည်။ သည်လိုနှင့် တောစပ်ဆီကို ရောက်လာခဲ့လေသည်။ တောထဲကို ဝင်သင့် မဝင်သင့် စဉ်းစားမိလိုက်သည်။ မိမိသည် ရန်ကုန်မှာ ကြီးပြင်းလာသူမို့ တောတောင်ရှုခင်းများနှင့် စိမ်းသည်။ စိမ်းပေမင့်လည်း နှစ်သက်သဘောကျမိသည်။ ခုလို တစ်ယောက်တည်း သွားလာရသည်ကို ပိုပြီးတော့ သဘောကျသည်။ စိမ်းစိုသော တောတန်းကြီးကလည်း သူ့ကို ညှို့ယူကာ ခေါ်နေလေသည်။ ထို့ကြောင့် နောက်ကြောင်းကို ပြန်မလှည့်ဘဲ ခြေလှမ်းတွေက ရှေ့ကိုသာ တိုးလာခဲ့လေသည်။

တကယ်တော့ တောသည် သိပ်မထူထပ်သော်လည်း လူသွားလူလာ နည်းပါးပုံရသည်။ အထဲကို တောက်လျှောက်ဝင်လာခဲ့သည့်တိုင် လမ်းမှာ တစ်ယောက်တလေကိုသော်မှ မတွေ့ရပေ။ ဤအရပ်တွင် မြူနှင်းများက အမြဲလိုလိုပင် ကျနေတတ်သည်။ ယခုလည်းပဲ မြူပါးပါးတို့က ဝေနေကြလေသည်။ ကြည့်နေရင်းကပင်လျှင် ပိုပြီးတော့ အကျစိပ်လာခဲ့သလို ထင်ရသည်။





လင်းပိုင်ဖော်သည် သစ်ပင်ကြီးများအကြားက အနိမ့်မြင့်ဆီသို့ မသိမသာ ဆင်းလာမိခဲ့သည်။ စိတ်ထဲတွင် မိမိကို တစ်ယောက်ယောက်က စောင့်ကြည့်နေသလို ခံစားလာမိသည်။ ဤတောသည် သာယာသည်၊ သွားလာ၍ကောင်းသည်။ လူသူအသွားအလာမရှိဘူး ဟူသည်က မဖြစ်နိုင်။ သူ့နေရာနှင့်သူတော့ အသုံးဝင်ပါလိမ့်မည်။ မိမိလို လူစိမ်းတစ်ဦးကို မည်သူက အကဲခတ်ကာ ကြည့်နေပါသလဲ။

စိတ်ထဲမှာ သံသယဝင်လာမိသည်။ ဆက်လျှောက်မြဲလျှောက်လာခဲ့လေရာ မြူတွေကြားမှာ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုကို အမှတ်မထင် မြင်တွေ့လိုက်ရသည်။ ရှေ့ကို ခပ်မြန်မြန်ခြေလှမ်းနှင့်တိုးပြီး သေချာစွာ အကဲခတ်မိသောအခါကျမှ အဆောက်အအုံကြီးတစ်ခု ဖြစ်နေသည်ကို သိလိုက်ရလေတော့သည်။

"ဟင် ... လူနေအိမ်ကြီးတစ်လုံးပါလား"

လင်းပိုင်ဖော် အံ့အားသင့်သွားခဲ့ရလေသည်။ အိမ်ကြီးသည် အောက်ပိုင်းတစ်ဝက်က ဂဝံအုတ်နီများဖြင့် ဆောက်ထားသည်။ အပေါ်ကိုတော့ ပျဉ်ထူထူများဖြင့် ဆောက်ထားလေသည်။ ကျွန်းကဲ့သို့ အကောင်းစားပျဉ်များ ဖြစ်ပုံရပြီး ရေနံဝနေသောကြောင့် မည်းမှောင်နေလေသည်။ ခေါင်ကစောက်ပြီး မြင့်မားလှသည်။ အမိုးသည်လည်း အုပ်ကြွပ်များဖြင့် မိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှစ်ပရိစ္ဆေဒများစွာ ကြာခဲ့ပြီဖြစ်၍ နီညိုရောင်ညစ်ညစ် အသွင်သို့ ပြောင်းနေကြလေသည်။ မီးခိုးခေါင်းတိုင်ကြီးတစ်ခု ကလည်း အိမ်အမိုးကိုပင် ကျော်လွန်လျက်ရှိနေလေသည်။ သို့သော် မီးခိုးများထွက်ခြင်းမရှိဘဲ လှုပ်ရှားမှုကင်းမဲ့လျက်ရှိသည်။

"ဒီနေရာမှာ အိမ်ကြီးတစ်လုံးရှိနေတာ အံ့အားသင့်စရာပဲ၊ ဆောက်ထားတာကလည်း မြန်မာမဆန်ဘူး"

လင်းပိုင်ဖော်သည် စိတ်ဝင်စားမိသည်ဖြစ်၍ ရှေ့ကိုတိုးကာ လျှောက်လာခဲ့လေသည်။ လေတစ်ချက် ခပ်ကြမ်းကြမ်း တိုက်လိုက်သည်နှင့် မြူများက လွန့်လူးသွားခဲ့ကြသည်။ ထိုအခါ အုတ်တံတိုင်းကြီးတစ်ခုကို မြင်လိုက်ရသည်။ တံတိုင်းသည် ဟောင်းနွမ်းနေပြီဖြစ်သော်လည်း မပျက်စီးသေးပေ။ တံခါးကိုလည်း တွေ့လိုက်ရသည်။ ကြေးဝါတံခါးကြီးဖြစ်သည်။ လက်ဖြင့် အသာတွန်းကြည့်လိုက်ရာ ...

'ကျွီ'

တံခါးပတ္တာများ၏မြည်သံများက ထွက်ပေါ်လာခဲ့ကြသည်။ တံခါးရွက်နှစ်ခုသည်လည်း ခပ်ဟဟပင် ပွင့်သွားခဲ့ကြလေသည်။ သူသည် အထဲကိုဝင်သင့် မဝင်သင့် ချိန်ဆနေမိသေးသည်။ သို့သော် အိမ်ကြီးက သူ့ကို ဆွဲဆောင်နေသည်၊ ညို့ယူနေသည်။ စူးစမ်းလိုစိတ်ကလည်း ရှိနေသည်။ ထို့ကြောင့်





စိတ်ဆုံးဖြတ်ခြင်း မပြုရသေးမီမှာပင် ခြေလှမ်းတွေက ခြံထဲကို လှမ်းနေခဲ့လေပြီ။

အုတ်လှေကားထစ်အနည်းငယ်ကို တက်ရသည်။ အိမ်မကြီးတံခါးက သူ့ကိုဆီး၍ ကြိုနေသည်။ မင်းတုပ်များချထားလေသလား။ အပြင်ဘက်ကတော့ သော့ခတ်မထားပေ။ လက်နှင့် ခပ်ဆဆလေး တွန်းကြည့်မိလိုက်ရာ ...

'ကျွီ'

တံခါးရွက်များက လွယ်ကူစွာပင် ပွင့်သွားခဲ့ကြလေသည်။ အထဲကို မဝင်သေးဘဲ ခေါင်းထိုးပြီးတော့ ကြည့်မိလိုက်သည်။ အပြင်နှင့်အတွင်းမြင်ကွင်းက မတူ။ အထဲတွင် ပါရှန်းကော်ဇောကို ခန်းလုံးပြည့်ခင်းထားသည်။ မြစ်ဆုံစားပွဲကြီးတစ်လုံးနှင့် ကြိမ်ကုလားထိုင်များကို အခန်း၏အလယ်မှာချထားသည်။ အားလုံး ကြက်သွေးရောင်များဖြစ်ကြပြီး မြစ်ဆုံစားပွဲကြီးသည် ဖြတ်ပိုင်းထားသည့်နေရာတွင် အပွေး၊ အရစ်များက ထင်ရှားစွာပင် ပေါ်လွင်နေကြသည်။ လှပသောလက်ရာအဖြစ် ဖော်ကျူးထားလေသည်။ စားပွဲကို လက်နှင့်ပွတ်သပ်ကြည့်ရာ ဖုန်များ ကပ်နေခြင်းမရှိ။

ထို့ကြောင့် လူနေသည်၊ လူရှိသည်ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းနေလေသည်။ တစ်နေရာတွင် မတ်တတ်မှန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များ ကိုတွေ့လိုက်ရသည်။ အချို့သည် စာအုပ်ဗီရိုကြီးများပင်။ ဗီရိုများ၏အနားကို ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသည်။ အရောင်များက ကြက်သွေးရောင်များပင်။ လင်းပိုင်ဇော်၏ အကြည့်သည် ဗီရိုများ၏အထက်နံရံဆီကို ရောက်သွားခဲ့သည်။ ပန်းချီကားချပ်များကို တွေ့လိုက်ရသည်။ ရွှေဘောင် ငွေဘောင်များ ကွပ်ထားသည်။

ရေးဆွဲထားသော ပန်းချီများသည် စိတ်ဝင်စားစရာကောင်းလှသည်။ ရှေးရဲတိုက်ကြီးများ၊ လင်းနို့ကိုယ်နှင့်လူခေါင်း တပ်ဆင်ထားကာ ပျံသန်းနေကြသော အမနုဿများ၊ သုသာန်တစ်ခု၏မြင်ကွင်း၊ သောင်တင်နေသော သင်္ဘောပျက်ကြီးတစ်စီး အစရှိသည်ဖြင့် မိမိတစ်ခါမှ မမြင်ဖူးသောလက်ရာများပင် ဖြစ်သည်။ ယင်းပန်းချီကားချပ်များ၏အပေါ်တွင် တွေ့လိုက်ရသော ပန်းချီကားတစ်ချပ်က သူ့ကို ပိုပြီးတော့ အံ့အားသင့်သွားစေခဲ့သည်။ ယင်းကား ပင်လယ်ဓားပြကြီးတစ်ဦး၏ ရုပ်တုပင်တည်း။

''ဟင် ...ဒီ ဒီပုံဟာ''

သူ့အတွေးက မဆုံးမီမှာပင်လျှင် ...

''ဩော် ...ဧည့်သည်ရောက်နေတာကိုး''

အသံတစ်သံက တစ်နေရာမှ ထွက်ပေါ်လာခဲ့လေသည်။

❂ ❂ ❂



## အခန်း (၅)

## ဝိဘဇ္ဇစုတ်ချက်များ

လင်းပိုင်ဇော်သည် နောက်ကိုလှည့်ကြည့်မိလိုက်သည်။

''ဟင် ...အမေ''

သူ အံ့အားသင့်သွားမိသည်။ အခြားသူမဟုတ်။ မကြာသေးမီက သူနှင့်ဆုံဖူးခဲ့သော အမျိုးသမီးကြီးပင်။ သူမသည် ယခုနေကြည့်တော့ ဟိုနေ့ကလို သိပ်ပြီးတော့ အသက်ကြီးနေပုံမျိုးမဟုတ်။ မျက်နှာပြင်ထက်တွင် အရေးအကြောင်းတို့က ပေါ်မနေ။ အသက်သည် ဆယ်နှစ်ကျော်ကျော်လောက်မက ပြန်ပြီးတော့ ငယ်သွားသလားဟု။ သို့သော် စိတ်ထဲမှာတော့ ဟိုနေ့က တွေ့ခဲ့သည့် အမျိုးသမီးကြီးပဲဟု အလိုလိုပင် သိနေလေသည်။

ဈေးထဲတွင် နောက်ကျောဘက်က လှမ်းမြင်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခါးအနည်းငယ်ကိုင်းနေသည်ဟု ထင်သည်။ ယခုတော့ ခါးသည် ဖြောင့်မတ်နေသည်။ ဆံပင်ကိုတော့ တစ်ပတ်လျှို ထုံးထားသည်။ မျက်နှာပေါ်မှာ အခြယ်အမှုန်း အနည်းငယ်သာ တင်ထားသည်။ သို့သော် အသားအရေသည် လတ်ဆတ် တင်းရင်းနေလေသည်။ ဝတ်ထားသည်က အစက်အပြောက်များ ပါသော အင်္ကျီလက်ရှည်ပေါ်တွင် သိုးမွှေးအနွေးထည်ကို ထပ်ဝတ်ထားသည်။ သရက်ထည်ထဘီနှင့်။

သို့သော် အမျိုးသမီးကြီးကို အခုမှ သေချာစွာကြည့်မိသည်။ အနောက်တိုင်းသွေး နှောနေသလားဟု။ ပျို့ခြင်း၊ အိုခြင်း တစ်လှည့်စီပြောင်းလဲနေသလားဟု ထင်မိရသည်။

"အံ့အားသင့်စရာပဲ၊ အမေက ဒီမှာနေတာလား"

မအောင့်အည်းနိုင်တော့ဘဲ မေးမိလိုက်သည်။ သူမက ပြုံးပြီးတော့ ခေါင်းညိတ်လိုက်လေသည်။ ယင်းအပြုံးသည် မဟာဆန်သည်၊ နှစ်လိုဖွယ်ရာဖြစ်သည်။

"ကျွန်တော် ဟိုတစ်ရက်ကတောင် ဈေးနေ့မှာ အမေ့ကို တွေ့မိလိုက်သေးတယ်၊ ကျွန်တော် နောက်ကနေလိုက်သွားတော့ မတွေ့ရတော့ဘူး"

"သား လူမှားနေတာ ဖြစ်ပါလိမ့်မယ်ကွယ်၊ အမေက ဒီလို လူစည်ကားတဲ့နေရာတွေကို မသွားတတ်ပါဘူး"





သူမက ငြင်းဆိုသဖြင့် အံ့အားသင့်သွားခဲ့ရသည်။ ဤအမျိုးသမီးကြီးပဲဟု အတတ်ထင်နေမိရာက မှန်းချက်လွဲသွားသောကြောင့်ပင်။

"ဪ . . . ဟုတ်လား၊ ကျွန်တော်က အမေပဲလို့ ထင်နေတာ၊ ဒါဆို ကျွန်တော်က အမေနဲ့တူတဲ့လူတစ်ယောက်နဲ့ မှားသွားတာပေါ့၊ ကျွန်တော် အိမ်ထဲကို ခွင့်မရဘဲ ဝင်လာမိခဲ့တဲ့အတွက် ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်ကွယ်၊ စူးစမ်းစိတ်ရှိလို့ ရောက်လာခဲ့တာပဲ မဟုတ်လား၊ ပြီးတော့ သားက တည်ကြည်ရိုးသားပါတယ်၊ ဟော့ဟော့ရမ်းရမ်းထဲက မဟုတ်ပါဘူး၊ ဒါနဲ့ သားက ပန်းချီပညာရှင်လား"

"ဟာ . . . ပညာရှင့်အဆင့်ကို မရောက်သေးပါဘူး၊ ဝါသနာအရ ရေးဆွဲနေတာပါ၊ အမေက ဘာဖြစ်လို့မေးရတာလဲ"

"ဪ . . . ဟိုနေ့က သားကိုလက်ဆောင်ပစ္စည်းတစ်ခု ယူဖို့ပြောတော့ ရွှေရောင်စုတ်တံလေးကို ယူလိုက်လို့ပါ"

"ဟုတ်တယ် . . . ကျွန်တော်က ပန်းချီပညာကို စိတ်ဝင်စားတယ်၊ အပိုပညာရပ်အနေနဲ့ သေသေချာချာကို လေ့လာဆည်းပူးနေဆဲပါ၊ ဒါနဲ့ ဒီနံရံပေါ်က ပန်းချီကားတွေဟာ ကော်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွေးနဲ့ ရေးဆွဲထားတာနော်၊ ဒါ ဘယ်သူ့လက်ရာလဲ၊ အမေဆွဲတာလား''

ထိုအခါ အမျိုးသမီးကြီးက ရယ်လေသည်။

''ဘာဖြစ်လို့ရယ်တာလဲဟင် ... မဟုတ်လို့လား''

''သားက ဒီအိမ်ကြီးထဲမှာ အမေတစ်ယောက်တည်း ရှိနေတာကို တွေ့ရလို့ အမေဆွဲတာလို့ ထင်နေတာလား''

''အင်း ... ဟုတ်တယ်''

''မင်းထင်တာ မလွဲပါဘူးလေ''

''ဟင် ... ဒါဆိုရင် အမေက ပန်းချီအနုပညာရှင်ပေါ့''

''ပညာရှင်မဟုတ်ပါဘူးကွယ်၊ သားလိုပဲ ဝါသနာကြီးလို့ပဲ ဆိုပါတော့''

''ဒါနဲ့ ဒီပန်းချီလက်ရာတွေကို ဘယ်လိုခံစားချက်နဲ့ ဆွဲခဲ့တာလဲဟင်''

သုသာန်ပန်းချီကား၊ လက်ချောင်းတွေကို ကွေးကောက်ကာ အခေါက်အပွေးတွေက အမနုဿတစ်ဦးဦး၏ ဆင်တူ မျက်နှာများဖြစ်ပေါ်နေသော သစ်ပင်ကြီးများ၊ ငရဲကျခံရမည့် လူတစ်ယောက်ကို ငရဲခွေးများက နောက်မှတစ်ပြုံကြီးလိုက်၍ ကိုက်ခဲကြတော့မည့် ပြုနေကြဟန်များက အသက်ဝင်လှသည်။ ကြည်နူးစရာ၊ စိတ်ချမ်းမြေ့စရာပုံများ မတွေ့ရ။





အထူးသဖြင့် ပင်လယ်ဓားပြကြီး၏ပုံသည် တကယ် အသက်ရှိနေသလိုပင်ထင်ရသည်။ ရုပ်ရည်နှင့်မလိုက်အောင် ဆွဲထားသည်။ ပန်းချီလက်ရာတွေက ကြမ်းတမ်းလှသည်။ သူမ၏ သွယ်လျသောလက်ချောင်းလေးတွေက စိတ်မသက်သာစရာ ကောင်းသည့်ပြကွက်များကို ဆေးတင်ကာမှုန်းထားသည်မှာ မယုံကြည်နိုင်စရာ။

''ဟုတ်တယ် ... ခံစားချက်နဲ့ပဲ ဆွဲခဲ့တာပေါ့၊ စိတ်ထဲကကို ဒီလိုပုံမျိုးတွေကို အလိုလို ဆွဲချင်လာတာ၊ မပြီးမချင်းကို စိတ်ပါလက်ပါကို ထိုင်ဆွဲတာ၊ နောက်ဆုံးအပြီးသတ် ဆွဲပြီးတော့မှပဲ ဘဝင်ကျသွားတော့တယ်''

သူမကိုယ်တိုင်ကလည်း စိတ်အားတက်ကြွစွာပင် ပြောသည်။ နူးညံ့ပျော့ပျောင်းပြီး စိတ်ကြည်နူးစရာကောင်းသော ပန်းချီမျိုးကိုဆွဲရန် စိတ်ဆန္ဒမရှိသည်က မည်သည့်အကြောင်းကြောင့်ပါလဲ။

''ဟောဟို ပင်လယ်ဓားပြကြီးရဲ့ပုံကိုကော ဘယ်လိုဆွဲချင်စိတ် ဖြစ်ပေါ်လာခဲ့တာလဲ အမေ''

လင်းပိုင်ဖော်၏အမေးကို အမျိုးသမီးကြီးက ချက်ချင်းမဖြေ။ ပန်းချီကားကိုသာ ရီဝေသောမျက်လုံးတွေဖြင့် ကြည့်နေသည်။ လင်းပိုင်ဖော်သည်လည်း သူမသည် အကြောင်းတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မဖြေနိုင်ဘဲ ဖြစ်နေရသည်က မည်သည့်ကြောင့်ပါလဲဟု တွေးနေမိသည်။

''အင်း . . . ဒီ ဒီပုံကို အမေ ဘာကြောင့်ဆွဲခဲ့ရသလဲ . . . ဟုတ်လား။ အဲဒါကလည်း ထူးဆန်းတယ်ကွဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆွဲချင်စိတ်က အလိုလိုပဲဖြစ်ပေါ်လာခဲ့တာ၊ ပြီး ပြီးတော့ သူ့ကို တစ်ခါမှ မမြင်ဖူးဘူး''

''ဟင် . . . ဟုတ်လား''

သူမ၏စကားကြောင့် အံ့အားသင့်သွားမိသည်။ အကျိုးအကြောင်း ဆက်စပ်ခြင်းမရှိဘဲ ပင်လယ်ဓားပြ၏ပုံကိုမှ မည်သည့်အကြောင်းကြောင့် ဆွဲချင်ခဲ့ရပါသလဲ။ ပဝါနက်ကို နဖူးမှာ စည်းနှောင်ထားသည်။ နဖူးထိပ်တွင် ရေးထိုးထားသော လက်ဖျံရိုးနှစ်ချောင်း ကြက်ခြေခတ်ထားသောအလယ်မှ အရိုးခေါင်းသည် ပင်လယ်ဓားပြတို့၏ အမှတ်အသားပင်။ သို့သော် ပန်းချီကားထဲမှ ပင်လယ်ဓားပြကြီး၏ရုပ်ပုံသည် လူငယ်တစ်ယောက်ဖြစ်သည်။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေး ရေးရေးတင်ပြီး ကြည့်ကောင်းသော ရုပ်ရည်ရှိသူ ဖြစ်သည်။

''အမေ့ရဲ့စိတ်ခံစားမှုက တော်တော်ဆန်းကြယ်တာပဲ၊ ကိုယ်ဆွဲချင်တာကိုမဆွဲရဘဲ မဆွဲချင်တာကိုဆွဲရတာ၊ ပြီးတော့ အမေ့လက်ရာတွေက ပြောင်မြောက်တယ်၊ အသက်ဝင်တယ်''





''ဟုတ်တယ်၊ ပန်းချီကားတစ်ပုံဆွဲပြီးတိုင်း ပြန်ကြည့်တဲ့ အခါမှာ ဒီလိုပဲ ခံစားရတယ်''

အမျိုးသမီးကြီးသည် ပင်လယ်ဓားပြကြီးဆီက မျက်နှာကို မခွာသေး။ သူမ၏မျက်လုံးတွေက ရွှန်းလက်လာလိုက်၊ မှိန်ကျသွားလိုက်နှင့် ဖြစ်နေသည်။

''စုတ်ချက်တွေက သိပ်ကောင်းတာပဲ၊ အမေ ဘယ်လို စုတ်တံမျိုးကိုသုံးခဲ့တာလဲ''

''အမေက စုတ်တံကိုကိုင်မိလိုက်ရင် ပန်းချီကားတစ်ချပ်ကို တောက်လျှောက်ဆွဲပြီးလိုက်တာ၊ ဘယ်လိုစုတ်တံမျိုးလဲ ဆိုတော့ အင်း . . . ဒီလိုပါပဲလေ၊ စုတ်တံကောင်းကောင်းကို အမေ့ရဲ့ အဘိုးက ရထားတာဆိုတော့ သုံးမကုန်ပါဘူး၊ သူ့မြေး ဖြစ်တဲ့ အမေက ပန်းချီဝါသနာပါမှန်းသိတော့ သူ တိုင်းတစ်ပါးက နေ ဝယ်လာခဲ့တာ၊ ပြီးတော့ အဘိုးကိုယ်တိုင်ကလည်း ပန်းချီဆရာလေ''

''ဩော် . . . ဟုတ်လား၊ ဒါကြောင့်မို့ အမေက ပန်းချီ အမွေကို ဆက်ခံခဲ့တာကိုး၊ ဒါနဲ့ အဘိုးရဲ့လက်ရာတွေကော မတွေ့ရပါလား''

''အဘိုးက သူ့ပန်းချီကားတွေကို ခုလို သိမ်းမထားတတ်ဘူး၊ မိတ်ဆွေတွေကို လက်ဆောင်ပေးပစ်တာ၊ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



တိဗက်ကနေ ပြန်လာတာ၊ အဲဒီမှာ အကြာကြီးနေပြီး ပန်းချီပညာတွေကို သင်ယူလာခဲ့တာလို့ပြောတယ်၊ အဘိုးယူလာခဲ့တဲ့ စုတ်တံတွေထဲမှာ အထူးခြားဆုံးနဲ့ အလှပဆုံး စုတ်တံတစ်ချောင်းပါလာတယ်''

''ဘယ်လိုထူးခြားတဲ့စုတ်တံလဲ အမေ''

''တိဗက်ပန်းချီဆရာကြီးတစ်ဦးက သူ့ကိုချစ်လို့ လက်ဆောင်ပေးလိုက်တာ အဲဒီစုတ်တံရဲ့ ထူးခြားချက်က ဩော် . . . ညည်းသည်ကို တစ်ခုခုကျွေးရဦးမှာပါလား။ စကားကောင်းနေတာနဲ့၊ ခဏကလေးနော်''

သူမသည် ဖျတ်လတ်သွက်လက်စွာနှင့်ပင် အိမ်၏အတွင်းဘက်ဆီသို့ လျှောက်သွားခဲ့လေသည်။ လင်းပိုင်ဖော်မှာ မချင့်မရဲဖြစ်ပြီးတော့ ကျန်ရစ်ခဲ့သည်။ သူမ ပြန်ထွက်လာတော့ ကော်ဖီတစ်ခွက်ပါလာခဲ့သည်။

''ကဲ . . . သောက်လိုက်ဦး သား''

ကော်ဖီသည် သောက်ရသည်မှာ အရသာရှိလှသည်။ ရင်ထဲကို ပူပြီးတော့ဆင်းသွားခဲ့သည်။ အေးစိမ့်နေမှုကို အပူဓာတ်က ကာကွယ်ပေးခဲ့လေသည်။ ထူးခြားသော စုတ်တံအကြောင်းကို စကားစပ်ပြီး မပြောဖြစ်ကြတော့။

''အမေက ပန်းချီလက်ရာသာ မဟုတ်ဘူး၊ ကော်ဖီဖျော်





လည်း ကောင်းတာပဲ''

''အမေ့ကို ချီးမွမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်''

''အမေတစ်ယောက်တည်း ဒီမှာနေတာ အထီးကျန်မဆန်ဘူးလား''

''အထီးမကျန်ပါဘူးကွယ်၊ အမေ့မှာ အဖော်တွေရှိသားပဲ''

''အဖော်တွေ . . . ဟုတ်လား၊ ဘယ်သူတွေလဲ''

''ဟောဒီပန်းချီကားတွေပေါ့၊ သူတို့ဟာ အမေ့ရဲ့ ထာဝရအဖော်မွန်တွေပဲလေ''

တကယ်တော့ သူမသည် အထီးကျန်ဆန်နေမှုကို တမင်ဖုံးကွယ်ပြီးတော့ ပြောနေခြင်းသာ ဖြစ်သည်။ သို့မဟုတ် တစ်ဦးတည်း နေနေရသည်ကို နှစ်သက်သည်လည်း ဖြစ်နိုင်သည်။

''အမေ့ရဲ့အချိန်တွေကို ကျွန်တော်က တမင်လာဖြုန်းသလို ဖြစ်သွားခဲ့ရပြီ။ ခွင့်ပြုပါဦး''

''အေးကွယ် . . . ခုလို အမှတ်မထင် ရောက်လာခဲ့တာ ဝမ်းသာပါတယ်''

သူမက အိမ်မကြီးတံခါးအထိ လိုက်ပို့သည်။ လင်းပိုင်ဖော်သည် တံခါးဝရောက်မှ နောက်ကိုလှမ်းပြီး . . .

''ဩော် . . . ဒါနဲ့ အမေ့နာမည်ကိုသိပါရစေ''



www.burmeseclassic.com

www.burmeseclassic.com



"နာမည် ...ဟုတ်လား၊ မြသီတာတဲ့"

"ဒေါ်မြသီတာ၊ ဟုတ်ကဲ့ ကျွန်တော်မှတ်ထားပါ့မယ်၊ ခွင့်ပြုပါဦး အမေ"

သူမက အပြုံးဖြင့် တုံ့ပြန်သည်။ ထို့နောက် တံခါးကို ပိတ်လိုက်လေသည်။

လင်းပိုင်ဇော်သည် အိမ်ကြီးထဲမှ ထွက်လာခဲ့သည့်တိုင် နောက်တစ်ဖန် ခပ်လှမ်းလှမ်းကနေ ပြန်ပြီးတော့ ကြည့်မိလိုက်သည်။ ထူးခြားသောအိမ်ကြီးတစ်အိမ်ထဲမှာ တစ်ဦးတည်းနေသူ အမျိုးသမီးကြီးတစ်ယောက်၊ ပန်းချီကားများ၊ တိတ်ဆိတ်ငြိမ်သက်မှု အားလုံးတို့သည် စိတ်ဝင်စားစရာအတိ ဖြစ်သည်။ ချောက်ချားခြင်း၊ မွန်းကျပ်ခြင်း စသည့် ခံစားမှုမျိုးကို သူရရှိခဲ့သည်။

မိမိသာဆိုလျှင် ဤအိမ်ကြီးထဲမှာ တစ်ယောက်တည်း မနေနိုင်။ ဒေါ်မြသီတာသည် အရင်က မိသားစုနှင့်အတူ နေဖူးခဲ့လိမ့်မည်။ သူမကို တစ်ယောက်ပြီးတစ်ယောက် ခွဲခွာသွားကြလိမ့်မည်။ နောက်ဆုံးမှာတော့ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည် ပဲလား။ ဒေါ်မြသီတာသည် သူ့ကို လိုလိုလားလားနှင့် ဆက်ဆံခဲ့သည်၊ ဖော်ရွေသည်။ နောက်တစ်ကြိမ် အခွင့်ကြုံလျှင် လာခဲ့ဦးမည်။ သူမ၏ နွေးထွေးသောဆက်ဆံမှုကို ခံစားမိသည်။





ခြံအပြင် ခပ်ဝေးဝေးကို ရောက်ခဲ့စဉ် နောက်တစ်ဖန် ပြန်ပြီးတော့ကြည့်မိသည်။ မြူတွေက အိမ်ကြီးကို လုံးဝ ဝါးမျိုခဲ့သည်။ မတွေ့ရတော့။ သူသည်ပင်လျှင် နှင်းမြူများကို ထိုးဖောက်ကာ မနည်းထွက်ခဲ့ရသည်။ အိမ်အပြန်လမ်းကို အတန်ကြာမှ ရှာတွေ့ခဲ့သည်။

❋

ဆိုင်ကယ်သံကြား၍ လင်းပိုင်ဇော် နိုးလာခဲ့သည်။ အိမ်အောက်ကိုဆင်းပြီး ခြံတံခါးကို ဖွင့်ပေးလေသည်။

"မင်းပြန်လာတာ မြန်သားပဲ ကိုထက်"

"မင်းတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ကွ"

"မပျင်းပါဘူးကွ၊ ငါ တောအုပ်ဘက်ကို လမ်းလျှောက်ထွက်လိုက်သေးတယ်"

ထက်မောင် အံ့အားသင့်သွားသည်။

"တောအုပ်ဘက်ကို လမ်းလျှောက်ထွက်တယ် ...ဟုတ်လား"

"အေးလေကွာ ...ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ ... အဖော်လည်း မပါဘဲနဲ့"

"အေးအေးဆေးဆေးပါကွာ၊ မင်းကို ငါ ပြောစရာရှိသေးတယ်၊ အိမ်ပေါ်ကျမှ"

နံနက်စာစားနေစဉ် ထက်မောင်က ရုတ်တရက် သတိရသွားသလို ...

"မင်းပြောမယ်ဆိုတဲ့အကြောင်းက ဘာလဲကွ"

"ဪ အေး ... ဟုတ်သား၊ ငါ မေ့နေတယ်၊ ဒီလိုကွ ... ငါ မနက်က လမ်းလျှောက်ထွက်တော့ တောအုပ်ထဲကို ရောက်သွားခဲ့တယ်"

"အေးလေ ... မင်းပြောလို့ ငါသိပြီးပြီပဲ"

"နေဦး ... ငါပြောမှာကို နားထောင်ဦး၊ တောထဲမှာ ငါ ဘာတွေ့ခဲ့တယ်လို့ ထင်သလဲ"

"တောထဲမှာဆိုတော့ သစ်ပင်တွေကိုပဲ တွေ့မှာပေါ့ကွ"

"မဟုတ်သေးဘူး၊ အိမ်ကြီးတစ်အိမ်ကို ငါတွေ့ခဲ့တယ်ကွ၊ မြန်မာတစ်ဝက်၊ ဥရောပတစ်ဝက် ဆောက်ထားတာ"

"ဟာကွာ ... မင်းကလည်း မဟုတ်တာ၊ ဒီတောထဲမှာ မင်းပြောတဲ့အိမ်မျိုး မရှိနိုင်လောက်ပါဘူး၊ အတည်ပေါက်နဲ့ နောက်မနေပါနဲ့"

"ဟင် ... ငါနောက်နေတာမဟုတ်ဘူး၊ တကယ်ကို





တွေ့ခဲ့တာ၊ အဲဒါတင်မကဘူး၊ အိမ်ထဲကိုတောင် ငါ ရောက်ခဲ့သေးတယ်"

"ဟာကွာ ... မင်းကလည်း ဒါလောက်ကြီးတော့ မနောက်နဲ့ကွာ"

"ကိုထက် ... ငါ မင်းကို မနောက်တာ အမှန်ပဲ၊ အဲဒီအိမ်ကြီးထဲမှာ ဘယ်သူ့ကို တွေ့ခဲ့တယ်လို့ မင်းထင်သလဲ"

"မေးပြန်ပြီ၊ ငါက ဘယ်လိုသိမှာလဲ ... မင်းပဲ သိမှာပေါ့"

"ငါ့ကို စုတ်တံပေးခဲ့တဲ့ အမျိုးသမီးကြီးကို တွေ့ခဲ့တယ်ကွ"

"ဟင်"

"အိမ်ကြီးက အပြင်ကနေကြည့်တာ မွဲခြောက်နေပေမယ့် အထဲမှာတော့ တော်တော်လေးကို သားနားပါတယ်၊ မွေးမွေ့ကော်ဇောကြီးတွေလည်း ခင်းထားတယ်၊ အမျိုးသမီးကြီးက ငါ့ကို ခရီးဦးကြိုပြုတယ်၊ ဖော်ဖော်ရွေရွေနဲ့ပဲ ဆက်ဆံတယ်ကွ"

ထက်မောင်သည် လင်းပိုင်ဖော်ကို အံ့အားတသင့်နှင့် ကြည့်နေမိသည်။

"အေး အေးပါကွာ ... ဆက်ပြောစမ်းပါဦး"

"အဲဒီအိမ်ကြီးထဲက အိမ်ထောင်ပရိဘောဂတွေက ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဆန်တယ်ဆိုပေမယ့် အကောင်းစားတွေချည်းပဲ၊ နံရံမှာချိတ်ထားတဲ့ ပန်းချီကားတွေကလည်း အများကြီးပဲ၊ ဒါပေမဲ့ ခပ်ကြမ်းကြမ်းစိတ်ကူးမျိုးနဲ့ ဆွဲထားပြီး စိတ္တဇဆန်တယ်၊ အဲဒီအမျိုးသမီးကြီးဆွဲတာတဲ့ကွ''

''စိတ်ဝင်စားစရာပဲ''

''ပန်းချီကားတွေထဲမှာ အထူးခြားဆုံးကတော့ ပင်လယ်ဓားပြကြီးရဲ့ပုံပဲကွ၊ ငါ့စိတ်ထဲမှာ ဒီပင်လယ်ဓားပြကြီးကို ဘယ်မှာမြင်ဖူးခဲ့ပါလိမ့်လို့ စဉ်းစားနေမိခဲ့တာ၊ ခေါင်းထဲမှာ ပေါ်မလာခဲ့ဘူး ... ဟာ''

လင်းပိုင်ဇော် ထိုင်နေရာမှ ထရပ်လိုက်သည်။

''ဟာ ဟော့ကောင် ... ထမင်းစားနေရင်းက ဘာဖြစ်တာလဲ၊ စားရင် အေးအေးဆေးဆေးပြောလို့ ရပါတယ်၊ ပြန်ထိုင်ပါ''

လင်းပိုင်ဇော် ပြန်ပြီးတော့ထိုင်လိုက်သည်။

''အေး ... ငါလောကြီးသွားတယ်၊ ဒီလိုကွ ... ငါအိမ်ကြီးထဲမှာ တွေ့ခဲ့တဲ့ပန်းချီကားထဲက ပင်လယ်ဓားပြကြီးဟာ သိပ်ပြီး အသက်မကြီးသေးပေမယ့် ငါဆွဲထားတဲ့ ပင်လယ်ဓားပြကြီးနဲ့ အတူတူပဲလို့ ထင်မိတယ်၊ မုတ်ဆိတ်မွေး, နှုတ်ခမ်းမွေး, ပါးမြိုင်းမွေးတွေ တပ်ပေးလိုက်ရင် တစ်ထေရာတည်းပဲ''





''ဇော် ... မင်း ဒီစကားတွေကို အတည်ပြောနေတာလား''

လင်းပိုင်ဇော်သည် ထက်မောင်ကို ဖျတ်ခနဲဆို ကြည့်လိုက်၏။

''ဘာဖြစ်လို့လဲ ကိုထက်''

''မင်းပြောနေတာတွေက အားလုံးထူးဆန်းနေတယ်၊ အဲဒီအမျိုးသမီးကြီးက စပြီး အိမ်ကြီးအထိပေါ့ကွာ''

''မင်းက ငါပြောတာကို မယုံဘူးထင်တယ်''

''ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ အေး ... အမှန်အတိုင်းပြောရရင် ငါ အပြင်ကပြန်လာတော့ မင်း ငါ့ကို ခြံတံခါးလာဖွင့်ပေးတယ်၊ မင်းရဲ့မျက်လုံးတွေက မှိုအစ်နေတယ်၊ မင်းအိပ်ရာက ထလာခဲ့တာ မဟုတ်လား''

''ဩော် ... ငါ သဘောပေါက်ပြီ၊ ငါ အိပ်ပျော်သွားပြီး အိပ်မက်မက်နေခဲ့တာလို့ မင်းထင်နေတယ်မဟုတ်လား၊ အေး ... ငါ အိပ်ရာကထလာခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ငါ တောထဲကို လမ်းလျှောက်ထွက်ပြီးပြန်လာတယ်၊ ပျင်းပျင်းနဲ့ ပြန်ပြီးတော့ အိပ်ပျော်သွားခဲ့တာ''

''အေးလေ ... မင်းရဲ့အိပ်မက်က နက်နက်ရှိုင်းရှိုင်း မက်ခဲ့တာဆိုတော့ မင်းရဲ့ခံစားချက်ထဲမှာ တကယ်လိုလို ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ကွာ၊ ဒါမျိုးဟာ ဖြစ်တတ်ပါတယ်''

''ဟင် . . . မင်းက ငါ့ကို အခုထက်ထိ မယုံသေးဘဲကိုး၊ ဒီလိုဆို မင်းနဲ့ငါ အဲဒီနေရာကို အတူတူသွားကြည့်ကြမလား''

''မကြည့်တော့ပါဘူးကွာ . . . မင်းက အနုပညာသမား ဆိုတော့ လူသာမန်နဲ့မတူဘူးလေ၊ နက်နက်ရှိုင်းရှိုင်းတွေးတတ်တယ်၊ သူများမမြင်တာကို မြင်တတ်တယ်၊ ဘာပဲပြောပြော . . . မင်း ဒီမှာဆွဲတဲ့ပန်းချီလက်ရာတွေကို ငါကြိုက်တယ်ကွ''

''ကိုထက်ရာ . . . မင်းကတော့ တကယ်ပဲ၊ မယုံရင် လက်တွေ့လိုက်ကြည့်ရတယ်ကွ၊ မျက်စိမှိတ်ပြီး ပါးစပ်က မယုံဘူး၊ မယုံဘူးလို့ ပြောလို့မရဘူး၊ လောင်းကြေးစားကြေးလုပ်လိုက်ရင် မင်းတောင်ရှုံးသွားဦးမယ်''

''အေးပါကွာ . . . ငါလည်း ပင်ပန်းလာလို့ပါ၊ နောက်တော့မှပဲ သွားကြည့်ကြတာပေါ့၊ မင်းလည်း မင်းခံစားချက်နဲ့ကိုး၊ ငါ သဘောပေါက်ပါတယ်''

''ဘာကိုသဘောပေါက်တာလဲ''

''ဒီလိုလူမျိုးဟာ ကျော်ကြားအောင်မြင်မှာပါ၊ ကြိုးစားကွာ''

လင်းပိုင်ဇော် အောင့်သက်သက်ဖြစ်သွားခဲ့ရလေသည်။

❋ ❋ ❋



## အခန်း (၆)

## ငိုနေတဲ့မသိစိတ်

တစ်ရက်တွင် လင်းပိုင်ဇော်သည် ထက်မောင်နှင့်အတူ ခြံထဲကိုလိုက်သွားသည်။ ခြံတွင်းတစ်နေရာရှိ ရေကန်ကြီးဆီကို ဟိုအရင်တစ်ခေါက်ရောက်လာကတည်းက သဘောကျနေသည်။ သာယာသောပတ်ဝန်းကျင်၏ ရှုခင်းအဖုံဖုံနှင့် တွဲဖက်ပြီး ပန်းချီကားတစ်ချပ်အဖြစ် ဖန်တီးမည်ဟု ဆုံးဖြတ်ချက်ချထားမိခဲ့သည်။ သို့သော် စိတ်ကူးကပြောင်းသွားပြီး အခြားပုံကိုသာ ရေးဆွဲမိလေသည်။ ခုတစ်ခေါက်မှာတော့ ဤရေကန်ရှုခင်းကိုသာ ဆွဲမည်ဟု ဆုံးဖြတ်လိုက်လေသည်။

''အေး . . . မင်းက ပန်းချီနဲ့မှတ်တမ်းတင်ပေးရင်တော့ ပိုကောင်းတာပေါ့ကွာ၊ ဓာတ်ပုံရိုက်ယူထားတာထက်စာရင် ငါက



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကို ပိုပြီးတော့ သဘောကျတယ်ကွ''

''အေးပါကွာ ... ငါ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆွဲပြီးတော့ မင်းကို လက်ဆောင်ပေးခဲ့ပါ့မယ် ကိုထက်''

ခြံထဲတွင် နံနက်ပိုင်း အဆာပြေစားသောက်ကြပြီးသောအခါ ရေကန်ကြီးဆီကို ထွက်လာခဲ့ကြသည်။

''ကဲ ... မင်းစိတ်ကူးနဲ့မင်း အေးအေးဆေးဆေး ဖန်တီးပေတော့၊ ထမင်းစားချိန်ကျရင် ငါပြန်လာခေါ်မယ်''

အနုပညာရှာနိုင်စားနိုင်စေရန် အနှောင့်အယှက်မပေးလို၍ လင်းပိုင်ဖော်၏အနားမှ ထွက်သွားခဲ့လေသည်။ တစ်ယောက်တည်းကျန်ရစ်ခဲ့သော လင်းပိုင်ဖော်သည် ပတ်ဝန်းကျင်၏ ရှုခင်းအဖုံဖုံတို့ကို တစ်ခဏ ခံစားလိုက်သေးသည်။ ထို့နောက် ပန်းချီဆွဲရန် ပြင်ဆင်လိုက်သည်။ မိမိ မည်သည့်ရှုထောင့်မှ ဆွဲရမည်ကို အသေးစိတ်လေ့လာသည်။ ရှေးဦးစွာ ပုံကြမ်းကို စပြီးရေးခြစ်နေသည်။ သူ၏လက်များသည် သွက်လက်မြန်ဆန်လွန်းလှသည်။ တစ်ခဏအတွင်းမှာပင် ပုံကြမ်းက ရေးဆွဲပြီးသွားခဲ့သည်။ ထို့နောက် သေချာစွာ ပြန်ပြီးတော့ ဆန်းစစ်ကြည့်မိလိုက်သောအခါ ...

''ဟင်''

အံ့အားသင့်သွားခဲ့ရသည်။ ပါးစပ်အဟောင်းသားနှင့်ဖြစ်





သွားခဲ့ရသည်။ အကြောင်းမှာ သူ၏ ခဲခြစ်ပုံကြမ်းသည် ရေကန်ကြီးမဟုတ်။ အိမ်ကြီးတစ်အိမ်၏အတွင်းခန်းပုံ၊ အမျိုးသားတစ်ယောက်က မိန်းကလေးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရပ်နေသည်။ မိန်းကလေး၏ပခုံးနှစ်ဖက်ပေါ်တွင် လက်ကိုတင်ထားသည်။ အိမ်ကြီး၏နံရံများတွင် အကြမ်းခြစ်ထားသော ပန်းချီကားချပ်များကိုပါ တစ်ပါတည်း ထည့်သွင်းထားသည်။

စားပွဲ၊ ဗီရို၊ ကုလားထိုင်များကအစ အကြမ်းရေးခြစ်ထားလေသည်။ လင်းပိုင်ဖော်သည် သူ့မျက်လုံးများကိုပင် မယုံကြည်နိုင်တော့။

''ဒါ ဘယ်လိုဖြစ်ရပြန်တာလဲ။ ငါ စိတ်ကူးတာက တခြား၊ ဆွဲမိတာက တခြား။ ဟိုတစ်ခါလိုဖြစ်ပြန်ပြီ''

ထို့အပြင် သူ၏ခဲခြစ်ပုံကြမ်းများသည်ပင် လွန်စွာမှ ကောင်းနေသည်။ စိတ်ကူးထဲတွင်မရှိသောအရာများအားလုံးသည် ခဲခြစ်ဖော်ထားပြီးသား ဖြစ်နေသည်။

''မထူးတော့ပါဘူးကွာ''

ဆေးတင်ရန်ပြင်လိုက်သည်။ အခြားစုတ်တံများကြားထဲမှ ရွှေရောင်စုတ်တံက ထင်းနေသည်။

သူသည် အခြားသောစုတ်တံများဆီကို လက်လှမ်းရောက်သွားခဲ့သည်။ ရွှေရောင်စုတ်တံကို မသုံးဘဲ ချန်လှပ်ထားခဲ့မည်ပြု



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူတကယ်ယူလိုက်သောအခါ ရွှေရောင်စုတ်တံပင် ဖြစ်နေလေသည်။ သူသည် ခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး စုတ်ချက်တင်နေလေတော့သည်။ သူ့လက်ကပဲ သွက်နေလေသလား။ စုတ်တံကပဲ သူ့အလိုလို လှုပ်ရှားနေလေသလား။ ကိုယ်တိုင်ပင်မသိ။ သူသိသည်ကား စုတ်ချက်တင်နေသော ပန်းချီကားချပ်ထဲကို သူကိုယ်တိုင် ဝင်ရောက်နေသလိုပင်။

ဆွဲနေရင်း ဆွဲနေရင်းက စိတ်ပါလာသည်။ ရွှေးချယ်သော အရောင်အသွေးတို့ကလည်း မှန်နေသည်။ သူ စုတ်တစ်ချက် တို့လိုက်တိုင်းမှာ အိမ်ကြီးသည် တဖြည်းဖြည်းနှင့် အသက်ဝင်လာခဲ့သည်။ အရုပ်များက လှုပ်ရှားလာခဲ့သည်။ နောက်ဆုံး အသက်ရှူသံ၊ စကားပြောသံများပင် ကြားလာခဲ့ရသလို သူ မိန်းမောနေရာမှ သတိပြန်ရသလို ခံစားလိုက်ရသည်။ ထိုအခါ ပီပြင်သောပန်းချီကားတစ်ချပ်အဖြစ် ရေးဆွဲပြီးခဲ့လေပြီ။ ခရီးကြမ်းတစ်ခုကို အမောတကောနှင့် ပြန်လာခဲ့သည့်သူလို ခံစားလိုက်ရသည်။

"ဟင်း"

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်မိလိုက်သည်။ သည့်နောက် အချိန်တိုတိုဖြင့် ရေးဆွဲခဲ့သော ပန်းချီလက်ရာကို သေချာစွာ ပြန်ကြည့်မိလိုက်သောအခါ သူ၏မျက်လုံးအစုံသည်





ဝိုင်းစက်သွားခဲ့ရသည်။

"ဒါ ဘယ်လိုဖြစ်တာလဲ"

သတိထားမိသည်က အိမ်ကြီး၏အတွင်းပိုင်းသည် သူရောက်ဖူးခဲ့သည့် တောနက်ကြီးထဲက အိမ်ကြီး၏အတွင်းပိုင်းအတိုင်းပင် ဖြစ်နေသည်။ ဗီရို၊ စားပွဲ၊ ကုလားထိုင်၊ ဧည့်ခန်းထဲတွင် ခင်းထားသည့် ကော်ဇောကမှအစ အားလုံး တစ်သဲမတိမ်း တူညီနေသည်။ နံရံမှာ ချိတ်ဆွဲထားသည့် ပန်းချီကားချပ်များသည်လည်း သူ မြင်ခဲ့ရသည်။ ပန်းချီလက်ရာများအတိုင်းပင် ဆေးတင်ထား၍ ပိုပြီး ပီပြင်လာသောအမျိုးသမီးနှင့် အမျိုးသားသည်လည်း ပီပြင်ကာထင်းနေသည်။ သေချာစွာကြည့်လျှင် အမျိုးသမီးသည် ဒေါ်မြသီတာနှင့် တူနေသလို အမျိုးသားသည်လည်း ပင်လယ်ဓားပြကြီး၏ ရုပ်ပုံနှင့်တူနေကြလေသည်။

သို့သော် သူတို့နှစ်ဦးသည် နှစ်ဆယ်ကျော်၊ အစိတ်ဝန်းကျင်ဖြစ်နေကြသည်။ နုပျို၊ ဖျတ်လတ်၊ တက်ကြွသော ဟန်ပန်အမူအရာများပင်။ လင်းပိုင်ဇော်၏စိတ်ထဲမှာ သူတို့နှစ်ဦး၏ ပုံများကို ကြည့်ပြီးတော့ ထူးဆန်းမှုကို ခံစားနေရသည်။

"ဘယ်လိုပတ်သက်နေကြပါလိမ့်၊ ချစ်သူတွေလား။ ညားခါစ ဇနီးမောင်နှံတွေလား။ ကြည့်စမ်း . . . သူတို့နှစ်ယောက်ဟာ ချစ်ကြည်နူးနေတဲ့အကြည့်တွေနဲ့ တစ်ယောက်ကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကြည့်နေလိုက်ကြတာ''

လင်းပိုင်ဇော် သူ့လက်ရာကို ပြန်လည်ဆန်းစစ်နေဆဲမှာပင် သူ့နောက်မှာ တစ်ယောက်ယောက်က ရှိနေသလိုခံစားမိလိုက်ရသည်။ လှည့်ကြည့်လိုက်တော့ ထက်မောင်။ ထက်မောင်သည်လည်း ပန်းချီကားကို အံ့အားတသင့်ဖြင့် ကြည့်နေလေသည်။

''ကိုထက် . . . မင်း အသံမပေး ဘာမပေးနဲ့ကွာ၊ မင်း ဒီကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ''

''ငါလား . . . သိပ်မကြာသေးပါဘူး၊ မင်း ဆိုင်ကယ်သံ မကြားဘူးလား''

''ဟင့်အင်း . . . ငါမကြားဘူး၊ ပန်းချီကားထဲမှာပဲ အာရုံက နစ်နေလို့ထင်ပါရဲ့''

''နေစမ်းပါဦး . . . မင်းပြောတော့ ရေကန်ရဲ့သာယာပုံကို မှတ်တမ်းတင်ပြီးဆွဲမယ်ဆို၊ ခု ဒီပုံက ဘာတွေလဲကွ''

''အေး . . . ဟိုတစ်ခါလို ဖြစ်ပြန်ပြီ ကိုထက်ရာ၊ ဆွဲချင်တာ က တခြား၊ ဆွဲဖြစ်တာက တခြား။ ငါ့စိတ်ကလည်း မရတော့ ဘူးကွ၊ ဆွဲချင်တာကိုပဲ ဆွဲနေမိတော့တယ်၊ နဂိုမူလ စိတ်ကူးက ပျောက်သွားရော၊ ဘယ်လိုမှ ထိမ်းလို့မရတော့ဘူး''

''အင်း၊ ဆန်းတော့ဆန်းလာပြီကွ၊ တစ်ဖက်စွန်းရောက်





သွားတဲ့ အနုပညာသမားတွေရဲ့ ရူးသွပ်မှုများလား။ မင်းကိုကြည့်ရတာ ဒီလိုလည်းမဟုတ်နိုင်ပါဘူး၊ စိတ်ကို မနိုင်တာလား၊ ထိန်းချုပ်ခံနေရတာလား''

''ငါက ထိန်းချုပ်ခံနေရတယ် . . . ဟုတ်လား၊ ဘာကို ဆိုလိုတာလဲ''

''ဒီလိုကွ . . . လူဆိုတာ စိတ်နှစ်စိတ်ရှိတယ်၊ သိစိတ်နဲ့ မသိစိတ်ဆိုတာ၊ သိစိတ်က ဒါလုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်၊ ဒါပေမဲ့ တကယ်လုပ်မိတာကတခြား၊ အဲဒါဘာလဲဆိုတော့ ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းငြိမ်သက်ပြီး ငုံ့နေတဲ့ မသိစိတ်က တိုက်တွန်းလိုက်လို့ပဲ၊ မင်းလည်း အဲဒီလိုပဲ ဖြစ်နေတယ်''

''အေးပေါ့ကွာ . . . စိတ်ဆိုတာ အစိုးမရဘူး၊ ဆန်းကြယ်တယ်၊ ဒါပေမဲ့ အခု ငါဆွဲထားတဲ့ပန်းချီက ငါရောက်သွားတဲ့ အိမ်ကြီးရဲ့အတွင်းပိုင်း ဧည့်ခန်းထဲက အနေအထားအားလုံးပဲ၊ ဒီအမျိုးသမီးဟာ ငါနဲ့ဆုံခဲ့တဲ့သူပဲ၊ ပန်းချီကားထဲမှာတော့ ငယ်ရွယ်နုပျိုနေတယ်၊ ဒါပေမဲ့ သူပဲဆိုတာ ငါကသိနေတယ်လေ''

''သူနဲ့ရှိနေတဲ့သူကတော့ ပင်လယ်ဓားပြကြီးရဲ့ရုပ်ပုံပဲလို့ ထင်တယ်၊ ဒီအထဲမှာတော့ ငယ်ရွယ်နုပျိုနေတယ်၊ သူတို့ နှစ်ယောက်ဟာ ချစ်သူ ဒါမှမဟုတ် လင်မယားဖြစ်နိုင်တယ်''

''မင်းက သိလှချည်လား၊ ဒီလို အတတ်ပြောနိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် အင်္ဂလိပ်ဝိုဗ္ဗာများတတ်ထားလို့လား၊ ဒါမှမဟုတ် အထင်နဲ့ လား''

''အဲဒါကိုတော့ ငါလည်းမပြောတတ်ဘူးကွာ၊ အဲဒီ အမျိုးသမီးကြီးမှာ ဇာတ်လမ်းရှိနေသလိုပဲ၊ အဲသလိုပဲ ငါယုံကြည် ထားတယ်''

လင်းပိုင်ဇော်ကို စိတ်ကူးယဉ်လွန်းသည်ဟု ထင်မိသည်။ အနုပညာအလုပ်သည် လွန်စွာမှ သိမ်မွေ့သည်၊ စိတ်ကူးယဉ် မိပြီးမှလုပ်ရသောအလုပ်ပင် မဟုတ်ပါလား။ ထို့နောက် ဆွဲ ဆောင်မှုအားကောင်းသော ပန်းချီလက်ရာကို သေချာစွာ လေ့ လာသည်။

''ဒီနံရံပေါ်မှာ ချိတ်ထားတဲ့ပန်းချီကားတွေဟာ သာမန် အတွေးမျိုးနဲ့ မတူဘူးကွ၊ ချောက်ချားစရာကောင်းတယ်၊ စက် ဆုပ်စရာလည်း ကောင်းနေတယ်၊ ဒါ့အပြင် စိတ်ဝင်စားစရာ လည်း ကောင်းတယ်၊ ဒါပေမဲ့ မင်းရဲ့စိတ်ကူးအစစ်တော့ မဟုတ် ဘူး''

''ဟုတ်တယ်လေ၊ ငါက အဲဒီလို ရသမျိုးကိုမှ မခံစား တတ်တာ၊ ဒေါ်မြသီတာ ဆွဲထားတာပါဆို''

''မင်းက အဲဒီပန်းချီကားတွေကို တစ်ခဏလေးကြည့်ပြီး ခုလို အားလုံးကို ပြန်ဆွဲပြနိုင်ခဲ့တာ တော်ရုံမှတ်ဉာဏ် မဟုတ်ဘူး





ဇော်''

''ဟာ ... မဟုတ်ဘူး၊ မှတ်ဉာဏ်ကြောင့်မဟုတ်ဘူး၊ ငါ ဒါလောက်မှတ်ဉာဏ်မကောင်းဘူး၊ မင်းအသိပဲလေ၊ ဒါပေမဲ့ ခုလိုဆွဲကြည့်တော့ အားလုံးကိုပြန်ပြီး မှတ်မိနေသလို အသေးစိတ် ကအစ တိကျနေတယ်၊ ငါ့ကိုယ်ငါလည်း ပြန်ပြီးတော့ အံ့အား သင့်နေမိတာ''

''မင်းရဲ့အိပ်မက်ကို ပြန်ဖော်တာမဟုတ်ခဲ့ရင် အဲဒီအိမ် ကြီးဆီကို တကယ်ရောက်ခဲ့တာလို့ ငါ ဘယ်လိုလက်ခံရမှာလဲ၊ ငါသိရသလောက်ဆိုရင် တောအုပ်ထဲမှာ အဆောက်အအုံတစ်ခု ရှိတယ်လို့ ပြောသံမကြားဖူးဘူးကွ''

''မင်းက လွယ်လွယ်နဲ့မယုံတတ်မှန်း ငါသိပါတယ်၊ ဒါကြောင့်မို့ ငါပြောတာပေါ့၊ မင်း သံသယရှင်းသွားအောင် အဲဒီ နေရာကို ငါနဲ့အတူ လိုက်ကြည့်ပါလို့''

ထက်မောင်က ခေါင်းညိတ်လိုက်လေသည်။

✺

ထက်မောင်ခြံထဲသို့ မသွားသောတစ်ရက်၌ပင် နံနက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း၌ အိမ်မှ လမ်းလျှောက်ထွက်လာခဲ့သည်။

"ငါက ဒီကိုရောက်ခဲ့တာ တစ်နှစ်လောက်ရှိခဲ့ပေမယ့် ခုလို အေးအေးဆေးဆေးနဲ့ လမ်းလျှောက်မထွက်ဖူးဘူးကွ"

"မင်းက စီးပွားရေးအတွက်ပဲ အာရုံထားနေတာကိုး၊ ငါကတော့ အလည်လာတဲ့သူဆိုတော့ ရောက်တုန်းရောက်ခိုက်မှာ နှံ့အောင်လျှောက်ကြည့်မယ်လို့ ဆုံးဖြတ်ထားတာ"

"အေး . . . မင်းက လေ့လာစူးစမ်းတာလည်း ဝါသနာပါတယ်၊ အမှန်အတိုင်းပြောရရင် ငါက ဒီမှာ မလွှဲသာလို့သာ လာနေရတာ၊ ပျင်းတယ်ကွ၊ တစ်ချိန်ကျရင် အားလုံးကိုရောင်းပြီး ရန်ကုန်ကိုပဲ ပြန်မယ်လို့ ဆုံးဖြတ်ထားတာ"

"ဟာ . . . မရောင်းပါနဲ့ကွာ၊ နမြောစရာကြီး၊ နှစ်ချုပ်နဲ့ ငှားထားလိုက်ပေါ့ကွ၊ မင်းရဲ့နေရာလေးဟာ အေးချမ်းတယ်"

ရာဘာပင်များကို ကျော်လွန်ကာ တောစပ်ကိုရောက်လာခဲ့သည်။

"ဒီကလူတွေဟာ ခြံဝင်းကျယ်ကြီးတွေနဲ့ နေကြတော့ အပင်တွေလည်း ပိုင်ဆိုင်ကြတယ်ကွ၊ သစ်ဝါးအတွက် မပူပင်ရဘူး၊ တောတက်ပြီး ခုတ်စရာလည်း မလိုဘူး"

"ဒါကြောင့်မို့ထင်တယ် . . . တောက အသွားအလာမရှိဘူး"





"ဒါပေမဲ့ ဟိုဘက်တွေမှာ ရွာတွေရှိတယ်ကွ၊ ရွာသားတွေကတော့ တောထဲကိုရောက်ကြမှာပေါ့၊ ငါတို့ဘက်ကလူတွေလည်း တချို့သွားလာကြတာတွေ့ရပါတယ်၊ မကြုံမိလို့ပါ၊ ဒီတောက မက်စရာသိပ်မရှိဘူးလေ"

တောအုပ်ထဲကို ဝင်လာခဲ့ကြသည်။ အမြဲတစေ မြူတွေက ဆိုင်းနေကြသည်။ တောထဲ စပြီးရောက်သွားခဲ့ကြသည်နှင့် အေးစိမ့်သွားကြသည်။

"မင်း တွေ့ခဲ့တဲ့အိမ်ကြီးက ဘယ်နေရာလောက်ဆီမှာလဲကွ"

"အထဲကို နည်းနည်းတော့ဝင်ရတယ်၊ ဟိုဘက်လောက်မှာ"

လင်းပိုင်ဇော်က လက်ညှိုးထိုးပြသည်။ ဆက်လျှောက်သွားခဲ့ကြသည်။ တော၏အစပ်ထက် ပိုပြီးတော့ လှမ်းလာခဲ့သည်။ သည်လမ်းအတိုင်းမဟုတ်ဘဲ ဘေးဘက်ကိုဖောက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။ လင်းပိုင်ဇော်က ခြေလှမ်းသွက်နေသည်၊ တက်ကြွနေသည်။ ထက်မောင်သည်လည်း ဟိုကြည့်သည်ကြည့်နှင့် လိုက်ပါလာခဲ့သည်။

"ဇော် . . . မရောက်သေးဘူးလားကွ၊ ငါတို့ ဒီသက်ကို လျှောက်လာခဲ့တာ တော်တော်များနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးကွာ . . . ငါ သေသေချာချာ မှတ်ထားတာပါ၊ ဟောဒီနေရာပါပဲ"

ပြောသာပြောလိုက်ရသည် ဇဝေဇဝါဖြစ်နေသည်။ လမ်းမမှားဘူးဆိုတာကိုလည်း သိနေသည်။ သို့စဉ်လျက် အိမ်ကြီးကို ခုထက်ထိ မတွေ့နိုင်သေး။ မည်သို့ကြောင့်ပါလဲ၊ မြူပါးပါးတို့က ရှေ့မှာရစ်ဆိုင်းလျက်ရှိနေသည်။ ထက်မောင်သည်လည်း ကူပြီးတော့ ရှာပေးနေသည်။

ထိုစဉ် ရှေ့တွင် မြူလုံးကြီးတွေက ဖွားခနဲ ဖွားခနဲဆို ကျဆင်းလာကြသည်။ လင်းပိုင်ဇော်၏ ခြေလှမ်းတွေက ရပ်တန့်သွားခဲ့ကြသည်။

"ဒီနေရာလောက်မှာပဲ၊ အိမ်ကြီးရဲ့အနားတစ်ဝိုက်မှာ မြူတွေက တအားကျတာ"

"မင်းပြောမှပဲ သတိထားမိတော့တယ်၊ ဒီနေရာမှာ မြူတွေက တအားကိုကျနေတာပဲ၊ တခြားနေရာတွေနဲ့မတူဘူး၊ ဒါ ဘယ်လိုဖြစ်တာလဲ"

အဖြေမသိ၊ အဖြေမရှိ။ သွားရမည်ဆိုလျှင် နှင်းမြူတောကို တိုးဝင်ပြီးတော့သာ ဖောက်ဝင်သွားရမည်ဖြစ်သည်။

✺ ✺ ✺



## အခန်း (၇)

## အဏ္ဏဝါလက်ဆောင်

ထက်မောင်သည် ထူထဲစွာကျဆင်းလျက်ရှိသော မြူများကိုကြည့်ပြီးတော့ အံ့အားသင့်နေမိသည်။ ဤနေရာတွင် ထူးခြားချက်တစ်ခုခုများ ရှိနေသလားဟူ၍။

"မင်းရောက်ခဲ့တာ ဒီနေရာအမှန်ပဲနော် ဇော်"

"ငါ မမှားပါဘူးကွာ၊ ဒါပေမဲ့ အိမ်ကြီးကို ဘာကြောင့် မတွေ့ရသလဲဆိုတာ စဉ်းစားနေတာ"

"မင်းရောက်ခဲ့တာ သေချာရင် တွေ့ရမှာပေါ့ကွ၊ အိမ်ကြီးတစ်လုံးလုံး ပျောက်မသွားနိုင်ပါဘူး၊ မင်း လမ်းမှားသွားပြီထင်တယ်"

"ဘယ်နည်းနဲ့မှ မမှားနိုင်ဘူး ကိုထက်"



www.burmeseclassic.com

www.burmeseclassic.com



''ကဲ . . . ဒါဖြင့် ဆက်ရှာကြမလား၊ မြူတွေထူထပ်နေတဲ့နေရာက ဒီတစ်နေရာတည်း ဟုတ်ချင်မှဟုတ်မှာ''

''ဆက်ရှာမယ်ကွာ''

လင်းပိုင်ဖော်ကလည်း လက်ခံသည်။ ထို့ကြောင့် မြူတွေ ထူထပ်သောနေရာ ဧပြီးတိုးဝင်ခဲ့ကြသည်။ ရှေ့ ငါးပေလောက်သာ မြင်ရသည်။ ထိုထက်ကျော်ပြီးတော့ မမြင်နိုင်။ နှစ်ယောက်အတူ ယှဉ်ပြီးတော့ ဆက်လျှောက်လာခဲ့ကြသည်။ သစ်ပင်ကြီးငယ်တို့သည် မြူလွှမ်းနေသောကြောင့် ဝိုးတဝါးသာ မြင်တွေ့နေ ရသည်။ ရှေ့ကိုတိုး၍ တိုး၍သာ လာခဲ့ကြသည်။ အိမ်ကြီးနှင့် တူသည့်သဏ္ဌာန်ကိုပင် မတွေ့မိကြ။

''ငါတို့ တော်တော်များများ လျှောက်လာခဲ့ကြပြီကွ၊ ဘာမှမထူးဘူး၊ နောက်ကြောင်းကိုပြန်လှည့်ကြမယ်''

ထက်မောင်က စိတ်မရှည်သလိုပြောလိုက်သည်။ လင်းပိုင်ဖော် စိတ်ကျေနပ်မှုရှိစေရန်အတွက်သာ လိုက်လျောမိရသည်။ ဤနေရာတွင် အိမ်ကြီးတစ်အိမ်ရှိသည်ဟု ပြောသည်ကို နဂိုကတည်းက မယုံချင်။ လင်းပိုင်ဖော်သည်လည်း ထက်မောင်ကို အားနာလာမိသည်။

''အေးကွာ . . . ပြန်ကြတာပေါ့''

လာရာလမ်းအတိုင်း နောက်ကြောင်းကို ပြန်အလှည့်မှာ





''ဖော် ဟိုမှာကြည့်စမ်း''

''ဘာလဲ ဘာလဲ၊ အိမ်ကြီးကို တွေ့ပြီလား''

''မဟုတ်ဘူး၊ ကြည့်လေ ဘာလဲဆိုတာ''

ထက်မောင် လက်ညှိုးထိုးပြသည့်နေရာကို ကြည့်လိုက်ရာ အံ့အားသင့်သွားမိသည်။ ခပ်လှမ်းလှမ်းတွင် ပင်လယ်ကမ်းစပ်လိုလိုမျိုးကို တွေ့လိုက်ရသောကြောင့်ပင်။

''ဘယ်လိုလဲ . . . ရေပြင်ကြီးပါလား၊ ဒီလိုနေရာမျိုးမှာ ဒါမျိုးရှိသလား''

''ဒေသခံတွေလည်း ဘာမှပြောသံမကြားဘူးကွ၊ ငါ ရောက်နေတာပဲ ကြာလှပြီ၊ ခုမှပဲတွေ့ဖူးတာ''

အံ့သြနေမိကြသည်။ မြူတွေကြားထဲမှာ မြင်နေရသဖြင့် ဝိုးတဝါးဆန်နေကြသည်။ သိပ်မသဲကွဲ။

''ပန်းချီကားတစ်ချပ်ကိုကြည့်နေရသလိုပဲ ကိုထက်၊ ငါ့ရှေ့မှာ ထူးဆန်းတဲ့ပန်းချီကားကြီးတစ်ချပ်ကို ထောင်ထားသလိုပဲ''

''ပန်းချီကားမဟုတ်ဘူးကွ၊ တကယ့်ရှုခင်း''

ထိုနေရာကို လျင်မြန်စွာပင် လျှောက်သွားခဲ့ကြသည်။ မြူတွေက တဖြည်းဖြည်းနှင့် ပါးလာခဲ့ကြသည်။ မြင်ကွင်းသည်လည်း ကြည်လင်လာခဲ့သည်။ နောက်ဆုံး သူတို့တွေ့လိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်ကား အမှန်တကယ်ပင် ရေပြင်ကြီးအတိဖြစ်နေခြင်းပင်တည်း။ ကမ်းခြေမှာ ကျောက်ဆောင်များကို မြင်တွေ့နေရသည်။ အဝေးမှပြေးလာကြသော ရေလှိုင်းများက ကျောက်ဆောင်များကို ရိုက်ခတ်နေကြသည်။ သို့သော် အသံများက ထွက်ပေါ်မလာကြ။

အရှိန်ပြင်းစွာဖြင့် ပြေးဝင်လာသော လှိုင်းများသည် ကျောက်ဆောင်များကို ရိုက်ခတ်ကြရာတွင် မည်သည့်အကြောင်းကြောင့် အသံများက ထွက်ပေါ်မလာခဲ့ကြပါသလဲ။

"ဇော် ... ရေလှိုင်းတွေက ကျောက်ဆောင်ကို အရှိန်ပြင်းပြင်းနဲ့ ရိုက်ခတ်တာတောင် အသံကထွက်မလာပါလား"

"အေး ... အသံတွေလည်း မကြားရဘူး၊ ဘယ်လိုဖြစ်တာလဲ"

အံ့အားသင့်နေမိကြသည်။ စဉ်းစား၍လည်း အဖြေက မပေါ်။ ယုတ်စွအဆုံး ရေထဲမှာ လှိုင်းတဖျပ်ဖျပ်ဖြင့် လွန့်လူးနေသော အသံများကိုပင် မကြားရ။ ထို့အပြင် လေက တဟူးဟူးနှင့် တိုက်ခတ်နေသော်လည်း လေတိုးသံပင် ထွက်ပေါ်မလာ။ လေတိုက်ခံရသည့်အခြေအနေကိုတော့ ထိတွေ့ခံစားမိရသည်။ အသံတိတ်မြင်ကွင်းကြီးတစ်ခုကို ရှုစားနေရသလိုပင်။

"အသံတွေက ဘယ်ကိုရောက်သွားတာလဲ၊ ငါတော့ စဉ်းစားလို့ကို မရဘူးကွာ"





လင်းပိုင်ဇော်က နားမလည်နိုင်။ နှုတ်က မကျေမနပ်နှင့် ထွက်သွားသည်။ သို့သော် နှုတ်ကသာပြောလိုက်သည် အသံက အပြင်ကိုထွက်မလာ။ သူလည်း မကြားရ၊ ထက်မောင်လည်း မကြားရ။

"အေးကွာ ... ဒါ ပယောဂတစ်ခု စွက်ဖက်နေတာပဲ"

ထက်မောင်ကလည်း ပြောလိုက်သည်။ သို့သော် သူ့အသံလည်း အပြင်ကိုထွက်မလာ။ ကိုယ်ပြောသည့်စကား ကိုယ်ပဲသိသည်၊ နားလည်သည်။ စဉ်းစားလို့မရအောင်ပင် ဖြစ်နေကြသည်။

"ဘာဖြစ်လို့ ဒါလောက်တောင် တိတ်ဆိတ်နေရတာလဲ"

လင်းပိုင်ဇော်သည် စိတ်ပေါက်ပေါက်နှင့် အသံကုန်အော်ဟစ်လိုက်လေရာ ...

'ဝုန်း ဝုန်း'

ထိုအခါကျမှ အသံက ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့လေသည်။ လှိုင်းပုတ်သံများ၊ လေတိုက်ခတ်သံများကအစ ပီပြင်စွာပင် ကြားလာခဲ့ကြရသည်။

"ဘယ်လိုဖြစ်သွားခဲ့တာလဲ၊ ခုမှ နားတွေပွင့်သွားတယ်၊ နားဖာချေးများ ဆို့နေလို့လား ကိုထက်"



www.burmeseclassic.com

''အေး ... ဒါမှမဟုတ်ရင်လည်း ငါတို့နှစ်ယောက်စလုံး တစ်ခဏ နားပင်းသွားတာပဲဖြစ်ရမယ်၊ ဒီနေရာဟာ ထူးခြားမှု ရှိနေတယ်ကွ၊ မင်း သတိထားမိရဲ့လား''

''ဟုတ်တယ် ... တစ်မျိုးပဲကွ၊ ဒီတောထဲကို စပြီးဝင်လာကတည်းက စိတ်ထဲမှာ အမျိုးမျိုးပဲခံစားနေရတယ်၊ ငါတို့ ရှေ့ဆက်သွားကြမလား၊ နောက်ကြောင်းကို ပြန်လှည့်ကြမလား ကိုထက်''

''သွားကြည့်မယ်ကွာ၊ ပင်လယ်ကမ်းခြေဆိုတာ ငါ တစ်ခါမှ မမြင်ဖူးဘူး၊ ရောက်လည်းမရောက်ဖူးဘူး၊ ကြုံတောင့်ကြုံခဲကွာ''

''အေး ... ဒါဆိုရင်လည်း ပြီးရော''

ဆက်လျှောက်လာခဲ့ကြသည်။ ကမ်းစပ်တစ်လျှောက်မှာ ကျောက်ဆောင်များက တစ်သီတစ်တန်းကြီးရှိနေသည်။ အချို့နေရာများတွင် အနည်းငယ်ကွာဟနေကြသည်။ ပင်လယ်ဘက်မှ လှိမ့်ဝင်လာသော လှိုင်းလုံးကြီးများသည် ကျောက်ဆောင်များကို တဝုန်းဝုန်း၊ တဖြောင်းဖြောင်းဖြင့် လာရောက်ရိုက်ခတ်နေကြသည်။ အချို့သည် ကွာဟနေသောနေရာများမှ လှိမ့်ပြီးတော့ ဝင်လာခဲ့ကြလေသည်။

ထိုစဉ် လှိုင်းလုံးတစ်လုံးသည် ကျောက်ဆောင်နှစ်ခုကြား





မှ ဖြတ်ပြီးတော့ ဝင်လာခဲ့သည်။ ကမ်းစပ်ကိုပင်ကျော်ပြီး အပေါ်ကို ရောက်လာခဲ့သည်။ ရေများက ပြန်ဆင်းသွားကြသောအခါ လင်းပိုင်ဇော်၏ခြေထောက်အနားတွင် အရာဝတ္ထုတစ်ခုကတင်ကျန်ရစ်ခဲ့သည်။

✺

အုံ့အားတသင့်နှင့် ကောက်ယူပြီးတော့ ကြည့်မိလိုက်သည်။ ရှစ်လက်မ ဓားမြှောင်တစ်ချောင်း။ ဓားအိမ်က သားရေအကောင်းစားဖြင့် ပြုလုပ်ထားသည်။ ဓားအိမ်သည် မဆွေးမမြည့်သေး။ ယခုထက်ထိ ကောင်းနေသေးဆဲ။

''ဇော် ... ရေထဲကပါလာတာပဲကွ၊ သင်္ဘောသားတွေသုံးတဲ့ ဓားမြှောင်မျိုးထင်တယ်''

''အေး ... လှိုင်းကသယ်လာတာဆိုတော့ အဏ္ဏဝါလက်ဆောင်ပေါ့ကွာ''

ဓားမြှောင်လက်ကိုင်ရိုးကို ဆင်စွယ်ဖြင့်ပြုလုပ်ထားသည်။ ဆွဲချွတ်ကြည့်သည်။ အနည်းငယ်ကျပ်နေသည်။ သားရေဓားမြှောင်အိမ်သည် ရေဝနေခြင်းမရှိ။ အနည်းငယ် ဓားစိုက်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါကျမှ ကျွတ်ထွက်လာသည်။ မားကလည်း မားကောင်းပင်။ တစ်နေရာမှာ ရေးထိုးထားသော စာလုံးလေးနှစ်လုံးကို တွေ့လိုက်ရသည်။

ငှက်ခါး ...။

''ဟင် ... ငှက်ခါးဆိုပါလား၊ ဒါ ငှက်ခါးဆိုတဲ့သူပိုင်တဲ့ မားမြောင်ပဲ၊ နေပါဦး ... ဒီနာမည်ကို ငါသိနေပါတယ်၊ ဘယ်လိုသိနေပါလိမ့်''

လင်းပိုင်ဇော်သည် စဉ်းစားနေရင်းက သတိရသွားသလို

''ဟင် ... ဒါ ပင်လယ်ဓားပြကြီးငှက်ခါးရဲ့ နာမည်ပဲ၊ သူပိုင်တဲ့မားကြီးများလား''

''ဘာ ... ပင်လယ်ဓားပြကြီးငှက်ခါး ... ဟုတ်လား၊ မင်းရဲ့ပန်းချီကားထဲက လူကြီးကိုပြောတာလား''

''ဟုတ်တယ် ... သူပဲဖြစ်မှာပဲ''

''ဒါ တိုက်ဆိုင်မှုတစ်ခုပါကွာ၊ ဘယ်လိုနေရာမဆို ဒီလို တိုက်ဆိုင်မှုမျိုးတွေ ရှိတတ်ကြတာပဲ ဇော်''

''အေးလေ ... ဖြစ်တတ်ပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့တိုက်ဆိုင်မှုကတော့ အံ့ဩစရာကောင်းတယ်၊ ကွင်းဆက်ရှိနေသလိုပဲ၊ ဟိုအိမ်ကြီး၊ ဟိုအမျိုးသမီးကြီး၊ ပန်းချီကားထဲကလူကြီး၊ ပြီးတော့ ငါဆွဲခဲ့တဲ့ပန်းချီထဲကလူကြီးကလည်း ငှက်ခါးပဲလေ''





''အေး ... ဒါတော့မှန်တယ်၊ ထူးဆန်းတဲ့တိုက်ဆိုင်မှုတစ်ခုပေါ့ကွာ၊ နို့ပေမယ့် စဉ်းစားကြည့်ရင် အသေးအမွှားလေးတွေပါ၊ အဲဒါထက်ပိုပြီးတော့ ဘာမှ ဖြစ်မလာကြပါဘူး''

ထို့နောက် ဆက်ပြီးတော့ လျှောက်လာခဲ့ကြသည်။ တစ်နေရာကိုအရောက်တွင် အသံဟူသမျှ ရုတ်တရက် ဆိတ်သုဉ်းသွားခဲ့ကြပြန်သည်။ နားထဲမှာလည်း ပိတ်ဆို့ထားခြင်းခံနေရသလို အူနေသည်၊ နားပိတ်ဖြစ်နေသည်။ ခန္ဓာကိုယ်သည်လည်း ကမ္ဘာဆွဲငင်အားမဲ့သောနေရာကို ရောက်နေကြသလို အလေးချိန်ကင်းမဲ့နေသလိုမျိုး ခံစားနေကြရသည်။ ကမ္ဘာလောကကြီးတစ်ခုလုံးသည် အသက်ကင်းမဲ့သွားကြသလိုပင်။

''ဘယ်လိုဖြစ်ပြန်တာပါလိမ့်''

လင်းပိုင်ဇော် နှုတ်ကပြောကြည့်လိုက်သည်။ အသံထွက်လာသော်လည်း မကြားရ၊ ခံစားချက်ကိုယ်စီဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် ဆက်လျှောက်သွားကြသည်။ တစ်နေရာကိုအရောက်တွင် ...

'ဝုန်း ဖြောင်း ဝုန်း ဝုန်း'

ပိတ်နေကြသောနားများသည် ပွင့်ထွက်သွားကြသလို အသံပေါင်းမျိုးစုံတို့ကို ကြားလိုက်ကြရပြန်သည်။ လှိုင်းသံ လေသံများက ဆူညံမြည်ဟည်းလျက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ စဉ်းစားလို့ကိုမရဘူးကွာ၊ ဒါ သိပ္ပံပညာနဲ့များ ဆိုင်နေမလား၊ ငါတို့ဖြတ်လာခဲ့တဲ့နေရာ ခဏကလေးမှာ ကမ္ဘာ ဆွဲငင်အား လျော့နည်းသွားသလိုလည်း ခံစားလိုက်ရတယ်၊ ပြီးတော့ အသံဟူသမျှလည်း ဆိတ်သုဉ်းသွားတယ်၊ ပြီးတော့ ပြန်ပြီးတော့ ကြားလာခဲ့ရပြန်တယ်၊ အသံမဲ့ဇုန်တစ်ခုထဲကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းလောက် ကျရောက်သွားခဲ့ကြတာများလား"

"ဇော် ... ငါကတော့ ဒီကိစ္စဟာ ဂမ္ဘီရပိုပြီးတော့ ဆန်တယ်လို့ ထင်မိတယ်၊ နေရာတိုင်းကို သိပ္ပံပညာနဲ့ တိုင်းတာလို့ မရဘူးကွ၊ ဝိဇ္ဇာပညာဆိုတာကလည်း လွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးထောင်အထက်ကတည်းက ရှိခဲ့တာမဟုတ်လား"

လင်းပိုင်ဇော်သည် ထက်မောင်၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

"မင်းက ဒါမျိုးတွေကို အစကမယုံကြည်ပါဘူး၊ ငါကြုံခဲ့ဖြစ်ခဲ့တာတွေကိုလည်း တိုက်ဆိုင်မှုဆိုပြီးတော့ ခဏခဏ ပြောတယ်၊ ခုတော့ တစ်မျိုးပြောလာပြန်ပြီ"

"ငါက နှစ်ဖက်မျှပြီးတော့ တွေးမိလို့ပါ၊ ဝိဇ္ဇာပညာ, ဝိဇ္ဇာလောကမှာလည်း ငါတို့ မထင်မှတ်တာတွေ, မတွေးမိတာတွေ ဖြစ်နေကြတာပဲ မဟုတ်လား၊ ကြားနေကြရတာပဲ မဟုတ်လား"





"အေး ... အဲဒီပြဿနာတွေကတော့ ခုထက်ထိ ရှင်းလို့မရသေးဘူးလေ၊ အမြဲတမ်း တိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေထဲက တချို့တောင် ဂမ္ဘီရဆိုတာတွေကို လေ့လာနေကြတယ်၊ လက်ခံသူတွေကလည်း ရှိနေကြပြီပဲမဟုတ်လား"

ထိုစဉ် ...

'ဝုန်း ဝုန်း ဝုန်း ဖြောင်း ဖြောင်း'

ကျောက်ဆောင်တစ်ခုကို ပိုပြီး အရှိန်ပြင်းစွာဖြင့် ရိုက်ခတ်လာသော လှိုင်းသံကြောင့် စကားစပြတ်သွားခဲ့ကြသည်။ အသံက ကျယ်လောင်လွန်းလှသဖြင့် လှမ်းကြည့်မိလိုက်ကြသည်။ သူတို့တွေ့လိုက်ကြရသည်ကား ကမ်းစပ်တွင် ညီညာပြန့်ပြူးသော ကျောက်ဖျာကြီးကို ရှိနေသောအရာတစ်ခုပင်။

"ကျောက်ဆောင်လည်းမဟုတ်ဘူး၊ ရောမကျောက်ဖျာကြီးတစ်ချပ်လိုပါပဲလား ကိုထက်"

"အေးကွ ... ခုမှ သတိထားပြီးတော့ ကြည့်မိတယ်၊ ငါတို့မမြင်မှာစိုးလို့ လှိုင်းခပ်ကြမ်းကြမ်း ရိုက်ပြလိုက်တာလား မသိဘူး"

"မင်းကလည်း အတွေးက ချော်ပြန်ပြီ၊ လာကွာ ... တက်ကြည့်ရအောင်"

တော်ရုံဆန်းကြယ်မှုကိစ္စမျိုးကို မယုံကြည်အတ်သော



www.burmeseclassic.com

www.burmeseclassic.com



ထက်မောင်သည့် ယခုတော့ အတွေးဆန်းများကို တွေးလာခဲ့သည်။ လင်းပိုင်ဇော် အံ့အားသင့်နေမိသည်။

[ကြုံနေရသည် လူတစ်ယောက်၏ပင်ကိုမူလစိတ်ကူး အတွေးများကို ပြောင်းလဲသွားအောင် ဖြစ်ပေါ်စေသော စွမ်းအင်တစ်မျိုးများ ရှိနေလေသလားဟု။ သို့မဟုတ်၊ လူ့စိတ်ဟူသည် ပတ်ဝန်းကျင်အပေါ် ထိတွေ့မှုများနှင့် ကြုံတွေ့ရသောအဖြစ်အပျက်များအပေါ်မှာ ခံစားထိတွေ့ပြီး မူလလက်ခံထားချက် ယူဆချက်များကို ပြောင်းလဲသွားတတ်စေသည်ဟု နားလည်မိသည်။]

ပြင်ညီပြားချပ်ချပ်ကြီးဖြစ်နေသော ကျောက်ဖျာကြီး၏ အနီးသို့အရောက်တွင် ဆယ်ပေခန့်မြင့်မားနေသည်ကို တွေ့ကြရသည်။ ထူးခြားသည်က ကျောက်ဖျာပေါ်ကိုတက်ရန် ကျောက်လှေကားထစ်များကို တစ်နေရာတွင် တွေ့လိုက်ရသည်။

"ကိုထက် . . . လှေကားထစ်တွေပါလားကွ၊ ဒါဟာ ရိုးရိုးကျောက်ဖျာကြီး မဟုတ်တော့ဘူး၊ တစ်ခုခုအသုံးပြုဖို့ စီစဉ်ထားတဲ့နေရာပဲကွ"

"အေး . . . ဟုတ်တယ်၊ ဘယ်လိုနေရာမျိုးမှာ အသုံးပြုတာလဲ မသိဘူး"

လှေကားထစ်များက နှစ်ယောက်ယှဉ်ပြီးတော့တက်သွား





လို့ရသည်။ ဤသို့ဖြင့် အပေါ်ကိုရောက်သွားခဲ့ကြသည်။ ထင်သည့်အတိုင်းပင် လေးထောင့်စပ်စပ် ကျောက်ဖျာကြီးသည် သဘာဝအတိုင်း ဖြစ်ပေါ်နေပြီး မျက်နှာပြင်က ညီညာပြန့်ပြူးသည်။ အကျယ်က ပေလေးဆယ်ခန့်ရှိသည်။ အရှည်ကတော့ တစ်မျှော်တစ်ခေါ်ကြီးပင်။

အဝေးမှလာသော လှိုင်းလုံးကြီးများသည် ကျောက်ဖျာကြီး၏ အောက်ခြေကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်လျက်ရှိနေကြသည်။ သို့သော် ကျောက်ဖျာကြီးကို မကျော်နိုင်ကြချေ။ သူတို့သည် ယင်းအပေါ်မှာ ဟိုသည်လျှောက်သွားကြည့်ကြသည်။ တစ်နေရာကိုအရောက်တွင် အမှတ်မထင် တွေ့လိုက်ကြရသည်က နှစ်တောင်ခန့်အမြင့်ရှိ သံပိုက်လုံးကြီးတစ်ခုပင်။ ထိပ်ပိုင်းက အနည်းငယ်ကွေးကောက်ထားသည်။

"ကိုထက် . . . ဒါကြီးက ဘာကြီးလဲကွ၊ သင်္ဘောတွေ ကမ်းကပ်တဲ့အခါမှာ ကြိုးချည်တဲ့ဟာမျိုး မဟုတ်လား"

"အေး . . . ဟုတ်တယ် အစစ်ပဲ၊ ဒါဆိုရင် ဒီနေရာဟာ သင်္ဘောတွေ ကမ်းကပ်တဲ့ ဆိပ်ကမ်းတစ်ခုပေါ့"

နှစ်ယောက်စလုံး စိတ်ဝင်စားသွားခဲ့ကြသည်။ သဘာဝ ကျောက်ဖျာကြီးက သင်္ဘောများဆိုက်ကပ်ရာနေရာကြီးတစ်ခု ဖြစ်နေသည်။ ဆက်လျှောက်ကာ လိုက်ပြီးတော့ လှော့လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေရာကိုအရောက်တွင် သံကြိုးပြတ်တစ်ခုကို တွေ့လိုက်ကြရသည်။ ထက်မောင်က ကောက်ယူပြီးတော့ ကြည့်သည်။ သံချေးရောင်တက်နေသော်လည်း သံကွင်းဆက်များက နိုင်ခံ့နေကြသေးသည်။

"သေချာတယ် ... ဒီနေရာဟာ အရင်က လူအဝင်အထွက်များပြီး သင်္ဘောကြီးတွေ ဝင်ထွက်သွားလာတဲ့နေရာပဲကွ"

မှတ်ချက်ချကြသည်။ ထို့နောက် တိုင်ပင်ထားကြသလို ကျောက်ဖျာကြီးပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြတော့။ ကမ်းခြေမှသာကာ တောထဲကိုပြန်ပြီးတော့ ဝင်လာခဲ့ကြသည်။ ရည်ရွယ်ချက်မဲ့နေကြသူများပမာ အိမ်အပြန်လမ်းကို ရှာဖွေနေကြသည်။ ရှေ့တွင် မြူတွေက ဆိုင်းနေကြလျက်။

❋ ❋ ❋



## အခန်း (၈)

## ဒေသစိမ်းတစ်ခုလို

သူတို့နှစ်ယောက်စလုံး အိမ်ကိုပြန်ရောက်ခဲ့ကြသော်လည်း မြင်တွေ့ခဲ့ကြရသည်များအတွက် မတင်မကျ ဖြစ်နေမိကြသည်။

"ဇော် ... ငါတော့ ဒီကိစ္စအတွက် တစ်မျိုးကြီးပဲ ခံစားနေရတယ်ကွာ၊ အဲဒီလိုနေရာမျိုးကို ငါတို့ရောက်သွားခဲ့တာကိုက လစ်ဟာနေတဲ့ ကွက်လပ်ကြီးတစ်ခုကို အစာထည့်ပေးချင်တဲ့ပုံမျိုးဖြစ်နေတယ်"

"ဘာ ... ဘယ်လို ကိုထက်၊ မင်းပြောတဲ့အဓိပ္ပာယ်က"

"ဟုတ်တယ်လေ ... ငါတို့ရောက်သွားခဲ့တဲ့နေရာဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုပဲမေးမေး မသိဘူးဘဲဖြစ်နေတယ်၊ ပြီးတော့ လူတွေက ငါတို့ကိုကြည့်တဲ့အကြည့်တွေကလည်း ခပ်ကြောင်ကြောင် တမင်ပဲ မသိတာလား၊ မသိချင်ယောင်ဆောင်နေကြတာပဲလား ဆိုတာ မပြောတတ်တော့ဘူး''

''အေး ... အမေးခံကြရတဲ့သူတွေကလည်း ငါတို့ကို ဘာတွေလာမေးနေကြတာလဲဆိုတဲ့ မယုံသင်္ကာစိတ်တွေက အပြည့်။ ပြီးတော့ ဟိုအိမ်ကြီးအကြောင်းကို မေးမိမှ ပိုပြီးတော့ ဆိုးသေးတယ်၊ ဒီကောင်တွေ ဘာတွေလာမေးနေတာပဲလို့ နှုတ်က မပြောရုံတမယ်''

''အေးလေ ... ဒီအိမ်ကြီးနဲ့ပတ်သက်ပြီး မင်းက သေချာပါတယ်ဆိုတော့ မေးကြည့်ရတာပေါ့ကွာ၊ တစ်ခုတော့ရှိတယ် ... အဲသည်အိမ်ကြီးနဲ့ မပတ်သက်ချင်ကြလို့ပဲလား၊ တကယ်ပဲ မသိကြလို့ပဲလား၊ ငါတို့မေးတိုင်း ခေါင်းခါနေကြတာ၊ တစ်ခုခုတော့ တစ်ခုခုပဲ ဇော်၊ နေပါဦး ... မင်းကော အဲဒီအိမ်ကြီးဆီကို တကယ်ရောက်ခဲ့တာကော ဟုတ်ရဲ့လား ဇော်''

''မင်းက မေးပြန်ပြီ။ ငါ ကျိန်ပြောဆို ပြောရဲတယ်ကွာ''

''ပိုပြီးတော့ သေချာအောင် မေးရတာကွ၊ ဒါဆိုရင် ငါတို့ရှာမတွေ့ကြတာ လမ်းမှားသွားကြလို့လား၊ အဲဒါမှမဟုတ် အိမ်ကြီးက နေရာရွှေ့သွားလို့များလား ဇော်''





''မင်းကကွာ ပြောရော့မယ်''

ရယ်မိကြသည်။ သူတို့ကောက်ရလာခဲ့ကြသော ဓားကို ပြန်ပြီးတော့ ကြည့်မိကြသည်။

''ငါ့အိပ်မက်ထဲက ပင်လယ်ဓားပြကြီးရဲ့အမည်က ငှက်ခါးတဲ့၊ ဒီဓားကို အရင်ကောက်ရပြီးမှ စိတ်စွဲပြီး ငှက်ခါးဆိုတဲ့ လူကြီးကို အိပ်မက်မက်တာဆိုရင်ထားတော့၊ အခု အဲဒီလူကြီးရဲ့ ဓားကိုကောက်ရခဲ့တာက နောက်မှ''

''ဇော် ... မင်းက အဲဒါကို ခေါင်းထဲမှာ စွဲမထားနဲ့၊ တိုက်ဆိုင်မှုတစ်ခုလို့ပဲမှတ်''

''တိုက်ဆိုင်မှုဆိုတာကလည်း လွန်လွန်းတယ်၊ ရေအောက် သဲနုန်းတွေထဲမှာရှိတဲ့ ဒီဓားမြောင်က လှိုင်းနဲ့အတူ ဘယ်လိုပါလာခဲ့တာလဲ ကိုထက်''

''ဒါလည်း အကြောင်းကြောင်းကြောင့်ပေါ့ကွာ၊ ခုအခါ ငါ့ခေါင်းထဲမှာရှိနေတာက အဲဒီနေရာကို နောက်တစ်ခါသွားပြီး တော့ လေ့လာချင်သေးတယ် ဇော်''

''ဟာင် ... မင်းက''

''ဟုတ်တယ် ... ငါ မကျေနပ်သေးဘူး၊ သည့်ထက်ပို ပြီးတော့ သိချင်သေးတယ်၊ ပြီးတော့ မင်းပြောတဲ့အိမ်ကြီးနဲ့ ဒေါ်မြသီတာဆိုတဲ့ အမျိုးသမီးကြီးကိုလည်း ဆက်ပြီးတော့ ရှာ

www.burmeseclassic.com



ချင်သေးတယ်ကွာ''

''ငါလည်း မင်းလိုပဲ ဆန္ဒရှိတာပဲ ကိုထက်၊ အဲဒီတော့''

''နေဦးကွာ ... သုံးရက်လောက်နေပြီးရင် ငါတို့ထပ်သွားကြမယ်၊ ခြံအလုပ်တွေကိုလည်း ဦးမောင်မောင်နဲ့ သေသေချာချာ အပ်ထားခဲ့ရမယ်''

''ငါတို့ ဒီလောက်အချိန်ပေးဖို့လိုလို့လားကွ၊ နေ့ချင်းပြန်ပဲဟာ''

''ဟာ ... ဘယ်ပြောလို့ရမလဲ၊ ငါ့စိတ်ထဲမှာ ကမ်းခြေနေရာက ဒို့ထက်ပိုပြီးတော့ စိတ်ဝင်စားစရာတွေရှိဦးမှာ''

''အေးလေ ... မင်းသဘောပဲ''

---

သုံးရက်ကြာပြီးသောနောက် လင်းပိုင်ဖော်နှင့်ထက်မောင်တို့သည် နံနက်စောစောမှာပင်လျှင် ရိက္ခာအပြည့်အစုံနှင့် ထိုနေရာကို ထွက်လာခဲ့ကြသည်။ ကမ်းခြေတစ်လျှောက်တွင် တစ်နေကုန်ရှိနေကြမည်ဖြစ်၍ တစ်နေ့စာ အစားအစာများကိုပါ ယူလာခဲ့ကြသည်။ တောထဲတွင် အိမ်ကြီးကိုမတွေ့ကြရသည်မှာ





တကယ်ပင် လမ်းမှားခဲ့ကြလေသလားဟု ထင်မိကြသည်။ တောထဲကိုရောက်သော် ...

''ကိုထက် ... ငါ တကယ်လမ်းမမှားဘူးကွ၊ ငါ ချိုးသွားတာ ဟောဒီနေရာပဲ၊ ဟိုတစ်ခါ ဘယ်လိုလွဲသွားတာလဲ မသိဘူး''

''မင်း လမ်းမှားလို့မတွေ့ရတာပေါ့ကွ၊ ငါကတော့ တစ်နေရာရာကနေသွားရင် တွေ့ရလိမ့်မယ်ထင်တယ်''

လင်းပိုင်ဖော်သည် ခေါင်းကိုယမ်းခါလိုက်ပြီးမှ ...

''မင်းသဘောပဲကွာ၊ တခြားတစ်နေရာရာက သွားချင်လည်းသွားပေါ့''

''မင်းက မမှားဘူးဆိုတာ သေချာတယ်ဆိုရင်လည်း ဟိုနေ့ကသွားတဲ့လမ်းအတိုင်း သွားပေါ့ကွာ''

''မင်းကလည်း ဖြစ်ရပြန်ပြီ''

သူတို့အိမ်မှထွက်လာကြသောအချိန်သည် နံနက်စောစော ဝေလီဝေလင်းပင်ဖြစ်၏။ သူတို့သွားလာနေကြသည်ကို မည်သူကမှ ဂရုမစိုက်ကြချေ။ အကဲခတ်သောအကြည့်များနှင့်ပင် မကြည့်ကြပေ။ ဘာသိဘာသာပင်နေကြသည်။ မိတ်ဖွဲ့ခြင်း စပ်စုလို ခြင်း မရှိကြ။ ခြုံပြီးတော့ပြောရလျှင် သူစိမ်းပြင်ပြင်ပမာ နေတတ်ကြသည်။ အကူအညီ အရေးတကြီးလိုလျှင်ပင် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ရလွယ်ပါ့မလား။ ထိုအခြေအနေမျိုးကိုရောက်လာခဲ့လျှင်တော့ ရှိုင်းအုံ့မထင်။ ဘာသာလဝါနေတတ်သည်ကလွဲ၍ ရိုးသားသော အမူအရာမျိုး ရှိကြသောကြောင့်ပင်။ ယခုတော့ နေစိမ့်ကြသည်။

ရှေ့တွင် မြင်ကွင်းက ကြည်လင်စွာရှိနေရာက ချက်ချင်း လိုလိုပင် မြူတွေက ကျလာခဲ့သည်ကို တွေ့လိုက်ကြရသည်။

"စောစောက ဒီလိုမဟုတ်ပါဘူးကွာ၊ ခုမှ မြူတွေက ကျလာခဲ့တယ်၊ ဘာကြောင့် ဒီလိုဖြစ်တာလည်းတော့ မသိဘူး"

"အေးကွ ဇော် . . . ဆန်းတော့ဆန်းသားပဲကွ၊ ဟိုနေ့ ကလိုပဲ ဒီနေရာကိုပဲ ဖောက်ပြီးသွားရဦးမှာပေါ့ကွာ"

မြူတောထဲက ဖောက်ပြီးတော့ ထွက်လာခဲ့ကြသည်။ မြူတွေက ပါးလွှာသည့်နေရာက ပါးလိုက်၊ ထူသည့်နေရာက ထူလိုက်နှင့် ရှိနေသည်။ တစ်နေရာကိုအရောက်တွင် ခပ်လှမ်း လှမ်း၌ မြူတွေကြားထဲမှာ အဆောက်အအုံကြီးလိုလိုသဏ္ဍာန်ကြီး တစ်ခုကို ဝိုးတဝါးတွေ့လိုက်ကြရသည်။ လင်းပိုင်ဇော်၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

"ကိုထက် ဟိုမှာကြည့်စမ်း . . . အဆောက်အအုံကြီး မဟုတ် လား"

"အေး . . . ဟုတ်တယ်ကွ၊ မင်းပြောတဲ့အိမ်ကြီးများ လား၊ ဟိုတစ်ခေါက်က ဘာကြောင့်မတွေ့ရတာလဲ၊ လာကွာ"





ထက်မောင် စိတ်အားထက်သန်သွားသည်။ ထိုနေရာကို လျင်မြန်စွာပင် လျှောက်သွားခဲ့ကြသည်။ သို့သော် အနားကို ရောက်သော် ယင်းအဆောက်အအုံကြီးကို မတွေ့ရတော့ချေ။

"ဟင် . . . မင်းနဲ့ငါ အတူတူမြင်လိုက်ကြရတာပါ၊ ဘယ်ရောက်သွားသလဲ"

"ဇော် . . . ဟောဒီအပင်ကြီးတွေကိုများ အိမ်ကြီးလို့ ထင်သွားမိကြတာလားကွာ"

ယင်းနေရာတွင် မြင့်မားသော အပင်ကြီးများက အနိမ့် အမြင့်အလိုက် နီးကပ်ပူးကပ်စွာပင် ပေါက်နေကြသည်။

"မဖြစ်နိုင်တာကွာ . . . အိမ်ကြီးမှ အိမ်ကြီးအစစ်ပါ၊ အမြင်မှားစရာ မရှိပါဘူး"

လင်းပိုင်ဇော် မကျေမနပ်ဖြစ်သွားခဲ့ရသည်။ မည် သည့်အရာကိုမှ ပုံသေကားကျ မှတ်ယူထား၍မရ။ လွဲချော်တတ် သည် မဟုတ်ပါလား။ စိတ်လျှော့လိုက်ရသည်။ ထူးခြားသည်က ယင်းနေရာကို ဖြတ်သွားနေစဉ်အတွင်းမှာ စိတ်ရောကိုယ်ပါ ပေါ့ပါးနေလျက်ရှိသည်။ ခြေထောက်နှင့်မြေပြင် မထိသလိုပင်။ မိမိတို့နှင့် မသက်ဆိုင်သော ဒေသစိမ်းတစ်ခု (သို့မဟုတ်) ကမ္ဘာကြီး၏ အခြားတစ်နေရာဆီကို သွားနေကြသလိုပင်။

မကြာမီမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ဝုန်း ဝုန်း'

လှိုင်းပုတ်သံများကို ကြားလာခဲ့ရသည်။ ယခုတော့ အသံများကိုပါ ကြားလာခဲ့ရပြီဖြစ်သည်။ ဟိုနေ့က ကျယ်လောင်သော လှိုင်းပုတ်သံများကို မကြားရ။ အကြားအာရုံဟူသမျှ စုတ်ယူ၊ ဖျောက်ဖျက်ထားခြင်းကို ခံနေရသလိုပင်။ ကမ်းခြေဆီကို ရောက်လာခဲ့ကြသည်။ သို့သော် ဟိုတစ်နေ့က မြင်ခဲ့ရသည့်နေရာမျိုး မဟုတ်။ နေရာလွဲနေသည်။ အမှတ်ပညာက ဤနေရာ မဟုတ်ဟု ငြင်းပယ်နေသလို ...

"ကိုလတ် ... ငါတို့ အခုရောက်လာခဲ့ကြတာ တစ်နေရာကွ၊ ဒီလမ်းကလာကြတာပဲ ဘယ်လိုအကြောင်းကြောင့် နေရာလွဲသွားခဲ့တာပါလိမ့်"

"ငါတို့က မြူတောထဲက ဖြတ်လာခဲ့ကြတာမဟုတ်လား။ ဟိုရောက် သည်ရောက်နဲ့ဆိုတော့ လွဲချင်လည်း လွဲမှာပေါ့ကွာ၊ ဒါပေမဲ့ ကျောက်ဖျာကြီးကတော့ ဒီအတိုင်းရှိနေသေးတယ်ဟေ့"

မှန်သည်၊ ကျောက်ဖျာကြီးကိုတော့ ကမ်းစပ်မှာ ထင်းထင်းကြီး မြင်တွေ့နေရသည်။ အချို့နေရာများတွင် ကျောက်လေကားထစ်များကို တွေ့ကြရသည်။ တက်ကြည့်ကြသည်။ ဤနေရာတွင် ပင်လယ်ဘက်ကလာသော လှိုင်းလုံးကြီးတွေက အရှိန်မတန့်ဘဲ ကျောက်ဖျာကြီးကို တဝုန်းဝုန်းနှင့် ပြေးဆောင့်နေ





ကြသည်။ သူတို့အပေါ်ကနေကြည့်နေကြစဉ်မှာ လှိုင်းလုံးကြီး တစ်လုံးက အဝေးမှပြေးလာနေသည်။

သို့သော် လှိုင်းသံကိုမကြားရတော့ပြန်။ ထို့နောက် ကျောက်ဖျာကြီးကို အရှိန်ပြင်းစွာဖြင့် ဝင်ဆောင့်လေသည်။ အသံများက ထွက်ပေါ်လာခြင်းမရှိ။

"ဟာ ... ဘယ်လိုဖြစ်တာလဲ၊ အသံမကြားရပြန်ဘူး"

လင်းပိုင်ဖော်က အံ့အားတသင့်နှင့်ပြောလိုက်ပြန်သည်။ သို့သော် သူ့အသံကိုပင် သူပြန်မကြား။

"ဖြစ်ပြန်ပြီ၊ အသံတွေပျောက်နေကြပြန်ပြီ"

ထက်မောင်၏ တအံ့တဩနှင့် ထွက်လာသည့်အသံကိုလည်း မကြားရပြန်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။ သက်ပြင်းချမိကြသည်။ ဤနေရာတွင် အသံတွေ ပျောက်ဆုံးနေကြသည်။

ဘာသံမှမကြားရ၍ ခြောက်ကပ်ကပ်ကြီးဖြစ်နေသည်။ ထိုအခါ ချောက်ချားလာမိကြသည်။ သတ္တိကောင်းကြသူများဖြစ်ကြလျက် စိတ်အားအလိုလိုငယ်လာကြကာ သွေးလန့်နေကြလေသည်။ သို့သော် ကျောက်ဖျာကြီးပေါ်ကပင်လျှင် ဆက်ပြီးတော့ လျှောက်လာခဲ့ကြသည်။ ထို့နောက် ဆက်မလျှောက်ကြဘဲ ပင်လယ်ဘက်ကိုပင် မျှော်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဟာ ရေတက်ရေကျရှိလိမ့်မယ် ကိုထက်၊ ရေတက်လာရင် ဟောဒီကျောက်ဖျာအထိ ရောက်လာလိမ့်မယ်၊ သင်္ဘောတွေလည်း ဒီမှာကပ်နိုင်ကြလိမ့်မယ်"

"ဖြစ်နိုင်တယ်၊ သင်္ဘောတွေ ဝင်ထွက်သွားလာ၊ ဆိုက်ကပ်တဲ့ ဆိပ်ကမ်းတစ်ခုပဲကွ၊ ငါတစ်ခု စဉ်းစားမိတယ် ဇော်"

"ဘာလဲကွ . . . ငါတို့နေကြတဲ့ ခြိမြေတွေ၊ တောအုပ်တွေ ရှိကြတဲ့နေရာကြီးဟာ အရင်က မြို့တစ်မြို့၊ ရွာကြီးတစ်ရွာများ ရှိခဲ့ဖူးသလားလို့၊ အဲဒီလို ထင်နေတာမဟုတ်လား"

"ဟုတ်ချင်လည်း ဟုတ်နိုင်မှာပေါ့ကွာ၊ ဒါပေမဲ့ အခု 'လက်ရှိနေနေကြတဲ့သူတွေက ငါတို့ အခုရောက်နေကြတဲ့ကမ်းခြေလိုနေရာကြီးကို ဘာဖြစ်လို့မသိကြတာလဲ၊ စကားစပ်မိလို့တောင် မပြောကြတာ ဘာကြောင့်လဲ၊ မသိကြတာလား၊ ဒါမှမဟုတ် ငါတို့ပဲ ရောက်ဖူးကြတာလား"

"အေး . . . အဲဒါကတော့ စဉ်းစားစရာပဲ၊ မသိဘဲနဲ့တော့ နေမှာမဟုတ်ပါဘူးကွာ၊ ဒီနေရာကို စိတ်မဝင်စားလို့ပေါ့၊ လုပ်ငန်းနဲ့လည်း မပတ်သက်ကြတော့ ဥပေက္ခာပြုထားကြတာ ဖြစ်မှာပေါ့ ကိုထက်"

တိကျသောအဖြေ မဟုတ်၊ မခိုင်လုံသောအကြောင်းပြချက်များသာဟု ကိုယ့်ဘာသာကိုယ် သိကြသည်။ ထိုစဉ် . . .





'ဝုန်း . . ဖြန်း'

ကျောက်ဖျာကြီးကို လှိုင်းတစ်လုံးက အရှိန်နှင့်ပြေးဝင်လာပြီး ဆောင့်ထည့်လိုက်သည်။ ကျယ်လောင်သောအသံကြီးတစ်သံက ထွက်ပေါ်လာခဲ့လေသည်။

"ဟာ . . . အသံထွက်လာခဲ့ပြန်ပြီ"

ကျယ်လောင်စွာထွက်ပေါ်လာသော လှိုင်းသံကြောင့် နားထဲမှာ ဟိန်းထွက်သွားခဲ့ကြရသည်။ အမှတ်မထင် ဆောင့်ဝင်လာသည့်အသံကြောင့် တုန်ခါသွားခဲ့ကြရလေသည်။ ဘာကိုနားလည်ရမှန်းမသိကြ။

"ဆာတယ်ကွာ၊ စားကြရအောင်။ ဘာမှမစားဘဲထွက်လာခဲ့ကြရတာ"

"အေး ဇော် . . . ဒီနေရာမှာပဲ ငါတို့စားလိုက်ကြရအောင်"

ကျောက်ဖျာကြီးပေါ်မှာပင်လျှင် ပါလာသောအစားအစာများကို စားသောက်ကြသည်။ စားသောက်ပြီးနောက် သိပ်မကြာမီမှာ ထူးထူးခြားခြား အေးစိမ့်သောလေက သူတို့ကို တိုးဝှေ့ပြီးတော့ ထွက်သွားသည်။

"အေးလိုက်တဲ့လေကွ၊ တစ်ကိုယ်လုံးစိမ့်ပြီးတော့ ဘာက်သွားခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အေးကွာ ... ထူးထူးခြားခြား ညှေ့သည်လေကလည်း မပြောမဆို''

တစ်ခဏအကြာတွင် မျက်ခွံတွေ လေးလံလာခဲ့ကြသည်။

''အိပ်ချင်လိုက်တာကွာ၊ တစ်ရေးလောက် မှေးလိုက်ချင်တယ်''

''ဟုတ်ပါ့ ဖော်ရာ ... ဒီမှာ လေလေးတဖြူးဖြူးနဲ့ အိပ်လိုက်ရင် တုံးခနဲဆိုနေမှာပဲ''

ပါလာကြသော ကျောပိုးအိတ်များကို ခေါင်းအုံးကာ ခဏမှေးကြသည်။ ချက်ချင်းလိုလိုပင် ငိုက်ခနဲဖြစ်ကာ အိပ်ပျော်သွားခဲ့ကြလေသည်။

❋ ❋ ❋



## အခန်း (၉)

## မရည်ရွယ်သောခရီး

လင်းပိုင်ဖော်နှင့်ထက်မောင်တို့သည် အိပ်ကောင်းကောင်းနှင့် အိပ်ပျော်နေကြသည်။ အချိန်မည်မျှကြာသွားခဲ့ပြီလည်း မသိ။ ထိုစဉ် ...

'ရွှီး ရွှီး ရွှီး'

ကျယ်လောင်သောလေချွန်သံကြီးလိုလို ထွက်ပေါ်လာခဲ့သည်။ သို့မဟုတ် လက်ခေါက်မှုတ်လိုက်သည့် အသံမျိုးကိုပင်။ ထိုအခါ နှစ်ယောက်စလုံး လန့်ပြီးတော့ နိုးလာခဲ့ကြလေ၏။

''ဟင်''

''ဟာ''

ပတ်ဝန်းကျင်အခြေအနေကို မြင်တွေ့လိုက်ကြရသော



www.burmeseclassic.com

www.burmeseclassic.com



အခါ အုံ့အားသင့်သွားခဲ့ကြရလေသည်။ အခြေအနေကား မိုးချုပ်ခဲ့ပြီဖြစ်သည်။ သို့သော် အလင်းရောင်က ပြာပြာမှိုင်းမှိုင်းကြီး ဖြစ်နေသည်။

"ကိုထက် . . . ဘယ်လိုဖြစ်တာလဲကွ၊ ငါတို့က ဒီလောက်တောင် အိပ်ပျော်သွားခဲ့ရှသလား"

"ဟုတ်ပါ့ကွာ၊ တစ်နေ့လုံးလိုလို တစ်ချက်ကလေးမှ မနိုးတာ အံ့ချက်ပဲ၊ ခုမှနိုးလာခဲ့တာ ဘယ်လိုလုပ်ကြမလဲ။ အိမ်ကိုပြန်လို့လည်း မဖြစ်တော့ဘူး"

"အေး . . . ဟုတ်တယ်၊ ဘယ်ပြန်လို့ရတော့မှာလဲ၊ ဒါနဲ့ စောစောက ငါတို့ရဲ့နားထဲမှာ လက်ခေါက်မှုတ်သံကြီးလိုလို ကြားခဲ့ရှိတယ်၊ မင်းကော"

"အေး . . . ဟုတ်တယ်၊ ငါလည်း ကြားမိလိုက်တယ်၊ အဲဒီအသံကြောင့် လန့်ပြီးတော့ နိုးလာခဲ့ကြတာ မဟုတ်လားဇော်၊ နေပါဦး ပတ်ဝန်းကျင်အရောင်ကြီးက ဘယ်လိုဖြစ်သွားခဲ့တာလဲ၊ အလင်းရောင်က ပြာပြာမှိုင်းမှိုင်းကြီး"

ထိုင်နေရာကနေ၍ ရေပြင်ဆီကိုလှမ်းပြီးတော့ ကြည့်လိုက်ကြတော့လည်း မြူတွေက ဆိုင်းနေသည်။ ကောင်းကောင်း မမြင်ရ။ လှိုင်းများက လှုပ်ခတ်နေကြသော်လည်း အသံမကြားရ။

"ကိုထက် . . . ငါတို့ပြောနေတဲ့စကားပဲ ကြားနေကြရ





တယ်၊ ပင်လယ်ထဲက လှိုင်းပုတ်သံတွေကို မကြားရဘူးကွ၊ တွေ့လား . . . အဲဒီနေရာမှာ ကွက်ကွက်ကလေး အသံမဲ့နေတယ်"

"မဟုတ်ဘူး၊ အသံတွေက ငါတို့ဆီကို ရောက်မလာကြတာ"

ထိုစဉ် . . .

'ရှီ ရှီ ရှီ ရှီ'

လက်ခေါက်မှုတ်သံလိုလို စူးရှသောအသံများက ထွက်ပေါ်လာခဲ့ပြန်သည်။ ထို့ကြောင့် မိုးပေါ်ကိုမော့ကြည့်မိလိုက်ကြပြန်သည်။ ပထမသော် မည်သည့်အရာမှ မတွေ့ကြရ။ နောက်တော့ အနောက်အရပ်ဆီမှနေ၍ ပျံသန်းလာသလိုထင်ရသော သဏ္ဍာန်ကြီးတစ်ခုကို မြင်တွေ့လိုက်ကြရသည်။

"ဟာ . . . ဘာကြီးလဲ၊ ငှက်ကြီးလား"

"မိုးပေါ်က ပျံလာတယ်ဆိုတော့ ငှက်ပဲနေမှာပေါ့ ဇော်ရ"

ကြည့်နေရင်းကပင်လျှင် ထိုသဏ္ဍာန်ကြီးသည် သူတို့နှင့် တဖြည်းဖြည်း နီးကပ်လာခဲ့သည်။ သေချာစွာမြင်တွေ့လိုက်ရစဉ်မှာ . . .

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ''

သူတို့တကယ်ပင် အံ့အားသင့်သွားခဲ့ကြသည်။ ထင်မိကြသလို ငှက်ကြီးတစ်ကောင် မဟုတ်ပေ။ သင်္ဘောကြီးတစ်စီး ဖြစ်နေသည်။

''ကိုထက် . . . သင်္ဘောကြီးကွ၊ ငါတို့မြင်လိုက်ကြရတာ မိုးပေါ်မှာပါ၊ ဘယ်လိုကြောင့် နီးလာတော့မှ ရေထဲမှာဖြစ်နေရတာလဲ''

''အေးကွ . . . ငှက်ကြီးတစ်ကောင် ပျံသန်းလာသလို ဖြစ်ပြီးမှ သင်္ဘောကြီးတစ်စီး ဖြစ်သွားခဲ့ရတာလဲ၊ ရေပြင်ကြီးက မြူတွေ သိပ်ပြီးတော့ ဆိုင်းနေတယ်ကွာ၊ ဒါကြောင့် အရာဝတ္ထုတွေကို အမြင်သွေကွဲပြီးတော့ ကြည့်မိလိုက်ကြတာလား''

''မပြောတတ်တော့ပါဘူးကွာ၊ အလင်းရောင်ကြောင့် ထင်ယောင်ထင်မှားလည်း ဖြစ်နိုင်တယ်၊ ဒါနဲ့ . . . စောစောက အော်ပြီးထွက်သွားတဲ့အသံကြီးနဲ့ ဒီသင်္ဘောက ဘယ်လိုပတ်သက်နေသလဲ''

''ပတ်သက်နေတယ်လို့ ထင်လို့လား၊ ငါကတော့ မထင်ပါဘူးကွာ၊ သင်္ဘောကြီးဆီကလာတဲ့အသံ ဟုတ်ချင်မှလည်း ဟုတ်မှာပါ''

ထင်ကြေးအမျိုးမျိုးပေး၍ မကုန်နိုင်ကြ။ သို့သော် ဆက်





ပြီးတော့ ထင်ကြေးမပေးနိုင်ကြတော့။ အကြောင်းမှာ သင်္ဘောကြီးသည် သူတို့နှင့် တဖြည်းဖြည်းနီးကပ်လာသောကြောင့်ပင်တည်း။

ထူးခြားသောပုံသဏ္ဌာန်ရှိသည့် သင်္ဘောကြီးသည် ညအမှောင်မှာ ပျံသန်းလာသော ငှက်ကြီးတစ်ကောင်နှင့်တူနေသည်။ သင်္ဘောဦးပိုင်းက ငှက်တစ်ကောင်၏ ဦးခေါင်းပိုင်းသဏ္ဌာန်၊ ပဲ့ပိုင်းကတော့ အမြီးပိုင်းသဏ္ဌာန်။

ကိုယ်ထည်ကြီးသည် ငှက်ကြီးတစ်ကောင်၏ ကိုယ်ထည်အတိုင်း တစ်သဝေမတိမ်း တူညီနေသည်။ ဝမ်းဗိုက်ပိုင်းကပိုပြီးတော့ ဖောင်းကားနေ၍ ကြီးမားသောငှက်ကြီးတစ်ကောင်နှင့် မခြား ရှိနေသည်။ ရွက်တိုင်များကို ထောင်ထားသောကြောင့် လေမိကာ သူတို့ဆီကို ချက်ချင်းလိုလို ရောက်လာခဲ့ခြင်းပင်။

ဒီအီနေသောအချိန်ဖြစ်၍ ရေကပြည့်နေသည်။ ထို့ကြောင့် သင်္ဘောကြီးသည် ကျောက်ဖျာကြီး၏အနားကို ကပ်လာခဲ့လေသည်။ ထူးခြားသည်မှာ သင်္ဘောကြီးထဲတွင် အလင်းရောင်က ရှိနေသည်။ ယင်းမှထွက်လာသောအလင်းရောင်များက သင်္ဘောကြီး၏ အပြင်ဘက်ကိုပင် ဖြာထွက်နေကြသည်။

''ဟော့ ဇော် . . . ငါတို့ဆီ တည့်တည့်ကပ်လာခဲ့ပါပြီကွ၊ ဘယ်ကထွက်လာခဲ့တဲ့ သင်္ဘောကြီးပါလိမ့်''



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒီမှာ ဆိုက်ကပ်နေကြထင်တယ် ကိုထက်"

သူတို့သည် နေရာမှထကာ ရပ်လိုက်ကြသည်။ သင်္ဘောကြီးသည် ကျောက်ဖျာကြီးနှင့်ယှဉ်ပြီး ကပ်ကာရပ်လိုက်သည်။ သို့သော် ရွက်များကိုတော့မချ။ မည်သည့်ကြောင့်ပါနည်း။

ထိုစဉ် သင်္ဘောပေါ်မှ ကုန်းဘောင်တစ်ခုက ကျလာခဲ့သည်။ သဏ္ဌာန်တစ်ခုသည် ကုန်းဘောင်ကြားမှတစ်ဆင့် ဆင်းလာနေသည်။ လင်းပိုင်ဖော်တို့နှင့် သိပ်မဝေးပါ။ ထိုသူသည် ချက်ချင်းလိုလိုပင် လင်းပိုင်ဖော်နှင့် ထက်မောင်တို့၏အနားကို ရောက်လာခဲ့သည်။

မပီတပီ အလင်းရောင်အောက်မှာ ထိုသူ၏မျက်နှာကို သဲကွဲစွာမမြင်ရ။ ခေါင်းထက်မှာတော့ ပဝါနက်တစ်ထည်ကို ပေါင်းထားသည်။ ရှည်လျားသော ဆံပင်များက ကုပ်ထောက်နေကြသည်။ ခါးတွင် ခါးပတ်ပြားကြီးတစ်ခုကို ပတ်ထားပြီး ဓားမြှောင်တစ်လက်ကိုလည်း ချိတ်ထား၏။ လက်ပြတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ကြယ်သီးမတပ်၊ ရင်ဘတ်ဟပြနှင့်။

"မိတ်ဆွေတို့ကို လာကြိုတာပါ၊ သင်္ဘောပေါ်ကို တက်ကြပါ"

ထိုသူ့ဆီက ခက်ထန်သောစကားမျိုးကို ကြားကြရမည်ဟု ထင်မိသည်။ သို့သော် လေသံက သိမ်မွေ့နေသည်။





လင်းပိုင်ဖော်နှင့် ထက်မောင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ သူတို့ဆီ အကြိုရောက်လာတာပါဟုဆို၍ အံ့အားသင့်နေမိကြသည်။ မိမိတို့နှင့် မပတ်သက်သောလူတစ်ယောက်က ဤလိုစကားမျိုးကို ပြောလာခဲ့သည့်အတွက် နားမလည်။ အကျိုးအကြောင်း အဆက်အစပ်လည်းမရှိချေ။ ထို့ကြောင့် ငြင်းဆန်ခြင်းပြုလိုက်၏။

"ကျွန် ... ကျွန်တော်တို့"

လင်းပိုင်ဖော်၏နှုတ်မှ စကားတစ်ခွန်း ထွက်သွားတော့မည် ဖြစ်ပြီးမှ ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်၊ လိုက်မယ်လေ၊ ကိုထက် ... မင်းကော"

"ဟာ ... လိုက်ရမှာပေါ့ကွာ၊ ဒါ့ကြောင့် ငါတို့ ဒီနေရာကို ရောက်နေကြတာပဲ မဟုတ်လား"

ငြင်းဆန်သည့်စကား၊ ဆန့်ကျင်ဘက်စကားများအစား လက်ခံခေါင်းညိတ်သည့်စကားမျိုး ထွက်လာသည်။ ချက်ချင်းပင် လိုလိုလားလား ဖြစ်သွားသည်။ ကိုယ့်ကိုယ်ကိုယ်ပင် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။

"ကဲ ... ဒါဆိုရင်လည်း သင်္ဘောပေါ်ကို တက်ကြပါ"

နှစ်ယောက်စလုံး လိုလိုလားလားဖြင့် သင်္ဘောပေါ်ကို



www.burmeseclassic.com

တက်သွားခဲ့ကြလေ၏။

✺

သဘော်ပေါ်ကိုရောက်သွားခဲ့ကြသည်မှာ ငှက်ကြီး တစ်ကောင်ပေါ်ကို ရောက်သွားသလို ခံစားလိုက်ကြရသည်။ သူတို့ကို ခေါ်လာသောသူသည် လေးစားဖော်ရွေသောအသွင်မျိုးရှိသည်။ သဘော်ပေါ်တွင် သဘော်သားအချို့ကို တွေ့ရသည်။ သူတို့ အလုပ်နှင့် သူတို့မို့ လင်းပိုင်ဖော်တို့ကို စိတ်ဝင်စားဟန်မပြကြ။ အားလုံးလိုလိုပင် ကျောပေးနေကြသည်။

သူတို့ သဘော်ပေါ်ကိုရောက်သွားကြသည်နှင့် ချက်ချင်းမှာပင်လျှင် ကမ်းကခွာသည်။ သဘော်က လျင်မြန်စွာ ပြန်ထွက်မှာမို့ စောစောကရွက်များကို မချခဲ့ခြင်းသာဟု သဘောပေါက်မိကြသည်။ သဘော်သည် အနောက်ဘက်ကို ဦးတည်ပြီးတော့ စုန်ဆင်းသွားသည်။ ရေပြင်သည် ညဘက်တွင် ညစ်ပုပ်ပုပ် အရောင် သန်းနေသည်။ သို့သော် အရောင်တဖျပ်ဖျပ် လက်နေကြသည်။ ထိုစဉ် ...

'ရှိုး ရှိုး ရှိုး ရှိုး'





တရှိုးရှိုးနှင့် အသံများက ထွက်ပေါ်လာခဲ့ပြန်သည်။ သို့သော် ယင်းအသံသည် သဘော်ပေါ်က ထွက်ပေါ်လာသောအသံများဆိုသည်ကို သိသွားခဲ့ကြလေသည်။ မည်သည့်အကြောင်းကြောင့် ဤလိုအသံမျိုး ပေးရပါသလဲ။

"ကျုပ်တို့သွားမယ့်လမ်းခရီးဟာ အလင်းရောင်ကောင်းစွာမရပါဘူး။ မှောင်နဲ့မည်းမည်း ရှိနေပါတယ်၊ ရှေ့မှာ ကျောက်ဆောင်တွေရှိတယ်၊ ရေအောက်က မသိမသာ ထိုးထွက်နေတဲ့ ကျောက်ဆောင်တွေကိုလည်း အမှတ်တမဲ့မို့ မမြင်နိုင်ဘူး၊ ဝင်ပြီး တိုက်နိုင်တယ်၊ ဒီလိုအသံမျိုးပေးလိုက်ရင် ကျောက်ဆောင်တွေနဲ့ အသံက ရိုက်ခတ်ပြီး ပဲ့တင်သံက ပြန်လာတယ်၊ ဒါကြောင့် သဘော်က ကျောက်ဆောင်အန္တရာယ်ကနေ ရှောင်ကွင်းပြီးတော့ သွားနိုင်တယ်"

ထိုသူသည် လင်းပိုင်ဖော်တို့က မမေးဘဲနှင့် ရှင်းပြနေသည်။ သူတို့၏အတွေးနှင့်အဖြေ အဆင်သင့်ဖြစ်ပေါ်လာခဲ့သည်မှာ တိုက်ဆိုင်မှုများလားမသိ။ သူတို့နှစ်ယောက်သည် ဤသဘော်ပေါ်ကို ရောက်လာခဲ့ရသည့်အတွက် နောင်တရရှိခြင်းမရှိကြပေ။ မိမိတို့ကို မည်သည့်အကြောင်းကြောင့် ခေါ်လာခဲ့ပါသလဲဟုလည်း ပြန်ပြီးမတွေးကြပေ။ သူတို့၏စိတ်ထဲမှာ ဤခရီးကို စိတ်ဝင်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ... ဒီသင်္ဘောရဲ့အမည်ဟာ ဘာပါလဲခင်ဗျာ"

"ငှက်ခါးတဲ့"

"ဟင် ... ငှက်ခါး"

လင်းပိုင်ဇော်နှင့်ထက်မောင်ပါ အံ့အားသင့်သွားခဲ့ကြရသည်။ ဤအမည်ကို နှစ်ယောက်စလုံး ရင်းနှီးနေကြသည် မဟုတ်ပါလား။

"ဒါနဲ့ ... အခု ဘယ်ကိုသွားမှာပါလဲ ခင်ဗျာ"

"ငှက်ခါးကျွန်းကို"

ထိုသူက သူတို့မေးသမျှကို စိတ်ရှည်စွာပင် ဖြေသည်။ ငှက်ခါးဆိုသည်က ပင်လယ်ဓားပြကြီးငှက်ခါး၏အမည်၊ ငှက်ခါးကျွန်းသည် ပင်လယ်ဓားပြကြီး၏နာမည်ကို အစွဲပြု၍ မှည့်ထားသည်ပဲလား။ သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် နဂိုကတည်းက ရှိနေသည့်အမည်ပဲလား။ ထို့ထက် ပိုပြီးမေး၍ မကောင်းတော့ ထပ်မမေးတော့။ နောက်မှ ဖျတ်ခနဲဆို တွေးမိရသည်မှာ ...

ဤသင်္ဘောကြီးသည် ငှက်တစ်ကောင်နှင့်တူနေသည်။ ငှက်ခါးတစ်ကောင်၏ ပုံသဏ္ဌာန်ကိုယူပြီးတော့ တည်ဆောက်ထားခဲ့လေသလော။ သို့ဆိုလျှင် ပင်လယ်ဓားပြကြီးငှက်ခါးပိုင်သည့် သင်္ဘောများလား။ သို့သော် ထိုသူသည် ယခုအချိန်တွင် သက်ရှိထင်ရှားရှိနိုင်တော့မှာမဟုတ်၊ ရှိနေသေးရင်လည်း အိုမင်းရင့်ရော်





နေလောက်ပေပြီ။

"ကဲ ကဲ ... ဒီကမိတ်ဆွေတို့လည်း ဆာနေကြရောပေ့။ ကျုပ်နဲ့လိုက်ခဲ့ကြပါ"

ထိုသူသည် လင်းပိုင်ဇော်တို့ကို သင်္ဘော၏အခန်းတစ်ခန်းဆီကို ခေါ်သွားသည်။ တံခါးဖွင့်ပြီးတော့ အထဲကိုဝင်လိုက်ကြသည်နှင့် အောက်ကို ဆင်းသည့်လှေကားကို တွေ့လိုက်ရသည်။ လှေကားသည် ငါးထစ်လောက်ဆင်းလိုက်ရုံနှင့် အခန်းတစ်ခုဆီကို ရောက်သွားသည်။ အနည်းငယ်ကျယ်ဝန်းသည်၊ ကွပ်ပျစ်နှစ်လုံးကို နံရံတစ်ဖက်တစ်ချက်စီမှာ ချထားသည်။ စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးကို တွေ့ရသည်။

"ခဏကလေးစောင့်ပါ"

ထိုသူက ပြောပြီးထွက်သွားသည်။

"ဇော် ... ဘယ်လိုလဲကွ၊ ငါတို့က ရည်ရွယ်ချက်မရှိဘဲနဲ့ ဒီသင်္ဘောကြီးပေါ်ကို ရောက်လာခဲ့တယ်၊ ဟုတ်ကောဟုတ်သေးရဲ့လား"

"အေး ... ငါလည်း အဲဒါကိုပဲစဉ်းစားနေတာ၊ ငါမင်းရဲ့နေရာကိုရောက်လို့ ပန်းချီဆွဲတဲ့ကိစ္စကစပြီး အခုလို မမျှော်လင့်တာတွေ ဖြစ်လာခဲ့တာပဲ၊ မင်းလည်း သတိထားမိမှာပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ်လေ မီးစဉ်ကြည့်ကရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူနှစ်ယောက်က အခန်းထဲကိုရောက်လာခဲ့ကြသည်။ ရှေ့မှလူကြီးက အသက်ငါးဆယ်လောက်ကို ရှိနေပြီး နောက်မှ လိုက်ပါလာသူက ကြွေလင်ပန်းကြီးတစ်ချပ်ကို လက်တစ်ဖက်တည်းနှင့်ပင့်ကာ ကိုင်လာသည်။

ချိတ်ဆွဲထားသော အာလာဒင်မီးအိမ်၏ အလင်းရောင်ကြောင့် သူတို့၏မျက်နှာကို ထင်ရှားစွာပင် မြင်တွေ့နေကြရသည်။ လူကြီးသည် သဘောကောင်းပုံရသည်။

"ဟောဒီမှာ မောင်ရင်တို့စားဖို့ ဖွယ်ဖွယ်ရာရာတော့ မဟုတ်ဘူးပေါ့ကွယ်၊ ရှိတာလေးနဲ့ပဲ အတတ်နိုင်ဆုံး ကောင်းအောင်ချက်ထားတာပါ၊ ကဲ . . . ဆာလည်း ဆာနေကြဦးပေါ့"

ထိုလူကြီးသည် စားဖိုမှူးကြီးဖြစ်ဟန်တူသည်။ အတူပါလာသော လူငယ်တစ်ဦးက ဗန်းထဲမှ ထမင်းအစရှိသည့် အစားအစာများကို စားပွဲပေါ်သို့ တစ်ခုစီချပေးသည်။ သောက်ရေအိုးကအစ ပါသည်။

"ဟုတ် . . . ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဦး"

ထို့နောက် လင်းပိုင်ဖော်နှင့်ထက်မောင်တို့ကို အရိုအသေပေးကာ အခန်းထဲမှ ထွက်သွားခဲ့ကြလေသည်။ လင်းပိုင်ဖော်တို့လည်း ဆာဆာနှင့် စားလိုက်ကြသည်။ အစားအစာများကတော့ ပင်လယ်စာငါးဟင်း၊ ရေညှိဟင်းချို၊ ရေဘဝဲသုပ် အစရှိသည်တို့





ဖြစ်ကြသည်။

"ငါတို့ကိုခေါ်လာတဲ့လူကိုတော့ မတွေ့ရတော့ပါလား ကိုထက်"

"ကိစ္စရှိလို့နေမှာပေါ့ကွာ၊ ဒါနဲ့ ငါတို့အိပ်မက်နေတာတော့ မဟုတ်ပါဘူးနော် ဖော်"

"အေး . . . ငါလည်း မင်းလိုပဲတွေးနေတာ၊ ဒီသင်္ဘောကြီးဟာ ရှေးဆန်တယ်၊ မင်းသတိထားမိရဲ့လား ကိုထက်၊ ဒီခေတ်မှာ ဒီလိုမျိုးသင်္ဘောရှိသေးလို့လား"

"ရှိချင်လည်း ရှိမှာပေါ့ကွာ၊ တချို့ကလည်း ပစ္စည်းရှိသေးတယ်ကွ၊ သားစဉ်မြေးဆက်အထိ ကောင်းကောင်းသိမ်းဆည်းထားတတ်ကြတယ်"

"ဒါပေမဲ့ . . . ငါ့စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲကွာ၊ ထူးဆန်းနေသလိုပဲ"

ထက်မောင်သည်လည်း ပြောမယ့်သာပြောလိုက်ရသည်။ လင်းပိုင်ဖော်လိုပင် တူညီသော ခံစားမှုမျိုးက ရှိနေ၏။

သူတို့ကို သင်္ဘောပေါ်ကဆင်းပြီး စောင့်ကြိုသောသူသည် အခန်းထဲကို ပြန်ရောက်လာခဲ့သည်။ ထို့ကြောင့် နေရာထလိုက်ကာ တံခါးဆီကို လျှောက်လာသည်။ တံခါးကို တွန်းဖွင့်ကြည့်ရာ ဖွင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုထက် . . . တံခါးကို အပြင်ကနေ ပိတ်ထား တယ်ကွ"

"ဟင် . . . ဟုတ်လား၊ ဘာဖြစ်လို့ ဒီလိုပိတ်ထားရတာ လဲကွ"

"မေ့ပြီးတော့ ပိတ်သွားခဲ့တာလားကွာ"

နေရာသို့ပြန်လာပြီး ကွပ်ပျစ်ဆီမှာ ထိုင်လိုက်ကြသည်။

❋ ❋ ❋



# အခန်း (၁၀)

## ကာလနောက်ကြောင်းပြန်

သဘော်သည် ရေပြင်ထက်မှာ တရွေ့ရွေ့ဖြင့်သွားနေ သည်။ သဘော်အခန်းထဲကိုရောက်နေကြသူနှစ်ဦးကတော့ ပြင်ပ မှ အခြေအနေကို ဘာမှမသိကြရ။ သို့သော် လှိုင်းအလူးမှာ လှုပ်ယမ်းသွားခဲ့သည့်အတွက် အခန်းထဲရှိတန်းမှာဆွဲထားသော အာလာဒင်မီးအိမ်သည် ရှုပ်ယမ်းသွားခဲ့သည်ကို ကြည့်ခြင်းအား ဖြင့် သိနိုင်သည်။

"သဘော်ကတော့ သွားနေတာပဲကွ၊ ဟိုလူတစ်ခေါက် ပြန်လာရင် ကောင်းမယ်၊ ငါတို့ကို အပြင်ထွက်ခွင့်မပေးတာ ဘာကြောင့်လဲလို့ မေးချင်တယ်"

"ဖော် . . . ဒီလူက ရိုးသားဖော်ရွေသလိုလိုနဲ့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ဝမ်းထဲက အကောက်ဉာဏ်ကို သုံးနေသလားမသိဘူး''

''သူ့မျက်နှာကိုလည်း သေသေချာချာ မမြင်ရဘူးကွ၊ ဒါကြောင့် ဘယ်လိုမှ အကဲခတ်လို့မရဘူး၊ ထားတော့ကွာ မီးစဥ်ကြည့်ကကြတာပေါ့''

ထိုစဥ် ...

'ရှီး ရှီး ရှီး ရှီး'

လက်ခေါက်မှုတ်သံလို အသံကြီးက ထွက်ပေါ်လာပြန်သည်။ မျှော်စင်ပေါ်ကနေ အသံပြုလိုက်ဟန်တူသည်။ ဤနေရာ တစ်ဝိုက်တွင် ကျောက်ဆောင်များရှိကြဟန်တူသည်။ ထို့ကြောင့် မကြာခဏ အသံဖြင့် ပဲ့တင်သံကို ဖမ်းနေရသလားမသိ။ ယခုလို ထူးခြားစွာပြုမူဆောင်ရွက်တတ်သည့် အလေ့အထရှိသော သင်္ဘောမျိုးကို သူတို့ တစ်ကြိမ်တစ်ခါမှ မကြားဖူး၊ မမြင်ဖူးခဲ့ကြ။ အခန်းတံခါးကို ပိတ်ထားပေမင့် ပြင်ပမှအသံများကိုတော့ သဲ့သဲ့မျှ ကြားနေရလေသည်။ ယင်းသို့ရှိစဥ်မှာပင်လျှင် လွန်မင်းစွာ အိပ်ချင်နေသော ဝေဒနာတစ်ခုက ရောက်လာခဲ့ကြလေသည်။

''ဝါး လား လား ... ဘယ်လိုဖြစ်တာလဲ၊ ငါတို့အိပ်ပြီး နိုးလာခဲ့တာ ဘာမှမကြာသေးဘူး၊ အခုပြန်ပြီးတော့ အိပ်ချင်နေပြန်ပြီ''

''အေးကွာ ... ထမင်းဆိပ်တက်တာလား မသိဘူး၊





ဒါပေမဲ့ ဒီလိုမျိုးကြီးကတော့ မဖြစ်သင့်ဘူး၊ ခုဟာက ဟင် ... ဘယ်လိုဖြစ်ပါလိမ့်၊ ငါလည်းပဲ''

လင်းပိုင်ဖော်သည် အိပ်ချင်စိတ်ကို တားမရတော့သည် နှင့် အိပ်ရာပေါ်ကို လှဲချလိုက်ရသည်။

"ဖော် ... ငါလည်း ဘယ်လိုမှ တင်းခံလို့မရတော့ဘူး ကွာ၊ သိပ် အိပ် အိပ်ချင် ..."

ထက်မောင်သည် စကားဆုံးအောင် မပြောနိုင်တော့။ ချက်ချင်းလိုလိုပင် အိပ်ပျော်သွားခဲ့သည်။ တစ်ခဏအတွင်းမှာပင် နှစ်ယောက်စလုံး ခြေပစ်လက်ပစ်နှင့် ဖြစ်သွားခဲ့ကြသည်။ ပြင်ပ မှာ သင်္ဘောကြီး မည်သည့်အရပ်ကို ဦးတည်ပြီးတော့ ရွေ့လျားနေသလဲဆိုသည်ကိုလည်း မသိနိုင်ကြတော့။

ယင်းအချိန်တွင် လူတစ်ယောက်သည် အခန်းဆီကို ချဥ်းကပ်လာခဲ့သည်။ တံခါးကိုဖွင့်ပြီးတော့ ဝင်လာသည်။ မီးရောင် အောက်မှာ သူတို့နှစ်ယောက် ဖြစ်ပျက်နေသည့်အခြေအနေကို မြင်တွေ့သွား၏။

"အင်း ... ဒီနှစ်ယောက်ကတော့ သူတို့ရဲ့အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ရတော့မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် လေ ငါတို့ မတတ်နိုင်တဲ့ကိစ္စကို သူတို့က လုပ်ဆောင်နိုင်ပါစေလို့ ဆုတောင်းရတော့မှာပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါင်းတညိတ်ညိတ်နှင့်ရှိပြီး ပြန်၍ထွက်ခွာသွားသည်။ ခြေလှမ်းတွေက သိသာရုံ ရွေ့လျားသွားသည်ဆိုရုံပင်။ ထိုသူကား ငှက်ခါးသဘော်ပေါ်မှဆင်းကာ လင်းပိုင်ဇော်တို့ကို ကြိုဆိုခဲ့သူပင်တည်း။

✽

နားထဲမှာ ရေလှိုင်းပုတ်သံများကို သဲ့သဲ့မျှ ကြားနေရသည်။ သို့သော် အိပ်ချင်မူးတူးဖြင့် ဆက်အိပ်နေမိသည်။ ငှက်များ၏ အော်မြည်သံများကို ကြားနေရပြန်သည်။ ပင်လယ်စင်ရော် ငှက်များ၏အသံများပင်။ ခေါင်းထဲမှာ အတွေးတစ်ခု ဝင်လာခဲ့သည်။ စင်ရော်ငှက်များ၏အသံကို ကြားနေရပြီဆိုလျှင် ကမ်းနှင့် သိပ်မဝေးတော့ဟု၍။

သို့သော် မျက်လုံးတွေကိုတော့ ဖွင့်၍မရသေး။ ငှက်ခါးသဘော်ကြီးသည် မည်သည့်နေရာကို ရောက်နေသလဲဟု သိချင်နေမိသည်။

''ကိုထက် ... ငါတို့ တစ်နေရာကိုရောက်နေပြီကွ။ ဘာသံတွေလဲဆိုတာ ကြားလား''





ထက်မောင်ကို လှုပ်နှိုးပြီးတော့မေးလိုက်သည်။ နိုး မနိုး တော့မသိ။ သို့သော် ...

''စင်ရော်ငှက်တွေရဲ့အသံပါကွာ၊ မနိုးနဲ့ကွာ ... ငါ ထပ်အိပ်ချင်သေးတယ် ဇော်''

ထက်မောင်က ဗလုံးဗထွေးအသံကြီးနှင့် ပြောလိုက်သည်။

''ဟင်''

လင်းပိုင်ဇော် အတွေးတစ်ချက်ဝင်သွားခဲ့ရသည်။ သူနှင့် ထက်မောင် အိပ်ရာတစ်ခုစီမှာ အိပ်နေကြတာ။ တစ်ယောက်နှင့် တစ်ယောက် ဆယ်ပေလောက်ကွာသည်။ သို့စဉ်လျက် ထက်မောင်၏အသံက သူ့ဘေးနားမှာ ကပ်ပြီးတော့ထွက်ပေါ်လာသည်။ ထက်မောင်နိုးသွား၍ သူ့အနားကိုရောက်လာပြီး ပြောလိုက်သလားဟုပင် ထင်မိလိုက်သည်။ သို့သော် သူ့အသံက အိပ်ချင်မူးတူးနှင့် ဗလုံးဗထွေးဖြစ်နေသည်။ ထို့ကြောင့် ပိတ်ထားသော မျက်ခွံတွေကို အနိုင်နိုင်ပင် ဖွင့်ကြည့်မိလိုက်သည်။

''ဟင်''

လင်းပိုင်ဇော် အံ့အားသင့်သွားမိသည်။ သူ့မျက်လုံးတွေကို မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ရ၏။ ထက်မောင်က သူ့ဘေးနားမှာ တစောင်းပေးကာ အိပ်နေလေသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် သင်္ဘောပေါ်မှာ မဟုတ်ကြ။

"ကိုထက် ကိုထက် . . . ထစမ်း မြန်မြန်"

"ဟင် . . . ဘာလဲကွ၊ ဒီမှာ အိပ်ကောင်းနေတုန်း ရှိသေးတယ်ကွာ၊ ငါ မထချင်သေးဘူး"

"ဟောကောင် . . . မင်း မထလို့မဖြစ်ဘူး၊ ဒီမှာ ဘာတွေဖြစ်နေသလဲ ထကြည့်ဦး၊ ငါတို့တော့ ပြဿနာတက်နေပြီ"

"ဟင် . . . ပြဿနာ ဟုတ်လား၊ ဘာလဲ ဘာပြဿနာလဲ"

ထက်မောင်သည် နေရာမှ လူးလဲပြီးတော့ ထလိုက်လေ၏။ ပထမတော့ ပတ်ဝန်းကျင်အခြေအနေကို အကဲမခတ်မိသေး။ မျက်ဝတ်တွေတက်နေသောကြောင့် မျက်လုံးတွေကိုသာ ပွတ်သပ်နေမိ၏။ သည့်နောက်မှာတော့ ပြူးပြဲပြီးတော့ ကြည့်မိလိုက်သည်။

"ဟာ . . . ဒါ ဒါ ဘယ်လိုဖြစ်တာလဲ ဇော်"

အာမေဋိတ်သံက ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့သည်။

"အေး . . . ငါလည်း ဘယ်လိုမှ တွေးလို့မရတော့ဘူး၊ ညက ငါတို့နှစ်ယောက် ငှက်ခါးသင်္ဘောပေါ်မှာ လိုက်ပါလာခဲ့ကြတာမဟုတ်လား ကိုထက်"

---



"အေးလေ . . . အိပ်ပြီးတော့လိုက်လာခဲ့ကြတာ အသေအချာပဲ၊ အခု ဘယ်လိုဖြစ်ပြီးတော့ ကုန်းပေါ်ကို ရောက်နေရတာလဲ ဇော်၊ ငါတို့က သင်္ဘောပေါ်က ဆင်းလာခဲ့တာလား"

"အဲဒီသဘောမျိုးဖြစ်နေတာပေါ့ ကိုထက်၊ ဒါပေမဲ့ ငါတို့နှစ်ယောက် သင်္ဘောပေါ်မှာ လိုက်ပါလာခဲ့ကြတာလောက်ပါပဲ၊ အောက်ကို မဆင်းမိခဲ့ကြပါဘူး၊ အဲဒါကိုတော့ သိရမှာပေါ့"

"အေးလေ . . . အခု ဘယ်လိုကြောင့် ကုန်းပေါ်ကို ရောက်နေကြတာလဲလို့ မင်း မြန်မြန်စဉ်းစားစမ်း ဇော်၊ နှစ်ယောက်စလုံးမသိတာတော့ မဖြစ်နိုင်ဘူး၊ တစ်ယောက်ယောက်ကတော့ သိကိုသိရမယ်"

သူတို့နှစ်ယောက်စလုံး သင်္ဘောပေါ်မှ ကုန်းပေါ်ကို မည်သို့ရောက်နေကြမှန်း မသိလိုက်ကြ။ မည်သို့ပင်စဉ်းစားစဉ်းစား အဖြေက ပေါ်မလာခဲ့။

"ငါတို့ ဒီငှက်ခါးသင်္ဘောကြီးပေါ်မှာ ပါလာခဲ့ကြတာ ကကော သေချာရဲ့လား ကိုထက်"

"ဟေ . . . သိပ်သေချာတာပေါ့ကွာ၊ ငါတို့ကို သင်္ဘောပေါ်က လူတစ်ယောက်က ဆင်းလာပြီးတော့ ကြိုတာလေ၊ ပြီးတော့ အခန်းတစ်ခုထဲမှာ ထမင်းစားကြတယ်၊ နောက်တော့ အိပ်ပျော်သွားခဲ့ကြတာ မှတ်မိတယ်၊ အသေးစိတ်ကိုမှတ်မိတယ်၊

---



www.burmeseclassic.com

www.burmeseclassic.com



ပေတဲ့နိမိတ်ဘူး"

အစ်ယောက်နှင့်တစ်ယောက် အခြေအနေကို နားမ လည်နိုင်အောင် ဖြစ်နေကြရသည်။

"ငါတို့ အိပ်မောကျနေတဲ့အချိန်မှာ တမင်တကာ ဒီ ကျွန်းပေါ်မှာ ချပေးခဲ့တာများလား၊ ဒီလိုလုပ်သွားကြတာ ဘာ ကြောင့်လဲ၊ ဒါ ... နဂိုကတည်းက အကွက်ချထားပုံရတယ်၊ သူတို့ကျွေးတဲ့အစားအစာထဲမှာ ဆေးများခတ်ထားခဲ့လေသလား ကိုထက်"

"ဘယ်လိုမှ စဉ်းစားလို့မရတော့ဘူးကွ၊ ပြီးတော့ ဒါ လောက် ရှေးကျတဲ့ သင်္ဘောကြီးကို ငါ သက်ာမကင်းဖြစ်နေခဲ့ တာ၊ သင်္ဘောနာမည်က ငှက်ခါးဆိုတော့ ပင်လယ်ဓားပြကြီး ငှက်ခါးရဲ့သင်္ဘောများလား၊ အဲဒီပင်လယ်ဓားပြကြီးငှက်ခါးကို မင်းပဲ ဖန်တီးခဲ့တာပဲ မဟုတ်လား ဇော်၊ ရွှေရောင်စုတ်တံတစ် ချောင်းနဲ့ မင်း လက်စွမ်းပြလိုက်တာ၊ အခုတော့ တကယ်လိုလို ဖြစ်လာခဲ့ရပြီ"

"အေးကွာ ... တိုက်ဆိုင်တာလား,, ဆန်းကြယ်မှုလား၊ ငါတို့စီးလာခဲ့တဲ့သင်္ဘောဟာ ပင်လယ်ဓားပြကြီးငှက်ခါးပိုင်တဲ့ သင်္ဘောမှန်ခဲ့ရင်တော့ ကာလနောက်ကြောင်းပြန် အခြေအနေ တစ်ခုကို ငါတို့ကြုံဆုံရဦးတော့မယ်"





"ကာလနောက်ကြောင်းပြန် ... ဟုတ်လား ဇော်"

ထက်မောင်၏စကားကို လင်းပိုင်ဇော် ချက်ချင်း အဖြေ မပေးနိုင်။ ပတ်ဝန်းကျင်အခြေအနေကို လေ့လာသုံးသပ်ကြည့်မိ ရာ ...

"ဟာ ... ကိုထက်"

"ဘာလဲကွ ... မင်းက အလန့်တကြားနဲ့ ဘာတွေ့လို့ လဲ"

"ဒီနေရာဟာ ငါ့ပန်းချီကားထဲမှာ ပင်လယ်ဓားပြကြီး ငှက်ခါးနဲ့သူ့လူတွေ ရတနာသေတ္တာကို သယ်ကြတဲ့နေရာပဲကွ၊ ငါ့ပန်းချီကားထဲမှာလည်း ဒီအတိုင်း ဆွဲမိတယ်၊ ပြီးတော့ အိပ် မက်ထဲမှာ မီးခဲဆိုတဲ့လူကို သူ့သေနတ်နဲ့ပစ်သတ်ခဲ့တဲ့ နေရာ၊ ငါ့ပန်းချီကိုလည်း မင်းမြင်ထားတယ် မဟုတ်လား"

မင်းထက် တစ်ချက်တွေဝေသွားခဲ့ရသည်။ ထို့နောက် အနီးအနား ပတ်ဝန်းကျင်ကို နေရာကပင် လှည့်ပတ်ပြီးတော့ ကြည့်မိလိုက်၏။ ထို့နောက် မျက်နှာအမူအရာ ပြောင်းလဲသွားခဲ့ ပြီး ...

"အေး ... ဟုတ်တယ်ကွ၊ ဒီနေရာဟာ မင်းပန်းချီကား ထဲက အတိုင်းပဲ၊ သင်္ဘောကြီးက ဟောဟိုနေရာလောက်မှာ ရပ်ထားတယ်၊ ဟင် ... မင်းဆွဲခဲ့တဲ့သင်္ဘောကြီးကလည်း ငှက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ကောင်ရဲ့ပုံသဏ္ဍာန်နဲ့ အတူတူပဲ၊ စိတ်ကူးများ ဆန်းကြယ်လိုက်တာကွ၊ အပြင်မှာနဲ့ တစ်ပုံစံတည်းလို ဖြစ်နေတယ်''

ထို့နောက် လင်းပိုင်ဇော်သည် သူလည်း ထပ်ပြီးတော့ လေ့လာပြန်ရာ ...

''ဟုတ်တယ် ... ဒီနေရာမှာ သူတို့က သံသေတ္တာကြီးကို သယ်သွားနေကြတာ၊ မားပြဗိုလ်ကြီးငှက်ခါးက ဟိုနားလောက်မှာ ရပ်နေတာ၊ သူ့တပည့်မီးခဲ သေသွားတာ ဟောဒီနေရာ''

လင်းပိုင်ဇော်က လက်ညှိုးထိုးပြီးတော့ လိုက်ပြနေသည်။

''ဇော် ... ငါတို့က ပန်းချီကားထဲကအတိုင်း ဒီနေရာမှာ ကွက်တိရောက်နေကြတာပဲကွ၊ ဘာမဆို တိုက်ဆိုင်မှုဖြစ်တတ်တယ်ဆိုတာကို ငါလက်ခံတယ်၊ ဒါပေမဲ့ ဒါလောက်ကြီးကတော့ကွာ''

''အေးကွာ ... မယုံနိုင်လောက်အောင်ဘဲ၊ ဒီ ငှက်ခါးသဘော်ကြီးကကော ရုပ်ဖြုပ်ရှိတဲ့သဘော်ကြီးတစ်စင်းဆိုတာထက် ကာလယန္တရားရဲ့ ပဉ္စလက်လှည့်ကွက်ကြောင့် ငါတို့သားကောင်ဖြစ်ပြီး လိုက်ပါလာခဲ့ကြရတာလား''

''ကဲ ဇော် ... ဒါတွေကို အပူတပြင်းနဲ့ စဉ်းစားမနေနဲ့တော့၊ အခုလောလောဆယ် ငါတို့ ဘာဆက်လုပ်ကြမလဲ၊ ဒီ





နေရာဟာ ဘယ်လိုနေရာလဲ၊ ငါတို့ ဘယ်ရောက်နေကြတာလဲဆိုတာကိုသာ ပြန်ပြီးတော့ စဉ်းစား။ ငါ့အထင်ကတော့ ငါတို့နိုင်ငံပိုင် ပင်လယ်ကြီးထဲကကျွန်းတော့ မဟုတ်ဘူးလို့ ယုံကြည်ထားတယ်''

''ဘာပဲဖြစ်ဖြစ်ကွာ ကျွန်းပေါ်ကို လိုက်ကြည့်ကြမယ်၊ ဟာ နေဦး ... ငါတို့ပစ္စည်းတွေ''

ပါလာသောကျောပိုးအိတ်နှစ်လုံးက အနားမှာပင်ရှိနေကြသည်။ လူနှင့်အတူ တစ်ပါတည်းချပေးခဲ့ကြသည်။

''ကိုထက် ... မင်းက တစ်ရက်ခရီးလောက်ကို ကျောပိုးအိတ်တွေ ဘာတွေနဲ့ ပစ္စည်းပစ္စယတွေ ထည့်ယူဖို့ပြောတာ အတိတ်နိမိတ်ပဲကွ၊ ကြည့်လေ ... ငါတို့ အခု ခရီးရှည်ကြီးတစ်ခုကို ထွက်လာခဲ့ရသလို ဖြစ်နေပြီ''

''အေးကွာ ... ငါလည်း မင်းပြောမှပဲ ပြန်စဉ်းစားမိတော့တယ်''

ထို့နောက် ထိုနေရာက ထွက်လာခဲ့ကြသည်။ ထူးဆန်းသည်က နေရာကိုရွေးမနေတော့ဘဲ စိတ်ထင်ရာနေရာ တစ်နေရာတည်းကိုပင် ဦးတည်ပြီးတော့ ထွက်လာခဲ့ကြခြင်းပင်။ သူတို့ကို တစ်ဦးတစ်ယောက်က စေစားနေသလိုပင်။

ကျွန်းပေါ်တွင် တောင်ကုန်းများကပေါများသည်။ အကြီး



www.burmeseclassic.com

www.burmeseclassic.com



အသေး၊ အနိမ့်အမြင့်အလိုက် အောက်ခြေမှာလည်း ချုံနွယ်ပိတ်ပေါင်းတွေက ရှုပ်ထွေးနေကြလျက် သွားစရာလမ်းဟူ၍ မရှိ။ ထိုနေရာကိုရှင်းလင်းပြီးသွားရန် ဓားလည်းမရှိ။ သို့သော် ငှက်ခါးအမည်ထိုးထားသည့် ဓားမြောင်တစ်ချောင်းကတော့ အိတ်ထဲမှာ ပါလာသည်။ ချုံနွယ်များကို ရှင်းရန်တော့ အသုံးကမဝင်။

"တောကထူတယ်၊ ငါတို့ ဒီအတိုင်း တိုးဝင်သွားရင် အန္တရာယ်တစ်ခုခုနဲ့ တိုးနိုင်တယ်၊ လာပါကွာ . . . ဟိုနေရာပဲ ပြန်သွားပြီး စဉ်းစားကြတာပေါ့"

လင်းပိုင်ဇော်က ပြောပြီး နောက်ကြောင်းကိုပြန်လှည့်မိလိုက်စဉ်မှာပင် . . .

'ဖြောင်း ဖြောင်း ဝုန်း'

တစ်နေရာတွင် သစ်ကိုင်းကြီးများကျိုးကျသံနှင့်အတူ ဝုန်းခနဲဆို ထွက်ပေါ်လာသည့်အသံ။ အသံများ ထွက်ပေါ်လာရာဆီကို အလန့်တကြား လှည့်ကြည့်မိလိုက်ကြသည်။

"ဟင်"

သစ်ပင်ထက်မှကျိုးပြတ်ပြီးတော့ ပစ်ကျလာခဲ့သည့် သစ်ကိုင်းကိုလည်း မတွေ့ကြရ။ သူတို့တွေ့လိုက်ကြရသည်ကတော့ လမ်းတစ်လမ်း၊ ကာလတာရှည်စွာ အသုံးပြုထားသည့် လမ်းဟောင်းကြီးတစ်ခု။ သစ်ပင်ချုံတွေကြားမှာ ဖြတ်ပြီးတော့





ဖောက်ထားသည်။

"လမ်းတစ်လမ်းပါလား၊ ငါတို့ စောစောက မတွေ့ခဲ့ပါဘူး၊ အခုမှ ဘယ်လိုပေါ်လာခဲ့တာပါလိမ့်"

"ဪ . . . တော်တော်တွေးရခက်တာပဲကွ၊ ငါတို့ပဲ မျက်စိမှောက်သွားခဲ့တာလား"

အံ့အားသင့်နေမိကြသည်။ မျက်လှည့်ပြလိုက်သလိုပင်။ သို့မဟုတ် မိမိတို့ကပဲ သတိမမူ ဂူမမြင်ဆိုသည့်စကားကို ယခုတော့ သတိမမူလမ်းကိုမမြင်ဟု ပြောကြရတော့မည်လား မသိတော့။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### အမနုဿဆန်သောသတ္တဝါ

ထို့နောက် သူတို့၏မျက်စိအကြည့်လွဲမှုပင်ဖြစ်သည်ဟု လက်ခံလိုက်ကြလေသည်။

''ကဲ ကိုထက် . . . ငါတို့ အကြည့်လွဲလို့ပဲ သဘောထားလိုက်ကြပါစို့ကွာ၊ ဆက်ပြီးချီတက်ကြမယ်''

''အေး . . . ဘာညာအတွေးတွေ ဘေးဖယ်ထား၊ လမ်းတွေပြီပဲ ဆက်လျှောက်တော့ပေါ့''

သို့သော် သတိကြီးစွာထားပြီးတော့ လျှောက်လာခဲ့ကြရသည်။ လမ်းမှာ မည်သည့်အန္တရာယ်ရှိနိုင်မှန်းမသိ။ လင်းပိုင်ဇော်သည် ကျောပိုးအိတ်ထဲမှ ဓားမြောင်ကိုထုတ်ကာ ခါးကြားထိုးထားလိုက်သည်။ ငှက်ခါး၏ဓားမြောင်။ တောက နက်လာ





သည်။ သစ်ပင်ကြီးတွေက ပိုပြီးတော့ မြင့်မားလာကြသည်။ အလင်းအားကလည်း နည်းသွားခဲ့လေသည်။ တစ်နေရာအရောက်တွင် လမ်းက နှစ်ခွဖြစ်နေသည်။ ဘယ်ညာလမ်းနှစ်လမ်း။ လမ်းဆုံလမ်းခွမှာ ရပ်လိုက်ကြသည်။

''ရော . . . ခက်ပြီ၊ ဘယ်လမ်းကိုရွေးရပါ့မလဲ''

''ငါတို့မှာ လမ်းရွေးစရာလိုသေးလို့လား ဇော်၊ လေ့လာဖို့ ထွက်လာခဲ့ကြတာပဲ၊ ဘယ်လမ်းကပဲ သွားသွားပေါ့''

''ဒါတော့ ဒါပေါ့ကွ၊ အဲ . . . သို့သော်လည်းတဲ့ ငရဲပြည်ကိုသွားတဲ့ လမ်းနဲ့ နတ်ပြည်ကိုသွားတဲ့လမ်းမျိုးဖြစ်နေရင်ကော''

''မင်းကွာ ကြံကြံဖန်ဖန်၊ ဩော် အေး . . . မင်းပြောမှငါလည်း ကြောက်သွားတယ်ကွ၊ ဟုက်သားပဲ . . . လမ်းဆိုးလမ်းကောင်းဆိုတာမျိုး ရှိသေးတာပဲ၊ တောထဲမှာ သားစားလူရိုင်းတွေ, ရက်စက်ကြမ်းကြုတ်တဲ့ တောရိုင်းသတ္တဝါကြီးတွေ မရှိဘူးလို့ မပြောနိုင်ဘူး၊ ငါတို့ အရွေးမှားခဲ့ရင် ဌာနေကိုတောင် မပြန်နိုင်တော့ဘူးဖြစ်သွားလိမ့်မယ်''

''နှစ်လမ်းစလုံးကောင်းပြီး နှစ်လမ်းစလုံးဆိုးနေရင်ကောကွာ''

''ဇော် . . . အဲဒီလိုဖြစ်ခဲ့ရင်လည်း ကံတရားပေါ့ကွာ၊ ဘယ်တတ်နိုင်ပါ့မလဲ''

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လမ်းကိုလိုက်ရပါမည်လဲဟု တိုင်ပင်နေကြဆဲမှာပင် လေက အမှတ်မထင် တစ်ချက်ဝှေ့ကာတိုက်လိုက်သည်။ လမ်းနှစ်လမ်းအနက် တစ်လမ်းပေါ်မှာရှိနေသော သစ်ရွက်ကြွေများသည် လွင့်ထွက်သွားခဲ့ကြသည်။ တံမြက်စည်းလှည်းသလို တောက်လျှောက်ပင် လွင့်သွားခဲ့ကြလေရာ မျက်စိအောက်မှာပင် လျှင် အဝေးကို ရောက်သွားခဲ့ကြလေသည်။

"ငါကတော့ လေတိုက်သွားလို့ သစ်ရွက်ကြွေတွေ လွင့်သွားခဲ့ကြတဲ့ လမ်းကိုပဲ ရွေးမယ်ကွာ"

လင်းပိုင်ဇော်က စိတ်ကူးထဲမှာဖြစ်ပေါ်လာခဲ့သည့်အတိုင်း ပြောလိုက်သည်။

"အေး ... ဒီလိုပဲ နိမိတ်ကောက်ပြီး သွားရတော့မှာပဲ"

ဘာရယ်မဟုတ် အကြောင်းရှာလိုက်ကြပြီး ထိုလမ်းအတိုင်းပင် ထွက်လာခဲ့ကြသည်။ သတိတော့ထားကြရသည်။ ကျွန်းကြီးသည် မထင်မှတ်လောက်အောင်ပင် ကျယ်ဝန်းနေသည်ကို တွေ့လိုက်ကြရသည်။ အပင်ကြီးတွေကလည်း ပိုပြီးတော့ ထူထပ်လာသည်။ တောင်ကုန်းကြီးတွေကို ရှေ့ညှိတက်နေသော အသွင်ဖြင့် စိမ်းစိမ်းခုံးခုံးကြီး တွေ့နေကြရသည်။ ရောမဆင်ကြီးများပမာ။

'ဖလူး .. ရှူး ရှူး ရှူး'



အမှတ်မထင် ထွက်ပေါ်လာသောအသံကြောင့် သူတို့၏ ခြေလှမ်းတွေ တန့်သွားခဲ့ကြရသည်။ ဘာသံမှန်းမသိ၊ နေရာမှာ ရပ်လိုက်ကြပြီး လိုက်ကြည့်နေကြသည်။ မလှမ်းမကမ်းရှိ အပင်ကြီးတစ်ပင်ဆီက အကိုင်းအခက်များ လှုပ်ရှားသွားခဲ့ကြသည်။

"ငှက်လား၊ မျောက်လား တစ်ကောင်ကောင်ပဲကွ"

အကောင်ကို မမြင်ရသော်လည်း လှုပ်ရှားနေသော အကိုင်းများကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ အကဲခတ်နေဆဲမှာပင် ...

'ဝှီး'

လေထဲမှာ လွင့်မျောလာသောအရာကြီးတစ်ခု။ ယင်းအပင်ကြီးပေါ်က ပစ်ပေါက်ထည့်လိုက်ခြင်းပင်။

'ဘုတ်'

သူတို့ဆီကို ရောက်လာပြီး အောက်ကိုပစ်ကျသွားသည်။

"ဟင် ... ဘာကြီးလဲဟ"

ယင်းအရာကြီးက လိမ့်လိမ့်ပြီးတော့လာသည်။ ထို့နောက် လင်းပိုင်ဇော်၏ခြေထောက်နားမှာ ရပ်သွားခဲ့လေ၏။ ထိုအရာကြီးကို မြင်လိုက်ကြရသောအခါ အံ့အားသင့်သွားခဲ့ကြသည်။ လုံးဝန်းသော အရာကြီးတစ်ခု။ အရောင်က ဝင်းလက်နေသည်။ ကောက်ယူပြီး ကြည့်လိုက်တော့ မျက်လုံး၊ နှာခေါင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပေါက်နေရာ များပါနေသည့် သရဖူလိုလို အရာကိုလည်း တွေ့ရ၏။

သေသေချာချာကြည့်လိုက်တော့ ရွှေဖြင့်ပြုလုပ်ထားသော အမျိုးသမီးတစ်ဦး၏ ဦးခေါင်းပိုင်းတစ်ခု။

''ဟာ . . . ဒါဟာ ရွှေသားနဲ့လုပ်ထားတဲ့ ရုပ်တုရဲ့ခေါင်းပိုင်းပဲ၊ မျောက်လား, လူဝံလား . . . တစ်ကောင်ကောင်က ပစ်ထည့်လိုက်တာ၊ ဒါကို သင်း ဘယ်ကရခဲ့ပါလိမ့်''

ထက်မောင်က ယူပြီး အပြန်ပြန်အလှန်လှန် ကြည့်လိုက်သည်။ သရဖူဆောင်းထားသော ဘုရင်မ သို့မဟုတ် မိဖုရားတစ်ပါးပါး၏ ရုပ်တုဆိုသည်မှာ ကျိန်းသေသည်။

''ဒီသတ္တဝါကောင်က တစ်နေရာကနေ ယူလာခဲ့တာ၊ ဒါမှမဟုတ် ပင်လယ်ဓားပြတွေက ပစ္စည်းတွေကို သယ်ယူရင်း လမ်းမှာ ကျကျန်ရစ်ခဲ့တာလား၊ ဒါကိုကောက်ယူပြီး သစ်ခေါင်းထဲမှာ ဝှက်ထားတာပဲဖြစ်ရမယ်''

ဝေဖန်၍ မဆုံးမီမှာပင် . . .

'ဖရဲ ရှဲ ရှဲ ဂျစ် ဂျစ်'

ယင်းအပင်ကြီးဆီကပင် အသံကထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့် နေရာကမခွာဘဲ အကဲခတ်နေမိကြသည်။

'ဖြောင်း'





သစ်ကိုင်းချင်း ရိုက်ခတ်သံ ထွက်ပေါ်လာပြန်သည်။ တစ်ဆက်တည်းမှာပင် မည်းမည်းကောင်ကြီးတစ်ကောင်သည် သစ်ပင်ပေါ်မှ တန်းလန်းကြီးပြုတ်ကျလာသည်။ သစ်ကိုင်းကြီးကို လက်နှစ်ဖက်ဖြင့် ဟီးလေးခိုကာ လေထဲမှာ တန်းလန်းကြီးဖြစ်နေသည်။

''ဟာ''

''ဟင်''

နှုတ်မှ အံ့အားတသင့်နှင့် ထွက်သွားခဲ့ကြသည့်အသံများ။ သူတို့ တွေ့မြင်လိုက်ကြရသည့်အကောင်ကြီးသည် လူဝံနှင့်လည်း တူသည်၊ မျောက်ဝံနှင့်လည်းတူသည်။ အရပ်ကြီးကတော့ ခြောက်ပေနီးပါးလောက်မြင့်သည်။ ဦးခေါင်းက ကြီးနေကာ မျောက်ဝံ၊ လူဝံများကဲ့သို့ ပါးစပ်ပြဲပြဲကြီးနှင့် မဟုတ်ပေ။ ဆံပင်များကလည်း ရှည်လျားနေကြကာ ကျောပြင်အထိ ကျနေကြသည်။

နှာတံကလည်း ပိပြားခြင်းရှိမနေဘဲ တင်ရုံကလေးသာ စင်းစင်းကလေး ရှိနေသည်။ လင်းပိုင်ဇော်နှင့် ထက်အောင်တို့ကို စူးစိုက်ပြီးတော့ ကြည့်နေသည်။

''ဒီကောင်ကြီးက ဘယ်လိုပုံမျိုးကြီးလဲကွ၊ တိရစ္ဆာန်ဆိုဖို့လည်း ပြောရခက်၊ လူသားလည်း သိပ်မဆန်၊ လူတစ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တစ်ပိုင်းများလား''

''အေးကွာ ... ဒီတောထဲမှာ ဒီကောင်ကြီးတွေ ကျက်စားကြတယ်နဲ့တူတယ်၊ ရတနာတွေကို လာဝှက်ကြတဲ့ ပင်လယ်ဓားပြတွေကတော့ သူတို့ရဲ့တိုက်ခိုက်မှုကို ခံကြရမှာပဲ၊ မချောင်ဘူး ဖော်''

''ဒီရွှေဦးခေါင်းကြီးဟာ တစ်နည်းနည်းနဲ့ ရထားတာပဲ ဖြစ်ရမယ်၊ သူတို့ဟာ အုံနဲ့ကျင်းနဲ့ဆိုရင်တော့ ရင်ဆိုင်တိုက်ခိုက်ကြရတဲ့သူတွေအတွက် မလွယ်ဘူး ကိုထက်''

ထိုအမနုဿဆန်သော သတ္တဝါကြီးသည် သစ်ကိုင်းတစ်ခုပြီးတစ်ခုလွှဲကာ တစ်နေရာကိုထွက်သွားခဲ့လေသည်။

''ငါတို့ကို ရန်မရှာဘူးကွ၊ တော်ပါသေးရဲ့ ရန်ရှာလို့ကတော့ နှစ်ယောက် နပန်းဖက်သတ်ကြရင်တောင် လွယ်မှာမဟုတ်ဘူး''

''ကိုထက် ... ဒီကျွန်းကြီးမှာ ပင်လယ်ဓားပြကြီး ၄၀ ခါး နေသွားတဲ့နေရာ အမှန်တကယ်ဖြစ်ခဲ့ရင် ရတနာတွေကိုလည်း တစ်နေရာရာမှာ ဝှက်ထားမှာအမှန်ပဲကွ''

''ဖြစ်နိုင်တာပေါ့ကွာ၊ ကံကောင်းရင်တော့ အဲဒီရတနာတွေကို အမှတ်မထင် တွေ့ချင်တွေ့နိုင်တာပေါ့''

နှစ်ယောက်စိတ်ကူးယဉ်၍ ကောင်းသွားခဲ့ကြသည်။ မိမိတို့ အကြောင်းမဲ့ကြီး ရောက်လာခဲ့ကြသော အခြေအနေကိုလည်း မေ့သွားခဲ့ကြသည်။ ရှေ့မှာ မည်သည့်အရာတွေ တွေ့နိုင်ဦးမလဲဟု မျှော်လင့်ချက်ထားလာခဲ့ကြသည်။ ရှေ့ဆက်ပြီးတော့ လျှောက်လာခဲ့ကြသည်။ သို့သော် စိတ်ထဲမှာတော့ တစ်ခုခုကို ထင့်နေမိသည်။ အကြောင်းပြချက်ကတော့မရှိ။ ထိုစဉ် ...

''အား ... ကယ် ကယ်ကြပါဦး''

အော်သံတစ်သံက အမှတ်မထင် ထွက်ပေါ်လာခဲ့သည်။

''ဟင် ... အော်သံ အော်သံပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ အသံပဲ''

''ဟုတ်တယ် ဖော် ... ဒုက္ခရောက်နေတာ ထင်တယ်၊ ထူးဆန်းတယ်ကွ''

''အေးကွာ ... ဟိုဘက်ကလာတဲ့အသံပဲ၊ လာကွာ ... သွားကြည့်ကြရအောင်''

သူတို့သည် အသံထွက်ပေါ်လာရာဆီကို ခန့်မှန်းပြီးတော့ ပြေးထွက်သွားခဲ့ကြသည်။ သို့သော် တော်တော်ခပ်လှမ်းလှမ်းသို့ ရောက်သွားခဲ့သည့်တိုင် အသံရှင်ကို မတွေ့ရ။

''ငါတို့နှစ်ယောက်စလုံးတော့ နားကြားမလွဲနိုင်ပါဘူးကွာ''

''ကိုထက် ... သေသေချာချာရှာ၊ ဒီနားလေးမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိမှာ''

''ကယ်ကြပါဦး ... ကယ်ကြပါ''

''ဟော ... အသံက ထပ်ပြီးတော့ ပေါ်လာခဲ့ပြန်ပြီ၊ ဟောဒီနားလေးတင်ပဲကွ ကိုထက်၊ မျက်စိလျှင်လျှင်နဲ့ သေသေချာချာ ရှာစမ်းပါကွ''

''ဇော် ... အသံသာကြားရပြီး လူကိုလည်း မတွေ့ရဘူးဆိုတော့ နာနာဘာဝတွေက သွေးဆောင်ပြီးတော့ အကူအညီတောင်းနေကြတာများလား၊ သတိထားနော် ... တောတောင်တွေထဲမှာ ဒါမျိုးတွေ ရှိတတ်ကြတယ်လို့ ကြားဖူးတယ်''

''မဖြစ်နိုင်ပါဘူးကွာ ... လူပဲနေမှာပါ၊ အတွေးမခေါင်စမ်းပါနဲ့ ... ဟင်''

လင်းပိုင်ဇော်၏စိတ်ထဲမှာ တစ်စုံတစ်ခုကို သင်္ကာမကင်းဖြစ်သွားခဲ့ရသည်။ မလှမ်းမကမ်းရှိ အပင်ကြီးတစ်ပင်ပေါ်ကို မျက်လုံးတွေက ရောက်သွားခဲ့သည်။

''ဟာ ဟော့ကောင် ကိုထက် ... ဟိုမှာ''

လက်ညှိုးလှမ်းထိုးပြီး ပြလိုက်သည်။ အပင်ကြီးတစ်ပင်ထက်တွင် လေထဲမှာ တန်းလန်းကြီးဖြစ်နေသော မိန်းကလေးတစ်ယောက် သုတ်ကိုင်းမိနေခြင်းပင်။

''မိန်းကလေးတစ်ယောက်ပဲကွ၊ သုတ်ကိုင်းမိနေတာ၊ မုဆိုးတွေရဲ့လက်ချက်ပဲ၊ ငါတို့က အောက်ကလာတဲ့အသံလို့ ထင်နေတာ၊ လက်စသတ်တော့ သစ်ပင်ပေါ်ကကိုး''

''ကိုထက် ... အချိန်ဆွဲလို့ မဖြစ်တော့ဘူး၊ ဟိုမှာ တော်တော်ဒုက္ခရောက်နေပြီ။ ငါတို့ သူ့ကို သစ်ပင်ပေါ်ကနေ အောက်ကို ဘယ်လိုချပေးမလဲ''

''အေးကွာ ... အပင်က နည်းနည်းတော့မြင့်တယ်ကွ၊ နေပါဦးကွာ ငါကြံပါဦးမယ်၊ အဲ ... ငါတက်မယ်၊ အပေါ်ကနေကြိုးကို ဓားနဲ့ဖြတ်ချမယ်၊ မင်းက အောက်ကနေ ဆီးဖမ်း''

''ဟာ ... မတော်လို့ လွဲချော်သွားခဲ့ရင် ဇက်ကျိုးနေပါဦးမယ်၊ ငါ့အပေါ်ကိုကျရင် ငါလည်း သက်သာမှာမဟုတ်ဘူး၊ ဒီလိုလုပ်ကွာ ... သစ်ပင်ပေါ်ကို နှစ်ယောက်စလုံးတက်ကြမယ်၊ အပင်အကိုင်းကြီးတွေက တုတ်ခိုင်နေတာပဲ ရပါတယ်''

''ကဲ ဇော် ... ဒါဆိုရင်လည်း တက်ကြမယ်ကွာ''

သူတို့ တိုင်ပင်နေကြစဉ်မှာ ဇောက်ထိုးကြီးဖြစ်နေသော မိန်းကလေးသည် သူတို့ကို မြင်နေရသည်။ ဘောင်းဘီရှည်ဝတ်ထား၍ တော်ပေသေးသည်။ သူတို့နှစ်ယောက်သည် သစ်ပင်ကြီးဆီကို ပြေးသွားခဲ့ကြသည်။ သစ်ပင်တက်တတ်ကြသူများပေမို့ ဖက်တွယ်ကာ တက်သွားခဲ့ကြသည်။ တစ်ခဏအတွင်း အပင်အပေါ်ကိုရောက်သွားခဲ့ကြလေ၏။





www.burmeseclassic.com

www.burmeseclassic.com



သူမကို ခြေထောက်မှတစ်ဆင့် ဆွဲထားသော ကြိုးမှာ လျှော်ကြိုးဖြစ်သည်။ သုံးပင်လိမ်ကျစ်ထားသော အသိဉာဏ်ရှိသော လူတို့၏လက်ရာအတိုင်းပင်၊ သေသပ်သည်။ သူမသည် အော်ရလွန်း၍ မောပန်းနေဟန်တူသည်။ စကားမပြောတော့၊ သို့မဟုတ် ကယ်မည့်သူရောက်လာ၍ စိတ်ချသွားခဲ့၍လား မပြောတတ်။

ကြိုးချိတ်ဆွဲထားသော သစ်ကိုင်းကြီးက တုတ်ခိုင်လှသည်။ သူတို့နှစ်ယောက်က တစ်ပြိုင်တည်းတက်လည်း ကျိုးမသွားနိုင်။ ထို့ကြောင့် ယင်းနေရာဆီကို ရောက်သွားခဲ့ကြသည်။

ကိုင်းဖျားမှာ မဟုတ်ဘဲ အရင်းဘက်မှာ ချည်နှောင်ထား၍ တော်ပေသေးသည်။ ယင်းအကိုင်းကြီး၏အပေါ်တွင် ပင်ကိုင်းကြီးတစ်ခုက ရှိနေသည်။ ယင်းအကိုင်းကြီးကို အားပြုကိုင်ကာ ကျန်လက်တစ်ဖက်က ကြိုးကိုဆွဲမည်ပြုသည်။

သို့သော် အဆင်မပြေ၊ အောက်ကိုပြုတ်ကျသွားနိုင်သည်။

"ကဲ ကိုလတ်ရေ ... ငါတို့ ဒီသစ်ကိုင်းကြီးပေါ်မှာပဲ မျက်နှာချင်းဆိုင်မှောက်ပြီး ခြေထောက်တွေကို ချိတ်ထားမှ ကြိုးကိုငုံ့ပြီး ဆွဲနိုင်တယ်"

"ငါ သဘောပေါက်ပြီ၊ ဟုတ်တယ် ... အဲဒီအတိုင်း





လုပ်မှရမယ်"

ထို့ကြောင့် သစ်ကိုင်းကြီးပေါ်မှာ မျက်နှာချင်းဆိုင်မှောက်ကာ ဝမ်းဗိုက်နှင့်ကပ်လျက် ခြေထောက်တွေကိုလည်း ပင်ကိုင်းနှင့်ချိတ်ထားလိုက်ကြသည်။ အောက်ကိုငုံ့လျက် ကြိုးကို နှစ်ယောက်အားနှင့် ဆွဲတင်နေကြသည်။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ပုန်းကြူဝီ

အောက်မှာ တန်းလန်းကြီးကျနေသောကြိုးကို နှစ်ယောက်အားနှင့် ဆွဲတင်နေကြရသည်။ အောက်ကိုပြုတ်ကျမသွားကြစေရန် ရင်ဘတ်နှင့်သစ်ကိုင်းကို ကပ်ထားကြရသည်။ ခြေထောက်နှစ်ချောင်းကိုလည်း သစ်ကိုင်းမှာ ချိတ်ထားရလေသည်။ အီး၊ အားနှင့် အားစိုက်ကာ အပေါ်ကို တဖြည်းဖြည်းနှင့် ဆွဲတင်နေကြရသည်။ သည်လိုနှင့် အပေါ်ကို ရောက်လာခဲ့သည်။ တစ်ဖန် သူမ၏ခြေထောက်နှစ်ချောင်းကို ခဲယဉ်းစွာ ဆွဲတင်ကြရသည်။

မိန်းကလေးသည် သစ်ကိုင်းပေါ်မှာ မှောက်ခုံကြီး ဖြစ်နေသည်။ လင်းပိုင်ဇော်က ခြေကျင်းဝတ်မှာ စွပ်နေသောကြိုးကို





ဖေးနှင့်ဆွဲဖြုတ်လိုက်ရသည်။ သစ်ကိုင်းကြီးက သုံးယောက်ကိုယ်ကို ခံနိုင်၍ တော်ပေသေးသည်။ မိန်းကလေးမှ တော်တော်လေးကို ကြောက်နေဟန်တူသည်။ စကားမပြောနိုင်၊ အသံမထွက်နိုင်။ သစ်ကိုင်းပေါ်မှောက်ခုံအနေအထားမှ အပေါ်ကိုရောက်အောင် မနည်းပင်ဆွဲတင်နေရသည်။

"ကဲ မိန်းကလေး . . . မင်း ဘာမှမဖြစ်တော့ဘူး၊ စိတ်အေးအေးသာထားပေတော့၊ စကားမပြောချင်သေးရင်နေ အပင်ပေါ်ကနေ အောက်ကိုဆင်းဖို့ပဲ ရှိတော့တယ်"

မိန်းကလေးလည်း အခုမှ သတိဝင်လာသလို ဖြစ်သွားကာ . . .

"ဟုတ် . . . ဟုတ်ကဲ့"

ထို့နောက် သစ်ပင်ပေါ်မှ အောက်ကို ခဲယဉ်းစွာပင်ချရလေသည်။ မြေပြင်ပေါ်ကိုရောက်သွားခဲ့သည့်အထိ မိန်းကလေးမှာ ဒယိမ်းဒယိုင် ဖြစ်နေသေးသည်။

"မင်း ခုလို တန်းလန်းကြီးဖြစ်နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"ရှင်"

"သြော် . . . သစ်ကိုင်းမိပြီး ဖောက်ထိုးကြီးဖြစ်နေတာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



''ကြာပြီ၊ တစ်နာရီနီးပါးလောက်ရှိပြီ''

''ဪ . . . တော်တော်အနေရခက်မှာပဲ၊ တော်သေးတာပေါ့၊ မင်း ငါတို့နဲ့တွေ့တာ ကံကောင်းသွားတယ်''

''ကျေး . . . ကျေးဇူးတင်ပါတယ် ရှင်၊ သဲစုလည်း ထောင်ချောက်မှန်းမသိဘဲ အမှတ်မထင် တက်နင်းမိလိုက်တာ၊ ဒီကအစ်ကိုနှစ်ယောက်နဲ့သာမတွေ့ရင် ဘာတွေဆက်ဖြစ်လာဦးမလဲ မသိဘူး''

သူမသည် ယခုမှပင် စကားကို ပြောလာနိုင်ခဲ့သည်။

''မင်းက ဒီကျွန်းပေါ်မှာ တစ်ယောက်တည်း၊ အဖော်တွေကော''

''အ . . . အဖော်တွေ ဟုတ်လား''

လင်းပိုင်ဖော်က ကြောင်တောင်တောင်ဖြစ်နေသော မိန်းကလေးကို နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ ထိုစဉ် အသံပလံများလိုလို ကြားလိုက်ရသည်။ မုဆိုးတွေများလာဟု၊ သို့သော် မုဆိုးများမဟုတ်ခဲ့လျှင်၊ ထိုအတွေးက သူတို့ကို အထောက်အကူပြုသွားခဲ့လေသည်။

''လာ . . . ဘယ်သူတွေလဲမသိဘူး၊ ရှောင်နေကြမှ''

သုံးယောက်စလုံး တစ်နေရာကို ပြေးထွက်သွားခဲ့ကြသည်။ အတော်ခပ်လှမ်းလှမ်းကို ရောက်တော့မှ ချုံကြီးတစ်ခု၏





အကွယ်မှာ နေလိုက်ကြသည်။ စောစောက သူတို့ရှိနေကြသော နေရာကို ကောင်းစွာပင် မြင်နေကြရသည်။ အသံများက ပိုပြီးတော့ ကျယ်လာကြသည်။ မည်သည့်စကားတွေ ပြောနေကြသလဲဟု မသဲကွဲ။

ချက်ချင်းလိုလိုပင် သူတို့၏မျက်စိအောက်ကို ရောက်လာခဲ့ကြသောသူများ . . .

''ဟင်''

''ဟင်''များက တစ်ပြိုင်တည်းလိုလို အံ့အားသင့်သွားမိကြသည်။ ထိုသူများသည် လူသားစင်စစ်မဟုတ်ကြသောသူများဟု ဆိုရပေမည်။ စောစောက သူတို့တွေ့မြင်ဖူးခဲ့ကြသော လူလိုလို၊ မျောက်ဝံလိုလို၊ လူဝံလိုလို၊ အမနုဿဆန်သောသူများပင်တည်း။ သေသေချာချာကြည့်လျှင် လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း သတ္တဝါဟုပင် ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် အမွေးအမျှင်များ ထူပြောလှသော်လည်း ခန္ဓာကိုယ်အောက်ပိုင်းကိုတော့ သားကောရေလက်တစ်ဝါးစာလောက်ဖြင့် ဖုံးအုပ်ထားသောကြောင့်ပင်။

ထိုအပြုအမူသည် လူလောက်နီးပါး အသိဉာဏ်ရှိသော သတ္တဝါမှာသာ ရှိတတ်ကြသည်။ လက်ထဲမှာလည်း ဝါးချွန်များ ချောက်သွားတပ်လှံများကို ကိုင်ဆောင်ထားကြသည်။ တစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် လျှို့ဝှက်စွာရှိနေကြသော ရှေးကျသည့် မျိုးနွယ်များပေလားဟု မြင့်မားသော အရပ်များရှိကြပြီး ခန္ဓာကိုယ်ကြီးတွေကလည်း တုတ်ခိုင်လှသည်။

သူတို့သည် သုတ်ကိုင်ထောင်ထားခဲ့သည့် အပင်ကြီးဆီကို ရောက်လာခဲ့ကြသည်။ ပြုတ်တောက်နေသော ကြိုးကိုလည်း မြင်တွေ့သွားခဲ့ကြသည်။ ထိုအခါ ဒေါသထွက်ပေါက်ကွဲသော အမူအရာများ ထွက်ပေါ်လာခဲ့ကြသည်။ ထိုသူများသည် ဤသုတ်ကိုင်းကို ထောင်ထားခဲ့ကြသူတွေ ဖြစ်မှန်း သိလိုက်ကြရသည်။ ထို့အပြင် အပင်များပေါ်မှာလည်း သွားလာတတ်ကြသည်။ လင်းပိုင်ဇော်တို့ကို ရွှေသရဖူဖြင့် ပစ်ပေါက်ခဲ့သော သူ၏မျိုးနွယ်များပင်တည်း။

သူတို့သုံးယောက်သည် ဘာတွေဆက်ဖြစ်လာဦးမလဲဟု စောင့်ကြည့်နေကြသည်။ တစ်ခဏအကြာတွင် တစ်ဦးက ခြေရာတွေကို လိုက်ကြည့်သည်။ တစ်ဦးက ခေါင်းကိုမော့ကာ လေထဲတွင် အနံ့ခံသလိုလုပ်သည်။

''ဒီဟာတွေ တရားခံကိုလိုက်ရှာနေကြတာကွ၊ ဒါ အစပဲရှိသေးတယ်၊ တော်ကြာ . . . ငါတို့ဆီကို ရောက်လာနိုင်တယ်၊ အမြန်လစ်ကြမှ''

ထက်မောင်က လေသံဖြင့် သတိပေးလိုက်သည်။ ထို့





နောက် ချုံအကွယ်မှ တဖြည်းဖြည်း နောက်ဆုတ်လာခဲ့ကြသည်။

''ကိုထက် . . . ဟိုဘက်ကိုသွားမယ်''

အနည်းငယ်မှောင်ရီသန်းနေသော နေရာ။ မြက်ခင်းလည်း ဖြစ်နေသည်။ ယင်းအပေါ်မှ ဖြတ်သွားလျှင် ခြေရာထင်မှာ မဟုတ်။ ခြေရာခံပြီးတော့ မလိုက်နိုင်။ ထို့ကြောင့် လျင်မြန်စွာပင် ဖြတ်ပြေးလာခဲ့ကြသည်။ မြက်ခင်းကြီးထဲမှာလည်း စိတ်မချရ။ အကောင်ရှည်ရှည်သတ္တဝါများ ခိုအောင်းနေကြလျှင် မလွယ်။ သို့သော် ဘေးရန်ကင်းစွာဖြင့် လွန်မြောက်လာခဲ့ကြသည်။

''နောက်ကိုချည်းလည်း လှည့်မကြည့်ကြနဲ့၊ ရှေ့ကိုလည်း ကြည့်ကြ၊ ဒီဟာတွေ နေရာအနှံ့မှာ ရှိနိုင်တယ်''

လင်းပိုင်ဇေက သတိပေးသည်။ သူတို့သည် ဤကျွန်းကို ငှက်ခါးကျွန်းဟုပဲ နာမည်ပေးထားကြသည်။ [ယခင်ကလည်း ငှက်ခါးကျွန်းပဲလားမသိ]

ဤကျွန်းနှင့်ပတ်သက်ပြီး သူတို့ ဘာမှမသိကြ။ ထို့ကြောင့် သတိကြီးစွာထားနေကြရသည်။ ယခုတော့ နှစ်ယောက်တည်းမဟုတ်ကြတော့။ မိန်းကလေးတစ်ယောက်ပင် တိုးလာပြီ။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ထက် မိန်းကလေးအပေါ်မှာ ကျရောက်လာနိုင်သည့် အန္တရာယ်ကိုလည်း ဂရုတ်နိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ်ပေးရပေဦးမည်။

"ကိုထက် . . . နေရာကောင်းကိုရှာကွာ၊ ဒီအတိုင်း ဆက်ပြေးနေလို့ မဖြစ်ဘူး။ လုံခြုံတဲ့နေရာမှာ ခဏနိုင်နေမှ ဖြစ်မယ်"

သဲစုကို ညှာလိုသည့်သဘောလည်း ပါသည်။ မျက်လုံးချောက်လုံးဖြင့် စိတ်ချရမည့်နေရာကို ပြူးပြဲပြီးတော့ ရှာကြသည်။ တစ်နေရာတွင် ဂူလိုလိုအရာတစ်ခုကို အမှတ်မထင် တွေ့သွားခဲ့ကြသည်။ သဲစုကပင် စပြီးတော့မြင်သည်။

"ဟိုမှာ"

လုံခြုံမှုကို ပေးနိုင်မည်ထင်၍ ထိုနေရာဆီကို ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွက်သွားခဲ့ကြသည်။

✵

ဂူငယ်တစ်ခုပင်။ ပပ်ကြားအက်သဏ္ဌာန်ဒေါင်လိုက် အက်ကွဲကြောင်းကြီးတစ်ခု။ အပေါက်က ကျဉ်းသည်။ တစ် ယောက်စီဝင်မှ ရမည်။ ရုတ်တရက်ကြည့်လျှင် ဂူပေါက်ထ မထင်ရ။ မျက်စိလျင်သော သဲစုကို ချီးကျူးမိကြသည်။

---



"နေဦး . . . အထဲကိုကြည့်ဦးမယ်"

လင်းပိုင်ဇော်က လိုရမယ်ရယူလာသော သုံးတောင့်ထိုးဓာတ်မီးဖြင့် ဂူအဲဝမှနေ၍ အထဲကိုထိုးကြည့်သည်။ ခဲတစ်လုံးဖြင့်ပစ်ပေါက်ကြည့်သည်။ သစ်ရွက်ခြောက်များကလွဲပြီး ဘာမှမတွေ့ကြရ။* တစ်ယောက်ချင်း ဝင်ကြသည်။ ထက်မောင်ကအရင်၊ သဲစုနောက်မှ လင်းပိုင်ဇော်။ ပြင်ပအလင်းရောင်ကသိသာစွာဝင်နေသေး၍ တော်ပေသေးသည်။ စကားမပြောနိုင်ကြသေး။ ထက်မောင်က ဂူအဝမှာရပ်ကာ အပြင်ကို လှမ်းကြည့်နေသည်။ ထိုသူများ၏ စရိုက်သဘာဝကို သေချာစွာ မသိရသဖြင့်စိတ်မချရ။

ခဏတစ်ဖြုတ် နားကြသည့်အနေဖြင့် ထိုင်လိုက်ကြသည်။ ထက်မောင်က ဂူအဝမှာထိုင်သည်။ အပြင်ကိုစောင့်ကြည့်သည်။ သူတို့မှာ ငှက်ခါးတားမြောင်တစ်ချောင်းက လွဲပြီး လက်နက်တစ်စုံတစ်ရာ မရှိ။

"ဒါနဲ့ မင်းက ဘယ်လိုကြောင့် ဒီကျွန်းကို ရောက်လာခဲ့တာလဲ"

လင်းပိုင်ဇော်ကမေးသည်။ ယခုမှပင် မိန်းကလေး၏မျက်နှာကို သေချာစွာအကဲခတ်မိသည်။ ထင်သည့်အတိုင်းပင်။ အသက်နှစ်ဆယ်ပင် ပြည့်သေးဟန်မတူ။ မျက်နှာလေးက နုနု

www.burmeseclassic.com

www.burmeseclassic.com



နယ်နယ်နှင့်။ တောက်ပရွှန်းလက်သောမျက်ဝန်းတစ်စုံကို ပိုင်ဆိုင်သည်။ သဲစုသည် ချက်ချင်းပင် မျက်နှာလေးက နွမ်းနယ်သွားသလိုခံစားလိုက်ရသည်။

"သဲစု ... သဲစု ... ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ အဖြစ်အပျက်ကတော့ မယုံနိုင်စရာပါဘဲ အစ်ကိုရယ်"

လေသံပျော့ပျော့လေးနှင့်ပြောပြီး နောက်ကြောင်းကို ပြန်ပြီးတော့ သတိရသွားဟန်ဟူသည်။ မျက်ဝန်းနွေ့ရည်တွေက ဝန်းရံလာခဲ့လေသည်။ ထို့နောက် သူမ ကြုံတွေ့ခဲ့ရသည်များကား။

☼

မော်တော်တစ်စီးသည် ရေပြင်ထက်တွင် တရိပ်ရိပ်ဖြင့် ပြေးနေလျက် မော်တော်ထဲတွင် လူငယ်တစ်စုက လိုက်ပါလာခဲ့ကြသည်။ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေး သုံးယောက်။ မော်တော်သမားအပါအဝင် အားလုံးငါးယောက်။ မော်တော်သည် ကော့သောင်းဘက်မှ ထွက်ခွာလာခဲ့သည်။ ဤအရပ်ဒေသကို အလည်ရောက်လာခဲ့စဉ်မှာ အပျော်ခရီး ဟိုနား ဒီနား လျှောက်သွားလိုကြသည်။ အားလုံး သူငယ်ချင်းတွေပဲ ဖြစ်ကြသည်။ ထိုအထဲတွင် ဒေသခံမိန်းကလေးက တစ်ယောက်ပါသည်။ တစ်ဖက်ကမ်းကိုလည်း လှမ်းပြီးတော့ မြင်နေရသည်။



"ပျော်စရာ တော်တော်ကောင်းတာပဲ၊ ငါတော့ ဒီလို မော်တော် တစ်ခါမှမစီးဖူးဘူး၊ လေးလေး"

သဲစုက နယ်ခံသူငယ်ချင်းလေးလေးဆိုသူ မိန်းကလေးကို ပြောလိုက်သည်။ ရေလမ်းခရီးကို အခုမှ ကြုံတွေ့ရသည့်အတွက် တကယ်လည်း ပျော်နေပုံရသည်။ သဲစုသည် ရန်ကုန်မှ အလည်ရောက်လာခြင်းပင်ဖြစ်သည်။ မော်တော်သည် ကမ်းနှင့် အနည်းငယ်ခွာပြီးတော့ မောင်းလာသည်။

"မော်တော်ဆရာကြီး ... ဒီကနေ ခပ်ဝေးဝေးကို မောင်းပေးပါ"

လေးလေးက ပြောလိုက်သည်။ ဧည့်သည်ဖြစ်သူသဲစုကို မော်တော်ကြာကြာလေး စီးစေလိုသောဆန္ဒ ရှိနေကြသည်။

"အေး အေး ... အချိန်သိပ်မရတော့ဘူးနော်၊ မကြာခင် မှောင်လာတော့မှာ"

မော်တော်မောင်းသူကလည်း သဘောကောင်းသည်။ ခပ်ဝေးဝေးအထိ မောင်းပေးလိုက်သည်။ နေစွယ်ကျိုးကာလသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပြီဖြစ်သည်။ ရေပြင်သည် တဖြည်းဖြည်းနှင့် အမှောင်ရိပ်သန်းလာ၏။ လှိုင်းကလည်း ပိုပြီးတော့ လှုပ်ရှားလာခဲ့သည်။ လေတိုက်ခတ်လာသောကြောင့်ဖြစ်သည်။ သို့သော် လေ၏အထိအတွေ့ကို မခံစားကြရ။ ကောင်းကင်ထက်မှာလည်း မိုးသားများကလည်း မည်းတက်လာခဲ့ကြသည်။ မိုးကုပ်စက်ဝိုင်းအောက်တစ်နေရာတွင် ကောင်းကင်ပြင်ကြီးက ရဲတက်လာသည်။ သူတို့ထိတ်ခနဲဆို ဖြစ်သွားခဲ့ရသည်။ မုန်တိုင်းကျတော့မည့် လက္ခဏာ။

"ဆရာကြီး ... မိုးရွာတော့မယ်ထင်တယ်"

"ဟုတ်တယ်"

မော်တော်သမားက ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။ သူတို့၏ဆန္ဒကြောင့် မော်တော်ကို ခပ်ဝေးဝေးအထိ မောင်းလာခဲ့သည် မဟုတ်လား။ အခုတော့ လေရော မိုးပါကျတော့မည့် လက္ခဏာ။ မုန်တိုင်းကလည်း ဟန်တပြင်ပြင်နှင့်။

လေးလေးကတော့ သဲစုကြောက်မည်စိုး၍ မုန်တိုင်းဆိုသည့်စကားကိုလည်း မပြော။ သို့သော် အားလုံးကလည်း နားလည်ကြသည်။ သူတို့သည်လည်း ရင်တထိတ်ထိတ်နှင့် ရှိနေကြရသည်။ မော်တော်သည် အင်ဂျင်အားကို ပိုပြီးတော့တင်ကာ ရေပြင်ထက်မှာ တရိပ်ရိပ်ဖြင့် ပြေးနေလျက်ရှိသည်။ သို့သော် လှိုင်းလုံးတွေ ပိုပြီးတော့ကြီးလာခဲ့ကြသည်။ မော်တော်



သည် လှိုင်းအပင့်မှာ မြောက်မြောက်တက်သွားခဲ့ရသည်။ ထိုစဉ်

'ဝူး ဝေါ ဝေါ ဝေါ'

လေကျလာသည်၊ မိုးရွာချလာသည်။ စောစောကကြည်လင်နေသောမြင်ကွင်းသည် ဝိုးတဝါးဖြစ်သွားခဲ့ရသည်။ ကျလာသောလေသည် မုန်တိုင်းကိုခေါ်ဆောင်လာသောလေ၊ သဲစုသည် အလူးလူး အလိမ့်လိမ့်ဖြစ်နေသော မော်တော်ကြောင့် လန့်နေမိသည်။ လှိုင်းလုံးကြီးတွေက သူတို့ဆီကို တစ်လုံးပြီး တစ်လုံး ရောက်ရောက်လာခဲ့သည်။

"လေးလေး လေးလေး ... ဒါ ဘယ်လိုဖြစ်သွားတာလဲ၊ စောစောကပဲ အကောင်းကြီး"

သဲစုက ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်သည်။ ကြောက်စိတ်ကြောင့် ထရမလို, ထိုင်ရမလို ဖြစ်နေသည်။

"သဲစု ... မကြောက်နဲ့ မကြောက်နဲ့၊ တစ်ခါတလေမှာ ဒီလိုပဲဖြစ်တတ်တယ်၊ ငြိမ်ငြိမ်ကလေးထိုင်နေ"

လေးလေးက သဲစုကို အားပေးလိုက်သည်။ သို့သော် သူကိုယ်တိုင်လည်း မျက်နှာမှာ သွေးကမရှိတော့။ အားလုံးသည်လည်း ကြောက်လန့်မှုကို ခံစားနေကြရလေပြီ။

"မော်တော်ထဲမှာ ထိုင်နေကြပါ၊ ခိုင်မာတဲ့ဟာကို မြဲမြဲကိုင်ထားကြပါ၊ ကြောက်လန့်ပြီးတော့ ထမရုပ်ကြပါနဲ့ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ကြဘူး၊ ကမ်းကို ချောချောမောမောနဲ့ ရောက်သွားကြလိမ့်မယ်''

မော်တော်သမားကလည်း အားလုံးကိုသတိပေးလိုက်သည်။ ကမ်းကို စောစောကမြင်နေရသေးသည်။ အခုတော့ မမြင်ရတော့။ စိတ်မှန်းဖြင့် ကမ်းကိုဦးတည်ကာမောင်းနေသည်။

''ကမ်းက သိပ်မလိုတော့ဘူး၊ စိတ်အေးအေးထားကြပါ''

ပါလာသူများအားရှိစေရန် အသံကုန်ဟစ်ပြီးတော့ ပြောနေသည်။ ရေပြင်သည် မိုး၊ လေ၊ လှိုင်းများဖြင့် တစ်မုဟုတ်ချင်း တန်ဆာဆင်သွားကာ ခက်ထန်ကြမ်းတမ်းသွားသည်။ သဲစုသည် သူ့ကို မည်မျှပင် အားပေးစေကာမူ ကြောက်လန့်စိတ်ကိုတော့ ဖျောက်ဖျက်ပစ်၍မရ။

''လေးလေး ... ငါကြောက်တယ် ကြောက်တယ်''

သဲစုသည် မော်တော်ဘောင်ကို တင်းကျပ်စွာပင် ဆုပ်ကိုင်ထားသည်။ အတူပါလာကြသော ယောက်ျားလေးများကလည်း ...

''သဲစု ... မကြောက်နဲ့ မကြောက်နဲ့၊ ကမ်းကိုရောက်တော့မယ်၊ မြဲမြဲကိုင်ထား၊ ကိုင်ထား''

သတိပေးကြသည်။ အားလုံးက သဲစု၏အနားမှာပဲ ရှိ

နေကြသည်။ သို့သော် သဲစုသည် အကြောက်ကြီးကြောက်ကာ မပီမသ ဗလုံးဗထွေးနှင့် အော်ဟစ်နေမိသည်။ ထိုစဉ် လှိုင်းလုံးကြီးတစ်လုံးသည် မော်တော်ဆီကို အပြေးပင်လာနေသည်။

'ဂူး ... ဝေါ ဝေါ .. ဝုန်း ဝုန်း'

ကြောက်စရာအသံဆိုးကြီးကြောင့် ခေါင်းထောင်ကာကြည့်လိုက်သော သဲစု၊ မော်တော်ဆီကိုပြေးလာသော လှိုင်းလုံးကြီးကို မြင်လိုက်သောအခါ ...

''အား ... အောင်မယ်လေး''

အထိတ်တလန့်ဖြင့် အော်လိုက်ကာ နေရာမှ ရုတ်တရက် ထရပ်မိလိုက်သည်။ ထိုအခါ လှိုင်းလုံးကြီးသည် မော်တော်ကို ပြင်းထန်စွာရိုက်လိုက်သည်။

'ဝုန်း'

''အား''

''အား''

သဲစုသည် လှိုင်းရိုက်ခြင်းကိုခံလိုက်ရာ မော်တော်ပေါ်မှ ရေထဲကို ပစ်ချသွားခဲ့လေသည်။ သူမသည် ရေထဲကိုရောက်သွားခဲ့သည်ဖြစ်၍ ပို၍ အကြောက်ကြီးသွားခဲ့ကာ သတိလစ်မတတ်ဝင် ခံစားသွားခဲ့ရသည်။ သို့သော် ရေအောက်ကို ချက်ချင်း နစ်မြုပ်သေးဘဲ လှိုင်းအပင့်တွင် ဆင့်ကဲ ဆင့်ကဲပင် ပါသွားခဲ့





www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ရေများက နှာခေါင်းထဲ၊ ပါးစပ်ထဲကို ဝင်လာခဲ့ကြသည်။ ဝူးဝူးဝါးဝါးဖြင့် အော်ဟစ်နေမိစဉ်တွင် ...

မည်းမည်းသဏ္ဍာန်ကြီးတစ်ခုက သူမ၏အနားကို ရုတ်တရက် ရောက်လာခဲ့လေသည်။ သူမသည် လွန်စွာပင် ထိတ်လန့်သွားခဲ့ရလေသည်။ ငါးကြီးတစ်ကောင်ကောင်ဟု ထင်မိလိုက်သည်။ ရေနစ်နေသည့်အထဲမှာ ငါးကြီးက မိမိကိုရန်ရှာဦးမှာလားဟု ကြောက်လွန်းသောကြောင့် သတိလစ်သွားမတတ် ဖြစ်သွားခဲ့ရသည်။

ယင်းအချိန်တွင် သူမသည် အနားသို့ရောက်လာသော အရာကြီးကို သေချာစွာမြင်လိုက်ရသည်က ကြီးမားသောငှက်ကြီးတစ်ကောင်ပင်တည်း။ ငါးကြီးမဟုတ်ပါ။ သေချာစွာကြည့်သောအခါ ငှက်ကြီးတစ်ကောင်၏သဏ္ဍာန် သင်္ဘောကြီးတစ်စင်းပါတည်း။ သူမ ရေအောက်ကို နစ်မြုပ်သွားသည်။ သို့သော် တစ်ဦးတစ်ယောက်က လက်မောင်းကိုဖမ်းဆွဲလိုက်သည်ဟု ခံစားလိုက်ရသည်။ သည့်နောက်မှာတော့။

☼ ☼ ☼



## အခန်း (၁၃)

## အမိမခံအပြေးမြန်

သဲစုသည် သူမကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်ပြီးတော့ ပြောပြလိုက်သည်။

''သဲစုကြုံခဲ့ရတဲ့အဖြစ်အပျက်ကတော့ အဲဒါပါပဲ၊ ခုလောက်ဆိုရင် ရန်ကုန်က မိဘတွေလည်း တော်တော်လေးကို စိတ်ပူနေလောက်ပြီ။ သဲစု သေမှန်းရှင်မှန်းမသိနဲ့၊ လေးလေးနဲ့ သူငယ်ချင်းတွေလည်း ကမ်းဆီကို ချောချောမောမောနဲ့ ရောက်သွားခဲ့ကြပါ့မလား၊ သူတို့ရဲ့အခြေအနေကိုလည်း မတွေးရဲတော့ဘူး။ တကယ်လို့ သူတို့အားလုံး အသက်ရှင်နေကြရင်လည်း သဲစုကိုတော့ လောကကြီးထဲမှာ မရှိတော့ဘူးလို့ ယူဆထားလိုက်ကြမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



သဲစုမှာ ပြောရင်းက မျက်ရည်များကျလာခဲ့သည်။

"မငိုပါနဲ့ကွယ်၊ သဲစုက ခုလို သေကံမရောက်ခဲ့တာကို ကပဲ ကံကောင်းနေပြီ၊ မိဘတွေက စိတ်ပူနေကြမှာတော့ အမှန်ပဲ၊ တတ်နိုင်သလောက်တော့ လိုက်ရှာကြမှာပဲ၊ နောက်တော့ သူတို့နဲ့ အဆက်အသွယ်ရအောင် ကြိုးစားပေးပါ့မယ်"

လင်းပိုင်ဖော်က နှစ်သိမ့်လိုက်လေသည်။

"သဲစု ဒီကျွန်းပေါ်ကို ရောက်လာခဲ့ပြီး ကြောက်ကြောက်နဲ့ ခြေဦးတည့်ရာ လျှောက်သွားနေရင်း ခုလိုဖြစ်ရတာပဲ"

"ဒါနဲ့ သဲစု . . . ဒီနေရာကိုရောက်လာတာ ဘယ်နှရက်ရှိပြီလဲ"

"နှစ်ရက်ပဲရှိသေးတယ်၊ ညဘက်ကျရင် ကျောက်တုံးကြီးတွေကြားမှာ ကြောက်ကြောက်နဲ့ အိပ်ရတယ်၊ ဘယ်ကိုသွားလို့ ဘယ်ကိုလာရမှန်းလည်း မသိဘူး၊ အကူအညီတောင်းရမယ့်လူလည်း မရှိဘူး၊ အစ်ကိုတို့နဲ့တွေ့မှပဲ စိတ်အေးသွားရတော့တယ်၊ ဒါထက် အစ်ကိုတို့ကကော ဒီကို ဘယ်လိုရောက်လာခဲ့ကြတာလဲ"

"ငါတို့ ဒီကျွန်းပေါ်ကို ဘယ်လိုရောက်လာကြသလဲဆိုတာ ပြီးတော့မှ ပြောပြမယ်၊ သဲစုရဲ့စကားထဲမှာ မရှင်းသေးတာရှိလို့ မေးချင်သေးတယ်"





ထက်မောင်၏စကားကို သူမက . . .

"ဘာကိုမရှင်းတာလဲဟင်"

"မင်းကို အဲဒီငှက်ကြီးနဲ့တူတဲ့ သင်္ဘောပေါ်က ဘယ်လိုချပေးခဲ့တာလဲ"

"အဲ . . . အဲဒါက . . . သဲစု ရေအောက်ကို မြုပ်သွားတော့ တစ်ယောက်ယောက်က လှမ်းဆွဲလိုက်တယ်၊ အဲဒီနောက်ဘာကိုမှ သတိမရတော့ဘူး၊ သတိရလာသလို ဖြစ်သွားသေးတယ်၊ အဲဒီအချိန်မှာ သဲစုဟာ အခန်းတစ်ခုထဲကိုရောက်နေတယ်၊ ဒါပေမဲ့ ရေနစ်ခဲ့တယ်ဆိုတာကိုတော့ သိနေတယ်၊ အဝတ်အစားတွေကလည်း ခြောက်သွေ့နေတယ်၊ စောင်တစ်ထည် ခြုံထားသေးတယ်"

"ဆက်ပြောပါဦး"

"ခေါင်းထဲမှာလည်း ရီဝေဝေနဲ့၊ တန်းမှာ အာလာဒင်မီးအိမ်တစ်ခုလည်း ချိတ်ဆွဲထားတယ်၊ ငါ ဘယ်ကိုရောက်နေပါလိမ့်လို့ တော်တော်လေးကိုစဉ်းစားယူရတယ်၊ အိမ်တော့မဖြစ်နိုင်ဘူးဆိုတာ သိနေတယ်၊ အဲဒီတော့ ရေထဲနစ်မြုပ်ခါနီး အခြေအနေကို သတိရသွားတယ်၊ အနီးစပ်ဆုံးတွေးမိတာကတော့ ငါရောက်နေတာ သင်္ဘောတစ်စီးပေါ်မှာပဲပေါ့၊ တစ်ယောက်ယောက်က ကယ်တင်လိုက်တာပဲဆိုတာကို သိလိုက်တယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ အခန်းတံခါးကို အပြင်ကနေပိတ်ထားတယ်၊ အကျိုးအကြောင်းကို သိချင်ပေမယ့် သိခွင့်မရခဲ့ဘူး''

''အဲဒီတော့''

''သဲစုလည်း နည်းနည်းတော့ ကြောက်လာမိတာပေါ့၊ ငါ့ကိုကယ်ပြီးတော့ ဖမ်းထားတာလားပေါ့၊ ဒီလိုပဲတွေးတွေး ခြောက်တွေးနဲ့ ပြန်ပြီးတော့ အိပ်ပျော်သွားတယ်၊ နိုးလာတဲ့အခါမှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ အခန်းတံခါးကိုဖွင့်ပြီး လူတစ်ယောက်က ဝင်လာခဲ့တယ်''

သူသည် အတွေ့အကြုံကို အသေးစိတ်ပြန်ပြီးတော့ ပြောပြလေသည်။

❋

သူမသည် ထပ်မံ၍ အိပ်ပျော်သွားပြီးနောက် အမှတ်မထင် နိုးလာချိန်တွင် လူတစ်ယောက်က ဝင်လာခဲ့လေသည်။ ထိုသူသည် ပဝါနက်တစ်ထည်ကို ခေါင်းပေါင်းပေါင်းထားသည်။ ရှည်လျားသောဆံပင်များက ကုပ်ကိုထောက်နေကြသည်။ ခါးပတ်ပြားကြီးတစ်ခုကိုပတ်ထားပြီး ဓားမြှောင်တစ်ချောင်းကိုလည်း





ချိတ်ထားလေသည်။ လက်ပြတ်အကျႌ၊ ရင်ဘတ်က ဟပြနေ၏။

''ကဲ ငါ့တူမ ...လာ''

မျက်နှာက တင်းမာသယောင်ထင်ရသော်လည်း လေသံက ပျော့ပျောင်းလို့နေသည်။ သဲစု၏စိတ်ထဲမှာ ထိုသူ့ကို ကြည့်ရသည်မှာ တစ်မျိုးပဲဟု ထင်မိသည်။ သီးခြားဆန်သော လူသားတစ်ယောက်ဟု ပြောရလေမည်လား။ မိမိကို ရေထဲမှ ဆယ်ယူလိုက်သူမှာ သူပဲလားဟု မေးချင်သည်၊ မမေးရဲ။ ထို့ကြောင့် ကွပ်ပျစ်ထက်မှဆင်းကာ လိုက်သွားခဲ့လေသည်။

အခန်းအပြင်ကိုရောက်လာသောအခါ သင်္ဘောကြီးသည် ကမ်းခြေတစ်နေရာမှာ ရပ်တန့်ထားသည်ကို တွေ့လိုက်ရသည်။ မိမိ ရေနစ်ခဲ့သောအချိန်က ညနေဘက်မိုးချုပ်စအချိန်ဖြစ်သည်။ ထိုအခါ သင်္ဘောကြီးသည် တစ်ညလုံးလိုလို ပင်လယ်ထဲမှာ ရွက်လွှင့်နေခဲ့တာပဲ ဖြစ်လိမ့်မည်။ ယခုလည်း မိုးကမလင်းသေး။ မှန်တိုင်း၊ လေ၊ မိုးကတော့ ငြိမ်သက်သွားခဲ့ပြီဖြစ်သည်။

''ငါ့တူမ ...မင်း ဒီကျွန်းပေါ်မှာ နေရစ်ခဲ့တော့''

''ရှင်''

ရုတ်တရက်ပြောချလိုက်သောစကားကြောင့် သဲစု အံ့အားသင့်သွားခဲ့ရသည်။

''သဲ သဲစု ဒီသင်္ဘောပေါ်ကဆင်းရတော့မယ် ...ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

''ဟုတ်တယ် ... ငါတို့မှာ ခရီးဆက်စရာရှိသေးတယ်၊ မင်းကိုခေါ်သွားလို့ မဖြစ်ဘူးလေ၊ ဒါကြောင့်ပါ''

ဝန်းကျင်သည် မှောင်မှောင်မည်းမည်းနှင့်မို့ ကြောက်လန့်နေမိသည်က အမှန်။

''သဲ သဲစု ကြောက်တယ်၊ ခုလို တစ်ခါတည်း ဆက်ခေါ်သွားလို့ မရဘူးလားဟင်''

''မဖြစ်လို့ပါ၊ မင်းကို ကိုယ်ချင်းမစာလို့ပြောတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မင်း ဘာမှမပူနဲ့၊ နောက်နှစ်ရက်လောက်ဆို ခရီးသည်နှစ်ဦး ရောက်လာလိမ့်မယ်၊ မင်းအတွက် အဖော်ရတာပေါ့''

''သဲစု အိမ်ကိုပြန်ချင်တယ်၊ လိုက်ပို့ပေးလို့ မရဘူးလားဟင်''

''အဲဒီလူတွေကပဲ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးပါလိမ့်မယ်၊ ငါတို့က မိုးမလင်းမီ ပြန်ထွက်ရမှာ၊ ခုလိုပြောရတာ စိတ်မကောင်းပါဘူး''

သဲစုလည်း ဘယ်လိုမှ မတတ်သာတော့။ မိန်းကလေးတစ်ယောက်တည်းကို ရက်ရက်စက်စက် တစ်ယောက်တည်းထားပစ်ခဲ့ရက်သည့်လူတွေကို နားမလည်မိ။ ထိုလူကြီးကပင်လျှင်





ဂရုတစိုက်နှင့် သင်္ဘောပေါ်မှ အောက်ကိုချပေးခဲ့လေသည်။

''အားမငယ်နဲ့ ကလေးမ၊ ဦးတို့ကလည်း မတတ်သာလို့ပါ၊ ဒီကျွန်းဟာ ငှက်ခါးကျွန်းပဲ ... မှတ်ထား''

ထိုသူ၏မျက်နှာကို ကြည့်လင်ပြတ်သားစွာမမြင်ရပေ။ ဝိုးတဝါးအမှောင်အောက်မှာ ရှိနေကြသောကြောင့်ဖြစ်သည်။ သဲစုတစ်ယောက်တည်းကိုထားခဲ့ပြီး သင်္ဘောပေါ်ကို ပြန်တက်သွားသည်။ ငှက်ခါးသဏ္ဌာန်သင်္ဘောကြီးသည် ရေကောင်းစွာတက်နေသောအချိန်တွင် ရွက်များကိုလွှင့်ကာ ကမ်းခြေမှ ထွက်ခွာသွားခဲ့လေသည်။ သဲစုမှာ အားငယ်စိတ်၊ ကြောက်စိတ်တို့ဖြင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါ၏။

✹

သဲစုသည် သူ၏အတွေ့အကြုံကို အဆုံးသတ်လိုက်သည်။ လင်းပိုင်ဇော်နှင့် ထက်မောင်တို့၏ အံ့အားသင့်နေသောမျက်နှာများကိုတော့ အကဲမခတ်မိ။ သူမကို ပင်လယ်ထဲမှ ဘယ်တင်ကာ ခေါ်ဆောင်ခဲ့သော သင်္ဘောကြီးသည် သူတို့နှစ်ယောက်ကို ငှက်ခါးကျွန်းအရောက်ပို့ပေးခဲ့သည်။ ငှက်ခါးအမည်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သဘော အတူတူပင်တည်း။

"အေး ... မင်းနဲ့ငါတို့နှစ်ယောက်ဟာ ကံတူအကျိုးပေး လို့ ဆိုရမှာပဲ"

"ရှင်"

"သြော် ... ဒီလိုပါ၊ မင်းပြောတဲ့အတိုင်းဆိုရင် ငါတို့ကို လည်း ဒီကျွန်းပေါ်ကိုအရောက် ပို့ပေးခဲ့တာ၊ မင်းစီးလာခဲ့တဲ့ သင်္ဘောကြီးပဲ၊ ဝှက်ခါးပုံစံသင်္ဘောကြီး ဖြစ်နေလို့ပဲ"

"ဟင် ... ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ၊ အဲဒါက ဘာကြောင့် ဒီလိုတူညီနေရတာလဲ"

"ထူးဆန်းတဲ့ တိုက်ဆိုင်မှုလို့ပဲ သဘောထားရတော့မှာ ပဲ၊ ငါတို့လည်း ဉာဏ်မမီတော့ဘူးလေ"

လင်းပိုင်ဖော်ကလည်း သူတို့၏အဖြစ်အပျက်ကို တိုတို တောင်းတောင်းပင် ပြောပြလိုက်လေ၏။ ရှေးကျသော သင်္ဘော ကြီးတစ်စီးထဲက တိုက်တိုက်ဆိုင်ဆိုင် သူတို့သုံးယောက်ကို ဝှက် ခါးကျွန်းပေါ်ရောက်အောင် ပို့ဆောင်ခဲ့သည်က မယုံနိုင်စရာပါ တည်း။

ထိုစဉ် စကားပြောသံတွေလိုလို ကြားလိုက်ရသဖြင့် ထက်မောင်က သူတို့နှစ်ယောက်ကို ဂူ၏အတွင်းဘက်ကို ဝင်ဆော ကြရန် အမူအရာပြလိုက်သည်။ သူကတော့ ဂူဝမှာကပ်၍



အပြင်ကို ကြည့်လိုက်သည်။ အသံတွေက တဖြည်းဖြည်းနှင့် နီးကပ်လာကြသည်။ ချက်ချင်းလိုလိုပင် ခြေလှမ်းသွက်သွက်နှင့် ရောက်လာခဲ့ကြသော လူဝံလိုလို မျောက်လိုလို အမနုဿဆန် သော သူများကို တွေ့လိုက်ရလေ၏။

လင်းပိုင်ဖော်က သဲစုကိုထားခဲ့ပြီး ထက်မောင်နှင့်အတူ ဂူဝမှာလာကြည့်သည်။ သူတို့လမ်းလျှောက်ကြပုံကို အခုမှ သေချာစွာကြည့်မိသည်။ ခြေအနည်းငယ်ခွင်ကြသည်။ အားလုံး လိုလို ထိုပုံစံအတိုင်း လျှောက်ကြသည်။ မျက်လုံးတွေက အတွင်း ကို အနည်းငယ်ချိုင့်ဝင်နေကြသည်။ ဤကျွန်းတွင် သူတို့ချည်းပဲ နေထိုင်ကြဟန်တူသည်။ အခြားတစ်နေရာမှ ရောက်လာကြသူ တွေလည်း ဖြစ်နိုင်သည်။

လင်းပိုင်ဖော်တို့ရှိနေကြသောဂူနှင့် မနီးမဝေးတွင် ရပ် လိုက်ကြသည်။ ဤအနားတစ်ဝိုက်ကိုပင် သင်္ကာမကင်းဖြစ်နေ ကြသည်။ လူစိမ်းတွေ ဤကျွန်းပေါ်ကို ရောက်နေကြသည်ကို ရိပ်မိသနားလည်ပုံရချင်နေကြသည်။ ထိုစဉ် တစ်ဦးသည် ဂူဆီကို လှမ်းကြည့်လိုက်၏။

"ငါတို့နေရာကို သင်္ကာမကင်းဖြစ်နေပြီထင်တယ် ထက်"

"အနံ့ခံပြီးတော့ လိုက်ရှာနေတာကွ၊ သတိထားတား

www.burmeseclassic.com

www.burmeseclassic.com



ကြရမယ်''

အနံ့ခံသောသူသည် ဂူဆီကို တဖြည်းဖြည်းနှင့် လျှောက်လာခဲ့သည်။ ကျန်အမနုဿများကတော့ နေရာမှာထင်ကျန်ရစ်ခဲ့ကြသည်။

''ဟာ ... ငါတို့ဘက်ကိုလာနေတာပဲကွ၊ ဒီကောင် အနံ့ခံ တယ်ကျွမ်းပါလား''

''မဖြစ်ဘူး ဖော်၊ ဒီဂူက သူတို့ရဲ့ပစ်မှတ်ဖြစ်နေတယ်၊ ကျိန်းသေပြီလို့ ထင်သွားရင် သူ့ငနဲတွေကို အချက်ပေးပြီးတော့ ခေါ်လိုက်လိမ့်မယ်''

''ဒါဆို ဂူအတွင်းဘက်ကို ရနိုင်သမျှ ကပ်ကြစို့၊ တခြားပုန်းစရာလည်း မရှိဘူး၊ ဝင်လာကြတော့လည်း ကြည့်လုပ်ကြတာပေါ့ကွာ၊ နိုင်ရာသာ ကိုင်ပစ်လိုက်''

နှစ်ယောက်စလုံး သဲစုဆီကို ပြန်လျှောက်သွားခဲ့ကြသည်။ သဲစုမှာ ရင်တထိတ်ထိတ်နှင့် စောင့်နေသည်။

''ဘာလဲဟင် ... သူတို့ ရောက်လာကြပြီလား''

''ရှူး ... စကားမပြောနဲ့၊ ဟုတ်တယ်၊ လာ ... ဂူ အထဲကို ရနိုင်သမျှ တိုးဝင်ကြရအောင်''

လင်းပိုင်ဖော်သည် ကြောင်စီစီဖြစ်နေသော သဲစုအား လက်မောင်းမှ ဆွဲကိုင်ကာ ဂူအနောက်ဘက်ဆီကို လျှောက်သွား





သည်။ ထက်မောင်က ဓာတ်မီးတစ်ချက် ဝင့်ကြည့်လိုက်သည်။

''ဟာ ... ဂူက အနောက်ဘက်ကို တော်တော်သွားနေတာပဲကွ''

ထို့နောက် မီးကိုပိတ်လိုက်သည်။ အလင်းရောင်က ဝေးလာခဲ့ပြီဖြစ်၍ အမှောင်က ပိုပြီးတော့ နက်ရှိုင်းလာသည်။ ထိုစဉ် ...

''ဖော် ... ဒီမှာ ခဏရပ်နေကြဦး၊ ငါ ဟိုကောင်တွေကို ပြေးကြည့်လိုက်ဦးမယ်''

ထက်မောင်က ဂူဝဆီကိုပြန်ပြေးသွားသည်။ ထိုစဉ်မှာပင် လျှင် စောစောက အနံ့ခံနေသောသူက ...

''+++ +++''

ရုတ်တရက် စူးစူးရှားရှားတစ်ချက် အော်လိုက်သည်။ ဂူဆီကိုလည်း လက်ညှိုးထိုးပြလိုက်လေ၏။ ထိုအခါ အမနုဿများသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြကာ ပြေးလာခဲ့ကြလေသည်။

''ဟိုက်''

ထက်မောင်က ထိုအခြေအနေကို တွေ့သွားခဲ့လေရာ လင်းပိုင်ဖော်တို့ဆီကို ပြန်ပြေးသွား၏။ လင်းပိုင်ဖော်ကလည်း ရုတ်ယားဖားယားဖြင့် ပြေးလာသော ထက်မောင်ကို မြင်တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် သဘောပေါက်သွားခဲ့လေ၏။

"ဟိုငနဲတွေ ဒီဂူထဲကို ဝင်လာကြတော့မယ်ထင်တယ်"

"ကျိန်းသေသွားပြီလား၊ ဒါဆိုရင်လစ်ကြစို့"

ဂူအနောက်ပိုင်းဆီကို လျင်မြန်သောခြေလှမ်းများဖြင့် ပြေးလာခဲ့ကြသည်။

"ဂူက ပိတ်နေရင်တော့ မလွယ်ဘူး ကိုထက်။ အားလုံး ချောင်ပိတ်မိပြီးသား ဖြစ်သွားကြလိမ့်မယ်"

ထက်မောင်က မီးထိုးကြည့်လိုက်သည်။

"ဟာ ... အပိတ်ကြီးမဟုတ်ဘူးကွ၊ လိုဏ်လမ်း ကြောင်း ရှိတယ်၊ တော်ပါသေးရဲ့"

ဝမ်းသာသွားခဲ့ကြသည်။ တကယ်ပင် လိုဏ်လမ်း ကြောင်းကြီးတစ်ခုက ဘယ်ဘက်ကို လှည့်ပတ်ချိုးကွေ့ပြီးတော့ ဝင်သွားသည်။ မီးက တစ်ချက် တစ်ချက်ပင် ထိုးသည်။ ဓာတ် ခဲအားကုန်သွားမည်စိုး၍ အောင့်သိုးသိုးအနံ့အသက်ရသည် ကလွဲ၍ လမ်းကြောင်းက ဖြောင့်ဖြူးနေသည်။ တောက်လျှောက် ပင် ပြေးလာခဲ့ကြသည်။ သဲစုလည်း အတော်ပင် စိတ်လှုပ်ရှားရင်း လိုက်ပါလာ၏။

✲ ✲ ✲



အခန်း (၁၄)

## အလယ်အူပေါက်လမ်းကြောင်း

အမနုဿဆန်သောသတ္တဝါများသည် ဂူဆီကိုစုပြုံပြီး တော့ ရောက်လာခဲ့ကြသည်။ အနံ့ခံကောင်းသောသူကလည်း နှာခေါင်းတရှုံ့ရှုံ့နှင့်။ သူက ဦးဆောင်ပြီးတော့ ဂူထဲကို ဝင်သွား သည်။ အားလုံးလိုက်ဝင်သွားခဲ့ကြသည်။ သူတို့သည် အမှောင်ထဲ မှာလည်း မြင်နိုင်စွမ်းရှိကြဟန်တူသည်။ အနံ့ခံသူက ဘာပြန်ပြော လိုက်သလဲမသိ။

"+++ +++"

အားလုံးက အူးအူးအားအားနှင့် အသံများထွက်ပေါ်လာ ခဲ့ကြသည်။ ထို့နောက် ပုံမှန်ခြေလှမ်းများထက် ပိုပြီးတော့ မြန်လာခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာပြေးနေကြသော လင်းပိုင်ဇော်တို့သုံးယောက်က လည်း ထူးဆန်းသော အမနုဿတွေ နောက်မှလိုက်လာကြမည် ကို ကျိန်းသေသိနေကြသည်။ ပြေးရင်းက သဲစုဧ၏ဘောင်းဘီအိတ် ထဲက ပစ္စည်းလေးတစ်ခု ထွက်ကျသွားသည်။ မီးထိုးကြည့်ရာ ရေမွှေးပုလင်းလေးတစ်လုံး ဖြစ်နေသည်။ လင်းပိုင်ဇော် အကြံရ သွားသည်။ ကောက်ယူလိုက်ပြီး အဖုံးကိုဖွင့်ကာ ညာဘက်ကို ကွေ့ဝင်သွားသည်။ လိုဏ်လမ်းကြောင်းဆီကိုပြေးသွားပြီး ရေမွှေး တွေကို သွန်ချလိုက်သည်။ ပုလင်းလွတ်ကို ထိုအထဲသို့ပင် ပစ် သွင်းလိုက်၏။ ထို့နောက် ထက်မောင်တို့ဆီကို ပြန်ပြေးလာသည်။

''ဘာလုပ်တာလဲ ဇော်''

''အနံ့ခံကောင်းတဲ့ကောင်တွေ ဆက်ပြီးတော့ အနံ့ခံသွား ကြပေါ့ကွာ''

လင်းပိုင်ဇော်၏စကားကို ချက်ချင်းတော့ နားမလည်။ နောက်တော့မှသဘောပေါက်သွားခဲ့ကြသည်။ လိုဏ်လမ်း ကြောင်းအတိုင်း ဆက်ပြီးတော့ ပြေးလာခဲ့ကြသည်။ ယင်းအချိန် တွင် နောက်မှလိုက်လာကြသော အမနုဿများသည် ခြေခွင်ကြ သူများ ဖြစ်ပေမင့် လျင်မြန်စွာပင် ပြေးလာနိုင်ကြသည်။ သူတို့ အထဲတွင် အားလုံးက အနံ့ခံနိုင်ကြသူများ မဟုတ်ကြ။ တစ်ဦး ကသာ အနံ့ခံနိုင်သည်။ ထိုသူက ရှေ့ဆုံးမှဖြစ်သည်။





တစ်နေရာကိုအရောက်တွင် မွှန်ထူနေသော ရနံ့တစ်မျိုး ကို ရသွားခဲ့ကြသည်။ ရေမွှေးရနံ့ပင်ဖြစ်သည်။ သို့သော် သူတို့ သည် ထူးကဲသောရနံ့မျိုးဟုသာ သိထားကြသည်။ ရေမွှေးဆို သည်ကို မသိကြပေ။

''+++. +++''

အနံ့ခံသူက အော်ဟစ်ပြီး တစ်နေရာကို လက်ညှိုးထိုးပြ လိုက်သည်။ ညာဘက်ကို ကွေ့ပြီးဝင်သွားသည်။ အခြားသော ဂူလိုဏ်လမ်းကြောင်းတစ်ခုပင်။ သူတစ်ဦးတည်း ရေမွှေးရနံ့ကို ရသည်မဟုတ်။ အတူပါလာကြသူတွေလည်း ထိုရနံ့စူးစူးရှားရှား ကို ရခဲ့ကြသည်ပင်။ ထို့ကြောင့် ထိုဂူလိုဏ်လမ်းကြောင်းထဲကို ချိုးကွေ့ကာ ဝင်သွားခဲ့ကြလေသည်။

✿

လင်းပိုင်ဇော်၊ ထက်မောင်နှင့် သဲစုတို့သုံးယောက်။

''ကျိန်းသေတယ်ကွ၊ ဒီကောင်တွေ အနံ့ခံရင် လမ်း ကြောင်းလွဲသွားခဲ့ကြပြီ၊ ငါတို့ရဲ့ကိုယ်နံ့ကို ရေမွှေးရနံ့က ဖျောက် ဖျက်ပစ်လိုက်မှာ''



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းလုပ်တာ မှန်တယ် ဖော်"

*သို့သော် အမနုဿများက လမ်းကြောင်းလွဲပြီးတော့* လိုက်သွားခဲ့ကြသော်လည်း စိတ်ဒုံးဒုံးချမနေနိုင်ကြပါ။ ဆက်ပြီးတော့ ပြေးလာခဲ့ကြသည်။ ဘယ်ဆီရောက်၍ ဘယ်သို့ပေါက်ကြမလဲတော့ အမနုဿများက ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်ဖြစ်နေကြစဉ်မှာ မိမိတို့အတွက် အချိန်ကောင်းစွာရကြသည်။ ထိုသူများသည် ရက်စက်ကြမ်းကြုတ်ကြသူများ ဖြစ်သည်။ မိများမိသွားခဲ့ကြလျှင်မလွယ်။ ကျွန်းပေါ်မှာ စိုးမိုးနေကြသူများမို့ ဤကျွန်းပေါ်ကို မတော်တဆ ရောက်လာခဲ့ကြသူများအဖို့ မလွယ်။ ထိုသူများသည် အတ္တအစွဲကြီးလှသည်။

ပင်လယ်ဓားပြများသည် ဤအမနုဿများနှင့် တွေ့သွားခဲ့ကြလေသလား။ ဤသတ္တဝါဆန်းများသည် အရေအတွက်မည်မျှအထိ ရှိနေကြပါသလဲ။ လမ်းသည် တဖြောင့်တည်းမဟုတ်တော့။ အကွေ့အကောက်များက ရှိလာသည်။ ပြေးရသည်မှာသဲစုကိုလည်း ညှာရသေးသည်။ သို့သော် သူမသည် အားတင်းပြီးတော့ ပြေးရှာပါသည်။

မီးကိုလည်း သိပ်မသုံးရဲ။ ဓာတ်ခဲအားကုန်သွားမည်စိုးသောကြောင့်။ ထို့အပြင် အမနုဿများနှင့်လည်း ပက်ပင်းတိုးနိုင်သည်။ မီးရောင်ကို သူတို့မြင်တွေ့သွားခဲ့ကြလျှင် မလွယ်။





တစ နေရာကိုအရောက်တွင် လမ်းကြောင်းသည် အောက်ကို တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ညီညွှစ်သော ကျောက်တုံးများကို တွေ့ကြရသည်။ ယင်းအပေါ်မှ ကျော်ဖြတ်ပြီးတော့သွားကြရသည်။ မညီမညာကျောက်တုံးတွေက အချွန်အတက်တွေလည်း ပါကြသည်။ ခြေထောက်ကို ရှမည်စိုး၍ သတိထားပြီးတော့ သွားကြရသည်။ ထိုအခါ ခရီးက သိပ်မတွင်။ [နောင်အခါ စဉ်းစားမိကြသည်မှာ ယင်းတို့သည် မီးတောင်ထဲမှ လျှံထွက်လာခဲ့ကြသော ကျောက်တုံးများ၊ ချော်ခဲများဖြစ်ကြသည်ဟုပင်]

ယင်းကျောက်တုံးကျောက်ခဲ ချော်ခဲများကို လွန်မြောက်လာခဲ့ကြသောအခါ အရိပ်ကြီးတစ်ခုက သူတို့ကို ထိုးလိုက်သလိုဖြစ်သွားခဲ့သည်။ ပိုပြီးတော့ အမှောင်ကျသွားသလို၊ ထက်မောင်က အတွင်းဘက်ကို မီးထိုးကြည့်လိုက်ရာ အပေါ်ကိုတက်သည့် ဥမင်လမ်းကြောင်းကြီးတစ်ခုကိုကြည့်လိုက်ရာ အပေါ်ကိုတက်သည့် ဥမင်လမ်းကြောင်းကြီးတစ်ခုကို ထပ်ပြီးတော့ တွေ့လိုက်ကြရပြန်သည်။

"အောက်မှာ လမ်းကြောင်းက နှစ်ခု, သုံးခုလောက်ဖြစ်နေတယ်၊ ဒီအပေါ်မှာလည်း ရှိတယ်၊ ဘယ်လိုလုပ်ကြမလဲ ဖော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူတို့က ငါတို့နောက်ကို ဆက်ပြီးတော့ လိုက်လာနိုင်ကြရင်လည်း အောက်မှာပဲ ဆက်ပြီးတော့ ရှာကြမှာပဲ၊ ငါတို့က သူတို့ကို မျက်ခြည်ပြတ်ပြီး ဒီအပေါ်ကို တက်ရှောင်နေရင်ကောင်းမလားလို့"

"အေး ... ကောင်းတယ်၊ မြေပြင်ကလည်း မာနေတယ်ကွ၊ ငါတို့ခြေရာတွေလည်း ထင်ကျန်ခဲ့မှာမဟုတ်ဘူး"

သဘောတူ အပေါ်ကိုတက်ခဲ့ကြသည် လမ်းက ပြောင်ချောကြီးမဟုတ်၊ တော်ပေသေးသည်။ အထစ်အထစ်တွေက လှေကားထစ်များသဖွယ် သုံး၍ရသည်။ အချို့နေရာများတွင် ကွေ့ကွေ့ကောက်ကောက် ဖြစ်နေကြသည်။ မြေဆွဲအားကို ဆန့်ကျင်ပြီးတော့ တက်နေကြရသဖြင့် အနည်းငယ်ပင်ပန်းသည်။

တောင်တစ်တောင်၏ အလယ်အူပေါက်လမ်းကြောင်း တစ်ခုပဲလား၊ သို့မဟုတ် ကုန်းမြေအစိတ်အပိုင်း၏အထက်သို့ တက်သည့် သဘာဝလမ်းကြောင်းပေလားဟု။

[အယူအဆနှစ်ခုစလုံး မှားယွင်းခဲ့သည်ကို မကြာခင်မှာပင် သိခဲ့ရသည ။]

တစ်င ိုကိုအရောက်မှာ ကံအားလျော်စွာပင် လမ်းကြောင်းက အ ကို ဆက်မတက်တော့ဘဲ ဘေးကိုရောက်သွားသည်။ အမန ားနှင့် ဝေးသထက်ဝေးနိုင်ရန် ဆက်ပြီးတော့





လျှောက်ခဲ့ကြသည်။

"သဲစု ... လျှောက်နိုင်သေးရဲ့လား"

"လျှောက် လျှောက်နိုင်ပါတယ် ကိုဇော်"

သဲစု၏အသံက ခပ်ယဲ့ယဲ့။ တစ်ခဏနားကြသည်။ ရေငတ်သည့်ဝေဒနာက ကြီးစိုးလာခဲ့ကြသည်။ လင်းပိုင်ဇော်သည် တစ်စုံတစ်ရာကို သတိရသွားသလို။

"နေဦး ခဏ"

ကျောပိုးအိတ်ကိုဖြုတ်ကာ ဖွင့်လိုက်သည်။ ရေပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်သည်။ ပုလင်းနှင့်အတူ ရွှေသရဖူလေးကို သဲစုမြင်လိုက်သည်။

"ကိုဇော် ... ဒါလေးက"

"ဒီကျွန်းပေါ်ကပဲရခဲ့တာ၊ ကောက်ရတာတော့ မဟုတ်ဘူး၊ စောစောကလူတူသတ္တဝါတစ်ဦးက သစ်ပင်ပေါ်ကနေ ဝစ်လိုက်တာ၊ သူတို့အုပ်စုထဲမှာ အသိဉာဏ်နည်းတဲ့ကောင်ပဲ ထင်ပါရဲ့"

မိန်းကလေးပီပီ ထိုအရာလေးကို စိတ်ဝင်စားသွားခဲ့သည်။

"လှတယ်နော်၊ ချစ်စရာလေး"

"မင်းနဲ့လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းပိုင်ဖော်က သူမ၏ခေါင်းထက်မှာ တင်ပေးလိုက်သည်။ သူမသည် ရေငတ်သည်ကိုပင် မေ့လျော့သွားခဲ့သည်ဟု ထင်သည်။

"ရေအရင်သောက်လိုက်ဦး၊ အိမ်က,ကတည်းက ထည့်လာလို့ ရှားရှားပါးပါး မိလာခဲ့တာ"

ထိုအခါကျမှ သူမသည် လင်းပိုင်ဖော်၏လက်ထဲမှ ရေပုလင်းကိုယူကာ တစ်ငုံ နှစ်ငုံ သောက်လိုက်သည်။

"သောက်ဦးလေ"

"ဟင့်အင်း ... တော်ပြီ၊ အစ်ကိုတို့ပဲ သောက်ကြပါ"

အနည်းငယ်တော့ အမောပြေသွားခဲ့ကြသည်။ နောက်ကြောင်းမအေးနိုင်ကြသေး၍ ကြာကြာမနားရဲကြ။ ဆက်ပြီး လျှောက်လာခဲ့ကြပြန်သည်။ လူတို့ဖန်တီးသောလမ်းကြောင်းတော့ မဟုတ်။ အနေအထားအရ သဘာဝလမ်းကြောင်းတစ်ခုဟု သိထားလိုက်ကြသည်။

လမ်းကြောင်းက နှစ်ခုဖြစ်သွားသည်။ ရှေ့ကိုလည်း ဆက်၍သွားသည်။ နံရံမှာလည်း ပွင့်ကာ နောက်ထပ်လမ်းကြောင်းတစ်ခု။ အတွင်းဘက်ကို ဖောက်ဝင်သွားခဲ့ပြန်သည်။ ပိုပြီးလုံခြုံမည်ထင်၍ အတွင်းလမ်းကိုပဲ ဆက်လိုက်ကြသည်။ ဝင်လာခါစက အမှောင်ထဲကို တိုးဝင်လိုက်သလို ဖြစ်သွားသည်။





နောက်တော့ တဖြည်းဖြည်းနှင့် ကျင့်သားရလာခဲ့သည်။

မီးမလိုဘဲ လျှောက်၍ရသည်။ အမှောင်ကြီးမဟုတ်ဘဲ ဝိုးတဝါးအလင်းရောင်ရနေသည်။ လမ်းသည် တဖြည်းဖြည်းနှင့် ပိုပြီးတော့ ကျယ်ပြန့်လာသည်။ နောက်ဆုံးမှာတော့ ကျယ်ဝန်းသော ကွက်လပ်ကြီးတစ်ခုအဖြစ် တွေ့လိုက်ရသည်။ မျက်နှာကြက်မှာလည်း အချွန်အတက်များက ရှိနေကြသည်။ အဖျားပိုင်းက အောက်ကိုစိုက်နေကြသည်။

နားထဲတွင် ရေသံလိုလို ကြားနေရသည်။ ခန်းမကြီးထဲတွင် လင်းခနဲ လက်ခနဲလည်း ဖြစ်ဖြစ်သွားသည်။ လိုက်ကြည့်သောအခါ ထိုလင်းလက်သွားသောအရာသည် လူတစ်ရပ်သာသာရှိ နံရံပေါက်တစ်ခုမှ ထွက်လာခဲ့သည်ဖြစ်ကြောင်း သိလိုက်ရသည်။

"လာကွာ ... သွားကြည့်ကြရအောင်"

သုံးယောက်အတူသွားကြသည်။ ဘေးထွက်ဂူပေါက်တစ်ခု ဖြစ်နေသည်။ သတိထားပြီး ဂူဝမှာ ရပ်ကြည့်လိုက်ကြသောအခါ ၁၅ ပေပတ်လည်တွင် ကျယ်ဝန်းသောရေအိုင်ကြီးတစ်အိုင်ကို တွေ့လိုက်ကြရသည်။ ရေသည် ထူးခြားစွာပင် လင်းလက်တောက်ပနေသည်။ စိန်ရောင်တောက်ပနေသလိုပင်။ သို့မဟုတ် အဏုမြူဓာတ်ပါဝင်သော အမှုန်လေးတွေ ရှိလိမ့်မည်

www.burmeseclassic.com



ဟု ထင်သည်။

လင်းပိုင်ဇော်က အထဲဝင်ပြီး မီးထိုးကာ အခြေအနေကို ကြည့်သည်။ လက်နှင့်ထိတွေ့ကာ စမ်းကြည့်သည်။

"အို ...ဘာမှန်းမသိဘဲနဲ့ မကိုင်နဲ့လေ"

သဲစုက အထိတ်တလန့်ဖြင့်အော်ပြီး သတိပေးလိုက်သည်။ သို့သော် သာမန်ရေပင်ဖြစ်သည်။ မိုးရွာစဉ် အမြင့်ပိုင်းတစ်နေရာမှအောက်ကို စီးဆင်းလာသောရေသည် ပြွန်ကဲ့သို့ ပင်ကြားအက်စသည့်နေရာများကတစ်ဆင့် ဤနေရာကို ရောက်လာခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

"ရေကောင်းရေသန့်ပါ သဲစုရဲ့၊ တို့လည်း ပင်ပန်းလာပြီ၊ လန်းဆန်းသွားအောင် ရေချိုးကြမယ်"

အားလုံးက လက်ခံကြသည်ဖြစ်၍ လင်းပိုင်ဇော်က အရင်ချိုးသည်။ အိုင်သည် ခါးလောက်အထိပဲ နက်သည်။ ရေကလည်း လွန်ကဲစွာအေးနေခြင်း မဟုတ်။ အနည်းငယ်နွေးနေသည်။ သဲစုချိုးသောအလှည့်တွင် သူတို့နှစ်ယောက်က အပြင်ကနေ စောင့်ပေးကြသည်။ အဝတ်ပိုပါမလာကြ၍ ဝတ်ပြီးသားကိုပင် ပြန်ပြီးတော့ ဝတ်ကြရသည်။ ရေသည် အာနိသင်တစ်ခုခု သက်ရောက်နေသလား မသိ။ အားအင်များပြည့်ဖြိုးလာသလို ပေါ့ပါး လန်းဆန်းသွားခဲ့ကြရသည်။





သူတို့ ဤနေရာကိုရောက်နေကြသော်လည်း နောက်ကြောင်းမအေးကြ။ အမနုဿများ ရောက်လာကြဦးမလားဟု သတိကြီးစွာပင် ထားနေကြရသည်။ ခုလောက်ဆို သူတို့သည် အညာမိသွားခဲ့ကြပြီဖြစ်ကြောင်း သိသွားလောက်ကြလေပြီ။ မည်သို့မည်ပုံ ဆက်လိုက်လာကြမလဲတော့ မသိ။ ဤအပေါ်ကို ဆက်မတက်ဘဲ အောက်ကနေပတ်ပြီး လမ်းကြောင်းပြောင်းသွားခဲ့ကြရင်တော့ သက်သာရကြလိမ့်မည်။ သူတို့ရောက်ရှိ နေကြသည့် နေရာမှာပင် အတွင်းလိုဏ်လမ်းကြောင်းတစ်ခုက ရှိနေသည်။

"အထဲကပဲ ဆက်သွားကြတာပေါ့ကွာ၊ ဒါမှ စိတ်ချရမယ်"

မင်းမောင်က ပြောသည်။ ဘာမှန်းမသိသော်လည်း အတွင်းလမ်းက ပိုပြီးတော့လုံခြုံမည်ဟု ယူဆကြ၏။ ထို့ကြောင့် ညာဘက်ထောင့်မှာရှိသော လိုဏ်ခုံးသဏ္ဍာန်အပေါက်တစ်ခုမှ တစ်ဆင့် ဝင်လာခဲ့ကြသည်။ ဤအထဲမှာလည်း လုံးဝမှောင်မနေဘဲ ပိုးတဝါးအလင်းရောင် ရှိသည်။ တစ်ယောက်နှင့်တစ်ယောက် ကောင်းစွာမြင်သာသည်။

ရိုပ်ခနဲဆို ဖြတ်သွားကြသောသဏ္ဍာန်များကို မြင်လိုက်ကြရသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သဲစုသည် လင်းပိုင်ဇော်၏လက်မောင်းကို ဆုပ်ကိုင်ထားလိုက်သည်။ အမနုသသတွေပဲဟု ထင်မိလိုက်ကြသည်။ သေချာမြင်လိုက်လျက်နှင့် ဖြတ်သွားကြရင်းက ပျောက်သွားခဲ့ကြခြင်းပင်။ ထိုသူတို့သည် မိမိတို့ကို မတွေ့ဘဲနေကြမှာမဟုတ်။ သို့စဉ်လျက် မလှမ်းမကမ်းမှနေ၍ ကပ်ပြီးတော့ ထွက်သွားကြရပါသလဲ။ ဘာမှလည်း ဝေးကြသည်မဟုတ်။ စကားပြောသလိုလို ညည်းတွားသံများလိုလို ကြားလိုက်ကြရပြန်သည်။

သဲစုသည် ဣန္ဒြေပျက်နေသော်လည်း သူတို့နှစ်ယောက်ကတော့ အခြေအနေကို မသိကျိုးကျွန်ပြုပြီးတော့ နေကြသည်။ ခေတ္တခဏ ငြိမ်ပြီးတော့ ရပ်နေကြသည်။ ထိုစဉ် သဲစု၏မျက်ဝန်းများသည် တစ်စုံတစ်ခုကို မြင်တွေ့သွားခဲ့လေရာ . . .

"ဟို . . . ဟိုမှာ"

* * *



## အခန်း (၁၅)

### ထူးဆန်းသော ရွှေဒဂါးပြားလေး

သဲစုလက်ညှိုးထိုးပြလိုက်သည့်နေရာဆီ အကြည့်က ရောက်သွားခဲ့ကြသည်။ ရုပ်ကြွင်းများပင်ဖြစ်သည်။ အရိုးစုများသည် အနေအထားအမျိုးမျိုးဖြင့် သေဆုံးနေကြသည်။ ဤနေရာမျိုးတွင် ရုပ်ကြွင်းများကို အမှတ်မထင် တွေ့လိုက်ကြရသည့်အတွက် အံ့အားသင့်သွားခဲ့ကြရသည်။

"မကြောက်ပါနဲ့ . . . အရိုးခြောက်တွေပါ၊ အကြောင်းတစ်ခုခုကြောင့် သေဆုံးခဲ့ကြတာဖြစ်လိမ့်မယ်"

"အို . . . ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး၊ ကြောက် . . . ကြောက်တယ်"

သဲစုက လင်းပိုင်ဇော်ကို တအားပင် ဖက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်တော့။ အမှတ်တမဲ့ပင်ဖြစ်သော်လည်း အသက်ရှူမှားသွားခဲ့သူကတော့ လင်းပိုင်ဖော်။ ထက်မောင်သည် သူတို့နှစ်ယောက်ကို ဂရုမစိုက်သလို ရုပ်ကြွင်းများဆီကို လျှောက်သွားသည်။ ထို့နောက် သေချာစွာ လေ့လာကြည့်သည်။

ရုပ်ကြွင်းအားလုံး ဆယ်ခုရှိသည်။ သုံးခုက အရပ်အမောင်း၊ အလုံးအဖန် ကွာခြားသည်။ ခေါင်းပိုင်းနေရာသည် သာမန်ထက် ပိုပြီးတော့ ကြီးမားသည်။ ပါးစပ်ပိုပြဲသည်။ နာခေါင်းပေါက်ကြီးသည်၊ နာသီးပွသည်။ ခြေတံလက်တံ ရှည်သည်။ လက်ချောင်းရိုးတွေက တုတ်ခိုင်ကြသည်။

ဘေးမှာလည်း ရှေးခတ်သုံး ပြောင်းတိုသေနတ်နှစ်လက်၊ ဓားကောက်၊ ဓားရှည်အချို့ကို တွေ့လိုက်ရသည်။ လင်းပိုင်ဖော်နှင့် သဲစုတို့သည်လည်း ထက်မောင်၏အနားသို့ ရောက်လာခဲ့ကြသည်။

“ဒီလူတွေဟာ လူဆိုးဓားပြတွေလား၊ ပင်လယ်ဓားပြတွေလားပဲ၊ ဒီသေနတ်တွေဟာ ရှေးခေတ်သုံး ပင်လယ်ဓားပြတွေကိုင်လေ့ကိုင်ထရှိတဲ့ သေနတ်တွေပဲကွ၊ ဟောဒီသုံးခုကတော့ ဘေးက ရုပ်ကြွင်းတွေနဲ့ ကွာခြားတယ်၊ အရပ်အမောင်း၊ အလုံးအဖန်ကအစ ငါ့အထင်ကတော့ ဟို မနုဿကောင်တွေပဲ ဖြစ်မှာပဲ”





လင်းပိုင်ဖော်က ထိုင်ကာ သေချာစွာကြည့်ချင်သော်လည်း သဲစုက တောက်တဲ့သဖွယ် ကပ်နေ၍ မတ်တတ်ရပ်လျက် ကပင် လေ့လာနေရသည်။

“အေးကွာ . . . သူတို့သေဆုံးနေကြတာ နှစ်က နည်းမှာမဟုတ်ဘူး။ သေနတ်တွေက လွန်ခဲ့တဲ့နှစ်ပေါင်းလေးငါးဆယ်လောက်က ရှိခဲ့ဖူးတဲ့ သေနတ်တွေပဲ၊ စာအုပ်တွေထဲမှာ ခေတ်အဆက်ဆက်က သေနတ်တွေအကြောင်း ပြုစုထားတာ ငါမြင်ဖူးတယ်”

“အမနုဿတွေဟာ ဒီကျွန်းပေါ်မှာ ရှိနေကြတာ ကြာပြီပေါ့၊ ခုအချိန်မှာ အရင်ကလောက်များမှာတော့ မဟုတ်တော့ဘူး”

“ကိုထက် . . . ငါ့အထင်ကတော့ ပင်လယ်ဓားပြတွေဟာ တိုက်ရာပါပစ္စည်းတွေကို ဒီကျွန်းမှာ လာဝှက်ကြတယ် ထင်တယ်၊ လူမနေတဲ့ကျွန်းလို့ ထင်ခဲ့ကြလိမ့်မယ်၊ ဒါပေမဲ့ ခုလို လူသူ့သတ္တဝါကောင်တွေနဲ့တွေ့ပြီး တိုက်ခိုက်ကြတာ သေဆုံးကုန်ကြတဲ့ အထိပဲ”

“အေးကွာ . . . တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ”

“ဒီနေရာမှာ မနေကြပါနဲ့တော့”



www.burmeseclassic.com

www.burmeseclassic.com



သဲစုက အကြောက်ပိုနေပြီဖြစ်၍ ထွက်လာခဲ့ကြလေသည်။ ကိုထက်က သေနတ်နှစ်လက်နှင့် ဓားမြှောင်အချို့ကို ယူလာခဲ့သည်။ သေနတ်ကတော့ သုံးမရတော့သော်လည်း အမှတ်တရ။

ဓားမြှောင်တွေကတော့ အရေးကြုံလျှင်သုံးဖို့၊ ထိုနေရာမှ လွန်မြောက်လာခဲ့သည့်အတွက် အနည်းငယ်တော့ အသက်ရှူချောင်သွားခဲ့ကြသည်။ သို့သော် အလင်းရောင်အားနည်းနေ၍ အမြင်သွေလွဲမှုတွေ ဖြစ်နေတာလားမသိ။ မျက်လုံးတွေထဲမှာ မထင်မရှားသဏ္ဍာန်တွေက ဟိုနေရာမှာ ရိပ်ခနဲ၊ ဒီနေရာမှာ ရိပ်ခနဲနှင့် မြင်တွေ့နေရသလို။

ပင်လယ်ဓားပြများသည် ဤလိုနေရာမျိုးကို မည်သည့်အကြောင်းကြောင့် ရောက်လာခဲ့ကြရပါသလဲ။ သက်ဆိုင်ရာအာဏာပိုင်များ၏ ဖမ်းဆီးမှုကို မခံရစေရန် လူမသိသူမသိကျွန်းများကို လိုက်လံရှာဖွေရင်း ဤကျွန်းကို တွေ့သွားကြခြင်းလည်းဖြစ်နိုင်သည်။ ထို့အပြင် လူခေါင်သောနေရာများ၌ မိမိတို့၏ တိုက်ရာပါရတနာပစ္စည်းများကို လာရောက်ဝှက်ထားတတ်ကြလေသည်။

သို့ဖြင့် ပင်လယ်ဓားပြကြီးငှက်ခါး၏အကြောင်းကို လင်းပိုင်ဇော် စဉ်းစားမိသွားသည်။





"အင်း . . . ဒီကျွန်းကြီးဟာ ငှက်ခါးကျွန်းဆိုတာ အမှန်ပဲလား၊ ငှက်ခါးဆိုတဲ့ ပင်လယ်ဓားပြကြီးက သူ့ဘာသာသူ အမည်ပေးခဲ့တာလား။ သူ့ရတနာပစ္စည်းတွေကို ဒီကျွန်းပေါ်မှာ ဝှက်ခဲ့တာ ဆိုရင်တော့"

အတွေးက ရုတ်တရက် ပြတ်တောက်သွားခဲ့ရသည်။ နောက်ထပ်တစ်ဆင့် အောက်ကိုဆင်းသွားရသောကြောင့်ပင်။

"ဘယ်လိုလဲ . . . ငါတို့ ဆက်ပြီးတော့ အထဲကို ဝင်ကြမလား ဇော်"

"ဒီနေရာက ထူးခြားတယ်ကွ၊ ပင်လယ်ဓားပြကြီးငှက်ခါးဟာ ဒီကျွန်းကို ခြေကုပ်ယူထားခဲ့တာ၊ တိုက်ရာပါပစ္စည်းတွေကို ဒီမှာလာပြီးတော့ ဝှက်ထားလိမ့်မယ်"

"မင်းက ငှက်ခါးဆိုတဲ့လူကြီးဟာ အပြင်မှာ တကယ်ရှိခဲ့တယ်လို့ ထင်နေတာလား။ ပန်းချီကားထဲက အကြောင်းအရာတွေဟာ မင်းရဲ့စိတ်ကူးပုံဖော်ခဲ့တာပဲ၊ စိတ်ကူးနဲ့ ဖန်ဆင်းထားတဲ့ အရာတွေကို မင်းက စွဲလမ်းပြီး လက်ခံထားတာကိုး။ အေးပါလေ . . . တစ်ခါတစ်ရံမှာ မထင်မှတ်တာတွေ ဖြစ်လာတတ်ပါတယ်၊ ငါတို့ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် အားထုတ်ရင်း လေ့လာကြည့်ကြတာပေါ့"

ထို့နောက် အောက်ကို ပြေပြေလေးဆင်းသွားသောလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လိုက်သွားခဲ့ကြပြန်သည်။

✵

ယင်းအချိန်၊ အမနုသသဆန်သော သတ္တဝါများသည် ရေမွှေးနံ့ကိုခံရင်း လမ်းကြောင်းအတိုင်း တောက်လျှောက်ပင် လိုက်သွားခဲ့ကြသည်။ သို့သော် လိုက်လေ ဝေးလေ၊ ခြေရာကို မတွေ့လေ ဖြစ်သွားခဲ့ကြသည်။ ထောင်းထောင်းထနေသော ရေမွှေးနံ့ကလည်း သူတို့၏ကိုယ်မှာ စွဲကပ်ပြီးတော့ပါလာကြသည်။ ထို့ကြောင့် တော်ရုံအနံ့မျိုးကို ခံ၍မရတော့ပေ။ အနံ့ခံလိုက်တိုင်း ရေမွှေးနံ့ကိုပဲ ရနေသည်။

ဤသို့ဖြင့် လိုဏ်လမ်းကြောင်း၏ အပြင်ဘက်ကို ရောက်လာခဲ့ကြလေသည်။ လင်းပိုင်ဖော်တို့သွားသည့်လမ်းက တစ်လမ်း၊ သူတို့ရောက်နေသည့်လမ်းက တစ်လမ်း ဖြစ်နေသည်။ သို့သော် စိတ်မလျှော့ကြဘဲ အထင်နှင့် ဟိုသည်လိုက်ပြီး တော့ ရှာနေကြဆဲ။ ဤသို့ဖြင့် နောက်ထပ်တစ်ဖွဲ့နှင့် ပေါင်းဆုံမိသွားသည်။

သူတို့၏စိတ်ထဲမှာ ဤကျွန်းပေါ်တွင် လူစိမ်းအချို့



အမှန်တကယ်ပင် ရှိနေကြသည်ဟု ထင်နေမိဆဲ။ တွေ့ အရှင် မထားတတ်။ ရှိင်းစိုင်းကြသူများပီပီ အသေသတ်ပစ်ကြသည်။ ထို့ကြောင့် ပင်လယ်ဓားပြများသည် အကြောင်းမသိကြ၍ ဤကျွန်းကိုရောက်လာကြတိုင်းမှာ လူ့လောကအပြင်ဘက်က အမနုသများနှင့် တိုးမိကြခြင်းပင်။ ဤသို့ဖြင့် သူတို့သည် လင်းပိုင်ဖော်တို့ တက်သွားခဲ့ကြသည့်လမ်းကြောင်းကြီးဆီကို ရောက်သွားခဲ့ကြလေ၏။ အောက်ဖက်မှာလည်း ဂူလိုဏ်လမ်းကြောင်းအချို့ ရှိကြသည်။

သို့သော် အထက်ကိုတက်သည့် လိုဏ်လမ်းကြောင်းကို လည်း စိတ်ဝင်စားသွားခဲ့ကြသည်။ ထိုအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လူသာမန်တို့ နားမလည်ကြသောစကား ဖြင့် ...

"+++ +++"

တိုင်ပင်ကြသည်၊ အချေအတင် စကားပြောကြသည်။ အငြင်းအခုန်ပြုကြသည်။ နောက်ဆုံးမှာတော့ ဆုံးဖြတ်ကြသည်။ အုပ်စုတစ်စုက အပေါ်လမ်းကြောင်းကို တက်ကြမည်။ နောက်တစ်စုက အောက်မှလမ်းကြောင်းအချို့ကို အဲသုံးပြုကာလိုက်ရှာကြမည်။ ဤသို့ဖြင့် လူခွဲကာ နေရာမှထွက်သွားခဲ့ကြလေသည်။ တစ်စုကား လင်းပိုင်ဖော်တို့တက်ကြသောလမ်းကြောင်းအတိုင်း

www.burmeseclassic.com



တက်သွားခဲ့ကြလေပြီ။

✹

လင်းပိုင်ဇော်တို့သုံးယောက်သည် အလယ်အူကြောင်း အတိုင်း အောက်ကိုပြေပြေလေး ဆင်းသွားခဲ့ကြသည်။ သူတို့သည် မြေပြင်ကို ပြန့်ပြီးတော့ ဆင်းနေကြသလားဟုပင် ထင်နေမိကြသည်။ မဟုတ်ပါ။ အတွင်းဘက်ကိုပင် ပြန့်ပြီးတော့ ပတ်ဝိုင်းကာ သွားနေကြခြင်းပင်။ အလင်းရောင်ကလည်း နံ့ရုံအက်ကြောင်းလိုနေရာမျိုးက ဖောက်ဝင်လာခဲ့ဟန် တူသည်။ လုံလောက်စွာမရရှိသောကြောင့် မှုန်ဝါးဝါးသာ။ နှစ်ပတ်လောက်ပတ်ပြီးသည်နှင့် ထောင့်ချိုးကွေ့တစ်ခုဆီကို ရောက်သွားခဲ့ကြသည်။

လူတစ်ယောက်ကို ရုတ်ခြည်း လှမ်း၍မြင်လိုက်ရသလို အမနုဿတစ်ဦးလေလားဟု ထင်မိလိုက်သည်။ လင်းပိုင်ဇော်နှင့် ထက်မောင်က သဲစုကို နှစ်ယောက်ကြားမှာထားကာ လက်နက်များကို ပြင်ဆင်လိုက်ကြသည်။ သို့သော် သဏ္ဌာန်သည် ချက်ချင်းပင် ကျော်ပေးကာ တစ်နေရာကိုထွက်သွားသည်။ ထူးဆန်း





သည်က ထိုသူသည် မိမိတို့ကို မတွေ့ဘဲနေမှာမဟုတ်။ ခုလို ရှောင်ထွက်သွားခြင်းသည် မည်သည့်အကြောင်းကြောင့်ပါလဲ။

အမနုဿတစ်ဦးတော့ မဖြစ်နိုင်။ ဟုတ်ခဲ့လျှင်လည်း ထိုသို့ ရှောင်ထွက်သွားမှာမဟုတ်။ မိမိတို့ကို ရန်ရှာမှာအမှန်။ သို့ဆိုလျှင် ထိုသူသည် မည်သူပါလဲ။ အမြင်မှားခြင်းလည်း ဖြစ်နိုင်သည်။ အလင်းရောင်က လုံလောက်စွာမရ၍ အမှောင်က မိမိတို့ကို သွေးဆောင်လှည့်စားခြင်းဖြစ်နိုင်သည်။

"လာကွာ . . . ငါတို့လိုက်ကြမယ်၊ ဒါ လူတစ်ယောက်ပဲကွ၊ ငါတို့ထက်အရင် ရောက်နေတဲ့သူဟာ အကြီးတစ်ခုကတော့ ရှိနေရမယ်၊ ဒီကျွန်းမှာ ရတနာသိုက်လိုမျိုးကို လာရှာတာများလာ"

"ရတနာသိုက် . . . ဟုတ်လား ဇော်၊ မင်းက ဘာဖြစ်လို့ ဒီလိုတွေးရတာလဲ၊ အေး ဆောရီး . . . ငါလည်း မင်းတွေးသလိုပဲ တွေးလာမိတယ်"

ထို့ကြောင့် ခြေသံကိုလုံအောင်နင်းကာ နောက်မှလိုက်သွားခဲ့ကြသည်။ အထင်ကိုအမြင်လုပ်ပြီး လွဲမှားမှုကို ခံယူကြလေသလားဟု မတွေးမိခဲ့ကြ။ သဲစုကတော့ စိုးရွံ့နေကာ လင်းပိုင်ဇော်၏ လက်မောင်းတစ်ဖက်ကို ဖက်တွယ်ရင်း လိုက်ပါလာခဲ့သည်။ သို့သော် ရှေ့ကသဏ္ဌာန်ကိုတော့ မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ပြီမို့ ဆက်လိုက်သွားခဲ့ကြသည်။ ထိုစဉ် ...

'ချလွမ်'

သူတို့၏ရှေ့ကို အမှတ်မထင် ပြုတ်ကျလာခဲ့သည့် အရာတစ်ခု။ အာရုံတွေက ထိုအရာဆီကို ရောက်သွားခဲ့ကြသည်။ ရွှေဒင်္ဂါးပြားလေးတစ်ခုပင်။ မွတ်နေအောင် လည်နေသည်။ ထို့နောက် အလည်ရပ်သွားသောအခါ အောက်ဘက်ကိုလိမ့်ဆင်းသွားခဲ့လေသည်။ ရွှေဒင်္ဂါးပြားလေးသည် မည်သည့်နေရာက ကျလာ ခဲ့မှန်းမသိ။ အံ့အားတသင့်နှင့် ရှိနေကြဆဲမှာပင်။ ရုတ်တရက် သတိရသွားသလို ဖြစ်သွားခဲ့ကြပြီး။ တိုင်ပင်ထားကြသည့်အလား ရွှေဒင်္ဂါးပြားလေး လိမ့်ဆင်းသွားရာဆီကို ရောက်သွားခဲ့ကြလေသည်။

ထက်မောင်က ကောက်ယူကြည့်မည်ပြုရာ မမီတော့ဘဲ တလိမ့်လိမ့်နှင့် ဆင်းသွားနေဆဲ။ အောက်ကိုလည်း လဲကျမသွားခဲ့ပေ။

''ဘယ်လိုလဲဟ၊ ခုထက်ထိ မရပ်သေးပါလား''

နားမလည်နိုင်အောင် ရှိနေကြဆဲမှာပင် လမ်းက ခရုပတ်လမ်းကြောင်းသဖွယ် ဖြစ်သွားပြန်သည်။ ရွှေဒင်္ဂါးပြားလေးကလည်း အနိမ့်ပိုင်းတွင် ပို၍ပင် အရှိန်တင်ကာ လိမ့်သွားနေဆဲ။ သုံးယောက်စလုံးသည် မည်သို့သော ညှို့ဓာတ်မိနေကြသလဲမသိ။



နောက်မှနေ၍ တကောက်ကောက်နှင့် လိုက်နေကြဆဲပင်။ တစ်နေရာကိုရောက်သောအခါ ရွှေဒင်္ဂါးပြားလေးသည် ဘေးဂူပေါက်တစ်ခုထဲကို တောက်လျှောက်ဝင်သွားခဲ့လေ၏။

'ချလွင် ချလွင် ချလွင်'

ရွှေဒင်္ဂါးပြားလေးလဲကျသွားသည့်အသံကို ကြားလိုက်ကြရသည်။ ထိုအခါကျမှ သက်ပြင်းချမိလိုက်ကြရလေတော့၏။

''ဒါလောက်တောင် အကြောရှည်တဲ့ဟာလေး ဘယ်လောက်အထိ ပြေးနိုင်မှာလဲ၊ အရှိန်သေပြီး လဲကျသွားခဲ့ရတာပဲမဟုတ်လား''

ဟု ထက်မောင်က စိတ်ထဲကနေ၍ ပြောပစ်မိလိုက်သည်။ သုံးယောက်စလုံး ဂူလေးထဲကို လိုက်ဝင်သွားခဲ့ကြသည်။ ရွှေဒင်္ဂါးပြားလေးက မလှမ်းမကမ်းမှာ လဲကျနေသည်။ ထက်မောင်က ကောက်ယူလိုက်သည်။ လင်းပိုင်ဇော်နှင့် သဲစုတို့သည် မကျဉ်းမကျယ်အခန်းလေးကို မျက်လုံးတစ်ချက်ဝေ့ပြီး လှည့်လာကြည့်မိလိုက်သည်။ ထိုအခါ တစ်နေရာတွင် တည်ငြိမ်စွာ ရပ်တည်လျက်ရှိသော အရာတစ်ခုကို အမှတ်မထင်တွေ့သွားခဲ့ကြသည်။

''ကိုထက် ... ဟိုမှာကြည့်စမ်း''

ထက်မောင်လည်း သူတို့၏မေးငေါ့ပြရာဆီကို လှမ်း



www.burmeseclassic.com

ကြည့်မိလိုက်လေ၏။

''ဟင်''

တွေ့လိုက်ကြရသည်ကား လေးထောင့်စပ်စပ်ပြုလုပ်ထားသော အုတ်ဂူတစ်လုံးပင်တည်း။

''အုတ်ဂူတစ်လုံးပါလား၊ ဒီလိုနေရာမျိုးမှာ လူတစ်ယောက်ရဲ့အုတ်ဂူရှိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ဖော်''

''ဟုတ်,မဟုတ် ငါတို့ အနားသွားကြည့်ကြတာပေါ့ကွာ''

ယင်းအုတ်ဂူနှင့်တူသောအရာကြီးဆီကို တစ်လှမ်းချင်းလျှောက်သွားခဲ့ကြသည်။

✲ ✲ ✲



အခန်း (၁၆)

ငွေသေတ္တာလေးထဲက

အုတ်ဂူကို အခိုင်အမာပင် ပြုလုပ်ထားသည်။ သို့သော် အပိုင်းလေးထောင့်၊ ဘဲဥပုံ၊ ရှည်မျောမျော စသည့်တို့ဖြင့် အကွက်ဖော်ထားသည်။ ကျောက်တုံးအကြီးအသေးတို့ဖြင့် ဆင့်ကာ စီကာ အကွက်ဖော်ထားခြင်းပင်။

''ဘယ်သူ့ဂူလဲတော့မသိဘူး၊ နေဦးကွ ... ဂူတော့ဟုတ်ရဲ့လား၊ အထဲမှာ တစ်ခုခုများရှိနေသလား''

''ဖော် ... အနေအထားကတော့ အုတ်ဂူသဏ္ဌာန်ပဲကွ၊ ဒါလောက်တောင် စနစ်ကျအောင် လုပ်ထားတာ စဉ်းစားစရာပဲ၊ ပြီးတော့ ဒီလိုနေရာမျိုးမှာမှကွာ''

သဲစုကလွဲပြီး ဂူပတ်ပတ်လည်ကိုလိုက်ပြီးတော့ ကြည့်နေ

www.burmeseclassic.com



ကြသည်။ သဲစုက ယင်းဂူနှင့်တူသောအရာကို ကြည့်ပြီးတော့ လန့်နေသည်။ ဂူ၏ဘေးတွင် နံရံတစ်ခုက ရှိနေသည်။ ထက်မောင်က နံရံကိုမီလိုက်ကာ ...

"ဒါ လူ့ထုက်ချက်တစ်ခုပဲကွ၊ အုတ်ဂူကို ဒီလိုနေရာမျိုးမှာ လာထားထားတာ ဘယ်လိုပုဂ္ဂိုလ်များမို့လဲ၊ ငါ့အထင်တော့ အင် ...ဟာ"

ထက်မောင်၏ကျောဘက်မှ သိမ့်ခနဲဆို ဖြစ်သွားသည်။ လန့်ပြီး ကိုယ်ကိုကြွလိုက်သောအခါ သူနှင့် တစ်တောင်သာသာလောက်ပဲ ကွာသည့်နေရာက ကျောက်နံရံကြီးသည် ဘေးကို ရွေ့လျားသွားခဲ့သည်။ ထိုအခါ လေးထောင့်စပ်စပ်အပေါက်ကြီးတစ်ခုက ပေါ်လာခဲ့လေသည်။

"ဟာ ...ဒါ ဘာလဲ"

အံ့အားသင့်သွားခဲ့ကြသည်။ အခန်းကြီးတစ်ခုပင်။

"ကိုထက် ...မင်း မီလိုက်တဲ့နံရံမှာ ခလုတ်ရှိတယ်ထင်တယ်ကွ၊ ဒါကြောင့်မို့ လျှို့ဝှက်တံခါးလိုမျိုးက ပွင့်သွားခဲ့တာ"

"ဟို ...ဟိုမှာ ...ကြည့်ပါဦး"

သဲစုက စိတ်လှုပ်ရှားသောလေသံဖြင့် တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ ကျောက်ထပ်သုံးလေးထပ် ဆင့်ထား





သော အမြင့်တစ်နေရာတွင် သံသေတ္တာများ၊ ကြေးသေတ္တာများကို တွေ့လိုက်ကြရသည်။ သုံးယောက်စလုံး ထင်မြင်ယူဆချက်တစ်ခုတည်းဖြင့် ထိုနေရာသို့ မည်သို့မည်ပုံ ရောက်သွားကြမှန်းပင် မသိလိုက်ကြ။

"ဟာ"

အာမေဋိတ်သံများက တစ်ပြိုင်တည်း။ တွေ့လိုက်ကြသည်မှာ ထိုသေတ္တာများ၏အနီးတွင် သည်အတိုင်း စုပုံထားတာကျောက်မြက်ရတနာများ၊ လက်ဝတ်ရတနာများ၊ ရွှေဒင်္ဂါးများ

"မနည်းမနောပါပဲလားကွာ၊ တို့ထင်ကြတဲ့အတိုင်း ဖြစ်နေပြီ၊ ဒါတွေဟာ ပင်လယ်ဓားပြတွေရဲ့ပစ္စည်းတွေပဲ၊ မဟုတ်လွဲရော ...ဟိုအုတ်ဂူဟာလည်း ပင်လယ်ဓားပြကြီးငှက်ခါးရဲ့ဂူပဲ ဖြစ်မှာပဲ၊ သူ့ပစ္စည်းတွေ ဒီမှာလာပြီးတော့ ဝှက်ထားတာ"

"ကိုထက် ...ပင်လယ်ဓားပြကြီးငှက်ခါးရဲ့ ပစ္စည်းတွေလို့ တို့သံသယရှိပေမယ့် တကယ် ဟုတ်,မဟုတ် ဘယ်လိုသိနိုင်မလဲ၊ ဘယ်မှာလဲ သက်သေ"

"အေး ...ဟုတ်တယ်၊ အတိအကျတော့ ပြောလို့မရဘူးပေါ့နော်၊ နီးတော့ နီးစပ်တယ်"

သို့ရှိခိုက် လင်းပိုင်ဇော်၏အကြည့်သည် ရတနာပုံအရအဝေးကြီးဆီကို ရောက်သွားခဲ့၏။ ငွေသေတ္တာလေးတစ်လုံးက



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြားပင်။ ယင်းအပေါ်မှာရှိနေသည်။

"ရွှေပုံထဲမှာ ငွေသေတ္တာလေးတစ်လုံးက ဘယ်လို ကြောင့် ရောက်နေတာပါလိမ့်"

သို့သော် စိတ်မဝင်စားသလိုဖြင့် တစ်ဖက်သို့ လှည့်သွားတော့မလို ပြုလိုက်ရာ ငွေသေတ္တာလေးက အောက်ကို အလိုလို ပင် လျှောကျလာခဲ့လေ၏။ စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွား၍ သွားကောက်ယူလိုက်သည်။

"ဒီ ငွေသေတ္တာလေးက ရွှေပုံတွေထဲမှာ ထီးထီးကြီး ရှိနေလို့ အထဲမှာ ဘာရှိသလဲ မသိဘူး"

"ဖော် စိတ်ဝင်စားစရာပဲကွ၊ ဖွင့်ကြည့်စမ်းပါဦး"

ဖွင့်ရန် ကြိုးစားရာ အနည်းငယ်ကျပ်နေသည်ကလွဲ၍ အားစိုက်၍ ဖွင့်သော် ပွင့်သွားသည်။ အထဲတွင် ဆီစိမ်စက္ကူ အနီရောင်ဖြင့် ပတ်ထားသောအရာတစ်ခု။ ဖျက်ပြီးဖွင့်ကြည့်လိုက် ရာ သားရေအဖုံးအနက်ရောင်နှင့် ပြုလုပ်ထားသော စာအုပ် တစ်အုပ်ကို တွေ့လိုက်ရလေသည်။ ခေါင်းသုံးလုံးက စာအုပ်ပေါ် မှ စုပြုံပြီးတော့ ရောက်သွားခဲ့ကြသည်။

လင်းပိုင်ဖော်က စာအုပ်အဖုံးကို ဖွင့်လိုက်ရာ ...

"ကျွန်းပိုင်ငှက်ခါး၏ ဘဝမှတ်တမ်း"

"ဟင် ... ဒါ ဒါဆို ... ငါ ငါတို့ ထင်တာမှန်နေပြီ





ပေါ့၊ ဒီဂူဟာ မဟုတ်မှလွဲရော ဦးငှက်ခါးရဲ့ ဂူအစစ်၊ ဒီပစ္စည်း တွေကလည်း သူ့ပစ္စည်းတွေပဲ"

လင်းပိုင်ဖော်သည် အံ့အားတသင့်ဖြင့် ပြောလိုက်လေ ၏။ ထက်မောင်သည်လည်း နဂိုကထင်ထားသည့်အတိုင်း မှန်နေသည့် တိုင် ယခုလို ဒက်ထိတိုးမိသောအခါမှာလည်း အံ့အားသင့်နေဆဲ ပင်။ လင်းပိုင်ဖော်က စာမျက်နှာများကို ဆက်၍လှန်မည်ပြုရာ၊

"ဖော် ... မင်းက ဖတ်ကြည့်မလို့လား။ ငါတို့မှာ ရန် မအေးဘူးနော်၊ စိတ်တထင့်ထင့်နဲ့ ရှောင်တိမ်းနေရတာ၊ ခုတောင် ဟိုကောင်တွေ လိုက်လာကြပြီလားမသိဘူး"

"ဟုတ်တယ် အစ်ကို၊ သဲစုတို့ ဒီနေရာမှာလည်း ကြာ ကြာနေလို့ မကောင်းဘူးထင်တယ်"

"ငါလည်း အစအဆုံးမဖတ်ပါဘူးကွ၊ သိပါတယ်၊ ကဲ ... အခု ငါတို့ ဘာဆက်လုပ်ကြမလဲ၊ ဒီရတနာတွေကိုမြင်ပြီး တော့ ဒီအတိုင်းမထားခဲ့နိုင်ဘူး"

"ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ ... ဒါတွေအားလုံးကို ဘယ်သယ်နိုင်မလဲ"

"ဘယ်သူက သယ်မယ်ပြောလို့လဲ၊ နိုင်သလောက်ပေါ့ ကွာ၊ ဦးငှက်ခါးက ငါတို့ကို ဒီအထိခေါ်လာခဲ့တာ အကြောင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ပစ္စည်းနဲ့သူ့ကို ပြန်ပြီး ကုသိုလ်လုပ်ပေးစေချင်လို့ပဲကွ၊ ကဲ သဲစုရေ တို့ နိုင်သလောက်ယူကြတာပေါ့ကွာ''

''အင်း ... အင်း''

သဲစုကလည်း တက်ကြွနေသည်။ ကျောပိုးအိတ်ထဲမှ မလိုသည်များကို ဖယ်ရှားပစ်လိုက်ပြီး ပတ္တမြား၊ စိန် ကဲ့သို့သော တန်ဖိုးကြီးသည့် ရတနာပစ္စည်းများကို အိတ်နှစ်လုံးထဲ မှုပြီး တော့ထည့်သည်။ ကျောမှာ အိတ်ကိုပိုးလိုက်ကြတော့ အနင့်သား။ ဦးငှက်ခါး၏မှတ်တမ်းစာအုပ်ကိုလည်း တစ်ပါတည်း ထည့်လိုက်ကြသည်။ ထို့နောက် အခန်းအပြင်ကို ပြန်ထွက်ကြသည်။ သူတို့ အပြင်ကို ပြန်ရောက်သွားခဲ့သည်နှင့် ...

'ကျွီ ကျွီး'

ကျောက်တံခါးချပ်သည် ဘေးတိုက်ရွေ့လျားလာကာ အလိုလိုပင် ပြန်ပိတ်သွားခဲ့လေသည်။

''ထူးဆန်းတယ်၊ အချိန်ကန့်သတ်ချက်နဲ့လားမသိဘူး၊ ငါတို့သာ အချိန်မီပြန်မထွက်ခဲ့ရင် အထဲမှာ ပိတ်မိနေမလား မသိဘူး''

''ဒါ ... ဦးငှက်ခါးက သူမသေမီမှာ အစောကြီးကတည်းက စီစဉ်ခဲ့တာထင်တယ်၊ တော်တော် ဉာဏ်ပြေးတာပဲ''

ထို့နောက် ဦးငှက်ခါး၏ဂူဆီကို လျှောက်သွားကြသည်။





''ဦးငှက်ခါးခင်ဗျား ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ ရွာနေကိုပြန်ရောက်ရင် ဦးငှက်ခါးနဲ့ အပေါင်းအဖော်များအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးပါ့မယ်၊ သာဓုခေါ်နိုင်ကြပါစေ''

လင်းပိုင်ဖော်က အလေးအနက် ကတိပေးလိုက်သည်။

''နေဦး ဖော် ... ငါတို့ ဘယ်နေရာကသွားကြမလဲ၊ လမ်းတွေလည်း အပေါ်ကို တက်သွားလိုက်, အောက်ကိုဆင်းလာလိုက်နဲ့ မျက်စိတောင် လည်နေပြီ၊ မတော် လမ်းမှားသွားရင်လည်း ဟို အမနုဿတွေနဲ့ ပက်ပင်းတိုးမိရင် လွယ်မှာမဟုတ်ဘူး''

''အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ... ဒီလိုပဲ သတိထားပြီးတော့ သွားကြရမှာပဲ၊ အရေးကြီးတာက သဲစုပဲ၊ သူ့ကို ဘယ်လိုအကြောင်းနဲ့မှ မထိခိုက်စေနဲ့''

အကောင်းဆုံးလမ်းကို ရှာဖွေကြသည်။ ထိုစဉ် ...

''နားထောင်စမ်း ... ခြေသံတွေလား''

ထက်မောင်က နားစွင့်လိုက်ပြီး ဂူတစ်လုံး၏အတွင်းဘက် နံရံမှာ ကွယ်နေလိုက်ကြရသည်။

'ဖျတ် ဖျတ် ဖျတ် ဖျတ်'

နားစွင့်နေကြစဉ်မှာ ပြေးလွှားလာနေကြသော ခြေသံများကို ကြားလိုက်ကြရသည်။



www.burmeseclassic.com

"ဟုတ်မယ် ... ဒီသတ္တဝါတွေပဲ"

"ဒီကောင်တွေက အနံ့ခံကျွမ်းကြတာ၊ ငါတို့ရှိနေကြတဲ့နေရာကို သိသွားကြဦးမယ်၊ လမ်းတစ်ခုခုကိုရှာပြီးထွက်သွားကြရင် ကောင်းမယ် ကိုထက်"

"အေး ... အသံကတော့ ဟိုဘက်ကလို့ ထင်တယ်၊ ခန့်မှန်းလို့တော့ မရဘူး။ ဟာ ... ဟိုမှာ လမ်းတစ်လမ်း၊ ငါတို့အတွင်းလမ်းတစ်ခုခုကိုပဲ သုံးရင်ကောင်းလိမ့်မယ် ဇော်"

"ဒါဆိုရင်လည်း သွားကွာ၊ ခြေသံတွေက နီးလာနေကြပြီ"

သဲစု၏လက်မောင်းကို ဆုပ်ကိုင်ကာ ထိုနေရာမှ ပြေးထွက်လာခဲ့ကြသည်။ သူတို့တွေ့သောအတွင်းလမ်းတစ်ခုဆီကိုပင် ဦးတည်ပြီးတော့ ပြေးသွားခဲ့ကြလေ၏။

ယင်းအချိန်တွင် အမနုဿများသည် အနံ့ခံမိကြသည် ဖြစ်၍ အပြေးအလွှားပင် ရောက်လာခဲ့ကြသည်။

"ဒီကောင်တွေ ရောက်နေကြတာ ကျိန်းသေတယ်ကွ၊





ဒီအပေါ်မှာပဲ ရှိကြလိမ့်ဦးမယ်၊ တွေ့အောင်ရှာကြ"

ခေါင်းဆောင်နှင့်တူသူ ခြေခွင်ခွင်နှင့်တစ်ဦးက ဒေါသတကြီးဖြင့် ပြောလိုက်သည်။ သူတို့သည် မည်သည့်သူစိမ်းများကိုမှ အလိုမရှိကြပေ။

ဤကျွန်းအကြောင်းကိုမသိ၍ ရောက်လာခဲ့ကြသော ပင်လယ်ဓားပြများသည်လည်း ထိုသူတို့၏ တိုက်ခိုက်ခြင်းကို ခံကြရကာ သေဆုံးကြရသည်။ မည်သူ့ကိုမှ အရှင်မထား။ တချို့တလေသာ လွတ်မြောက်သွားခဲ့ကြသည်။

[ပင်လယ်ဓားပြကြီးဦးငှက်ခါးသည် ဤကျွန်းကို ခြေကုပ်ယူပြီး ကာလတာရှည်စွာ နေလာခဲ့သည်က အံ့အားသင့်စရာပင်။ နောင်အခါ မှတ်တမ်းကို သေချာစွာဖတ်ကြည့်ကြရာတွင် သူ့လူများသည် သေဆုံးခဲ့ကြသလို အမနုဿများသည်လည်း များစွာပင် သေဆုံးခဲ့ကြလေသည်ဟု သိကြရသည်]

အမနုဿများသည် စောစောက လင်းပိုင်ဇော်တို့ရှိနေသော နေရာကိုရောက်လာခဲ့ကြသည်။

"ဒီနေရာမှာ သူတို့နေသွားခဲ့ကြတာ၊ ခု ထွက်သွားတာ သိပ်မကြာသေးဘူး ... လိုက်ကြ"

အားတက်လာကြကာ ဆက်ပြီးတော့လိုက်ကြသည်။ အပေါ်မှာတင် လူနှစ်စုခွဲပြီးတော့ လိုက်ကြသည်။ ရှေ့တွင်

www.burmeseclassic.com



လင်းပိုင်ဖော်တို့သည်ကား . . .

"ဟာ . . . ငါတို့ရဲ့လမ်းကြောင်းက အပေါ်ကို တက်သွားခဲ့တာပဲကွ၊ မထူးဘူး ကိုထက် . . . တက်သာတက်"

လမ်းက အပေါ်ကိုထောင်တက်သွားသည်။ အလင်းရောင် ကောင်းကောင်းမရ၍ အရာရာသည် ဝိုးတဝါး။ သို့သော် ဤလမ်းတစ်လမ်းတည်းသာရှိ၍ တက်သွားခဲ့ကြသည်။ ရုတ်တရက် အရိပ်တစ်ခုက သူတို့သွားနေသည့်လမ်းပေါ်ကို ထိုးပြီးတော့ ကျလာခဲ့သည်။

"ဟင်"

အံ့အားသင့်၍ မဆုံးမီမှာပင် ထိုနေရာကို ရောက်လာသောသူသည်ကား အမနုဿတစ်ဦးပင်တည်း။

မျက်နှာချင်းဆိုင်ဖြစ်၍ အံ့ဩထိတ်လန့်သွားခဲ့ကြသည်။ အမနုဿကြီး၏လက်ထဲမှာ ကျောက်ရဲဒင်းကြီးတစ်လက်။ ထက်မောင်က ရှေ့ဆုံးမှာ၊ အမနုဿနှင့်အနီးဆုံး။ ထို့နောက် ထက်မောင်သည် ချက်ချင်းပင်သတိရသွားခဲ့ပြီး . . .

'ဗိုး'

'အူး'

ဓားမြှောင်တစ်ချောင်းနှင့် ပစ်ပေါက်ထည့်လိုက်သည်။ အမနုဿ၏လည်ပင်းမှာ သွားစိုက်သည်။ ရဲဒင်းလွတ်ကျသွား



သည်။ လည်ပင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ နေရာမှာ ချာချာလည်နေရင်းက ခေါင်းစိုက်ကာလဲကျသွားသည်။ ဒူးထောက်လျက် အနေအထားက ကိုယ်ပတ်လည်ကာ ပစ်ကျသွားခဲ့ပြန်သည်။ နောက်တော့ တစ်ပတ်ပြီးတစ်ပတ် လိမ့်ဆင်းလာခဲ့လေ၏။

သူတို့ရှိရာကို လိမ့်ဆင်းလာခဲ့သည်ဖြစ်၍ . . .

"အောင်မယ်လေး"

သဲစုက လန့်ပြီးတော့ အော်မိလိုက်သည်။ လင်းပိုင်ဖော်က သဲစု၏လက်မောင်းကိုဆွဲပြီး ဂူနံရံမှာကပ်စေလိုက်သည်။ အမနုဿသည် လမ်းအတိုင်းအောက်ကို လိမ့်ဆင်းသွားခဲ့လေ၏။

"တစ်ယောက်တည်းကွ၊ လူခွဲပြီး လိုက်ကြတာထင်တယ်၊ ရှေ့ဆက် သတိထားကြရတော့မယ်"

သဲစုက အတော်လေးကို ထိတ်လန့်နေမိသည်။ သူသာလျှင်မဟုတ်။ မည်သူကမှ သည်လိုအဖြစ်အပျက်မျိုးကို ကြုံဖူးခဲ့ကြသည်မဟုတ်။ သတိထားပြီး လမ်းအတိုင်း အပေါ်ကို ဆက်တက်ခဲ့ကြသည်။

❁ ❁ ❁

ရွှေကားတပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

### တောင်ဆင်းလမ်းမှ သက်စွန့်ဆံဖျား

သုံးယောက်စလုံး၏မျက်လုံးတွေက ကျိုးကန်းတောင်းမျှော်ကြည့်ကြကာ အပေါ်ကိုတက်လာခဲ့ကြသည်။ လင်းပိုင်ဖော်က ကျောက်ရဲဒင်းကြီးကို ယူလာခဲ့သည်။ ယခုထက်ထိ ရန်သူများကို နောက်ထပ်မတွေ့ရသေး။ သို့သော် အနီးတစ်ပိုက်မှာတော့ ရောက်နေကြလေပြီ။ ထိုစဉ် ...

'ဖျတ် ဖျတ် ဖျတ် ဖျတ်'

ရုတ်တရက် ဂူလိုဏ်နံရံမှာ ကျောကပ်လိုက်ကြသည်။ ခြေသံများကြောင့်ပင် ချက်ချင်းလိုလိုပင် အမနုဿအချို့သည် မလှမ်းမကမ်းမှ ဖြတ်ပြေးသွားခဲ့ကြသည်။ သူတို့သည် ဇောကပ်နေကြသောကြောင့် ဘေးဘီကိုပင် သတိမထားမိကြတော့။





ထိုသူတို့လွန်မြောက်သွားခဲ့ကြပြီဟုထင်တော့မှ အခြေအနေကို ကြည့်ပြီး ဆက်ထွက်လာခဲ့ကြသည်။ တစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုးကွေ့များကို ပိုပြီးတော့ သတိထားနေကြရသည်။

ထိုစဉ် ဂူလိုဏ်လမ်းတစ်နေရာ၌ ပွရောင်းသောနေရာတစ်ခုကို ထက်မောင်က ခြေလှမ်းကျဲကြီးနှင့် ကျော်လွှားသွားနိုင်ခဲ့သော်လည်း အလယ်မှလိုက်လာသောသဲစုက အမှတ်မထင်နင်းမိလိုက်လေသည်။

''အို''

သူမတစ်ကိုယ်လုံးသည် အောက်ကို ကျွံကျသွားခဲ့ရသည်။ သို့သော် လင်းပိုင်ဖော်သည် သတိကြီးသူမို့ သူမကို ဖမ်းဆီထားနိုင်ခဲ့သည်။ သဲစုသည် အောက်ကို ခါးတစ်ဝက်အထိ ကျွံပြီးဝင်သွားခဲ့၍ လွန်စွာမှပင် ထိတ်လန့်သွားခဲ့ရသည်။ သူမ၏ ခါးအောက်ပိုင်းတွင် တွင်းနက်ကြီးတစ်ခုက ဆီးပြီးတော့ ကြိုနေသည်။

"အ ... အစ်ကို လုပ်ပါဦး''

''မကြောက်နဲ့ သဲစု ... ငြိမ်ငြိမ်လေးနေ''

လင်းပိုင်ဖော်က ဒူးထောက်ကာ သူမ၏ ချိုင်းနှစ်ဖက်မှ ကိုင်ပြီးတော့ ဆွဲတင်သည်။ ထက်မောင်သည် သဲစု၏အသံကြောင့် နောက်ကိုလှည့်ကြည့်မိလိုက်သည်။ ထိုအခါ အခြေအနေကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရလေ၏။

"ဟင် ... ငါလာပြီ ဖော်"

လင်းပိုင်ဖော်တို့ဆီကိုပြေးသွားမည်အပြုမှာ မမျှော်လင့်သော အခြေအနေတစ်ခုကို ကြုံတွေ့လိုက်ရသည်။ အမနုဿများ သည် သူတို့ကို တွေ့သွားကြလေပြီတည်း။

"ဟို ... ဟိုမှာဟေ့"

တစ်ယောက်က သူတို့၏စကားဖြင့် အော်ပြောလိုက်သည်။ ဝါးချွန်တစ်ချောင်းသည် လင်းပိုင်ဖော်တို့ဆီကို ပြေးဝင်လာ ၏။

'ဂုစ်'

သို့သော် ခေါင်းပေါ်မှ ကျော်ထွက်သွား၏။ လင်းပိုင်ဖော်သည် သဲစုကို တွင်းထဲမှ ဆွဲတင်ဆဲတန်းလန်းဖြစ်နေသည်။ အမနုဿများနှင့် ရင်ဆိုင်ရမှာက ထက်မောင်တစ်ယောက်တည်း။

"သဲစု ... အားတင်းလိုက်စမ်းပါ၊ မြန်မြန်လေး"

သဲစုကလည်း အခြေအနေကိုသိ၍ လင်းပိုင်ဖော်၏အားဖြင့် အတင်းကုန်းရုန်းပြီးတော့ တက်သည်။ ဇာကြောင့်လားမသိ ချက်ချင်းပင် တွင်းပေါ်ကို ရောက်လာခဲ့ရလေသည်။

ထက်မောင်ကို အမနုဿများက ဝိုင်းပြီးတော့ တိုက်ခိုက်နေကြသည်။ သုံးယောက်နှင့်တစ်ယောက် ဝါးချွန်များ၊ ကျောက်တင်းဘုတ်များဖြင့် ထက်မောင်ကို ဝိုင်းထားကြသည်၊ ထက်မောင်က အမနုဿတို့ကို လင်းပိုင်ဖော်တို့ဆီကိုမသွားရန် ဟန့်တားထားသည်။ ယင်းအချိန်တွင် လင်းပိုင်ဖော်သည် ကျောက်ရဲဒင်းကြီးကိုကိုင်ကာ ထက်မောင်ဆီကို ပြေးသွားခဲ့သည်။ အမနုဿတစ်ယောက်က တွေ့သွားသည်။

'အူး အဲ'

လင်းပိုင်ဖော်ကို ကျောက်တင်းပုတ်ကြီးနှင့် ထုချလိုက်သည်။ သို့သော် ရှောင်လိုက်၍ လွဲချော်သွားသည်။ ခေါင်းပေါ်ဘည့်တည့်ကိုသာ ကျလာခဲ့လျှင် ရေအိုးတစ်လုံးကွဲသလို ကွဲသွားမှာမလွဲ။ လင်းပိုင်ဖော်၏ ကျောက်ရဲဒင်းကြီးက ထိုသူ၏ကိုယ်ပေါ်ကို ကျရောက်သွားခဲ့သည်။

'ဒုတ်'

'အူး'

ထက်မောင်က အခြေခံသိုင်းပညာကို တတ်ကျွမ်းသည်။ သုံးကြီးနှင့် ပြေးထိုးလိုက်သော အမနုဿကြီးကို ရှောင်ရင်းတိုင်ပေါက်ချလိုက်သည်။ ခွန်အားမလိုပေ။ သူ့အရှိန်နှင့်သူ လွင့်ထွက်သွားခြင်းပင် ဖြစ်သည်။ ကံဆိုးချင်တော့ သူ့လုံက သူ့ကို ပြန်ပြီးတော့ စူးသွားခဲ့ခြင်းပင်။






www.burmeseclassic.com

www.burmeseclassic.com



"အား"

အမနုဿတစ်ယောက်က သဲစုဆီကိုပြေးသွားပြီး ခုန်အုပ်လိုက်သည်။ လက်နှစ်ဖက်နှင့် သိမ်းကျုံးကာ ဖမ်းသည်။ အပိုင်ဖမ်းပြီးခေါ်သွားရန်ပင် ဖြစ်သည်။

"အောင်မယ်လေး"

သဲစုက ကြောက်အားလန့်အားဖြင့် ထွက်ပြေးသည်။ ထိုအခါ အမနုဿသည် အရှိန်လွန်သွားပြီး စောစောက သဲနုကျခဲ့သည့်တွင်းထဲကို ကျသွားခဲ့လေသည်။

"အား"

နောက်ဆုံး ပြေးဝင်လာခဲ့သည့် အမနုဿတစ်ဦးကို လင်းပိုင်ဇော်ကပင်လျှင် ပွဲသိမ်းပစ်လိုက်သည်။

"ကဲကွာ"

'ဂုစ်'

"အား"

အမနုဿသည် ဒူးထောက်ပြီးတော့ လဲကျသွားခဲ့သည်။ နှစ်ယောက်စလုံး မောဟိုက်နေကြသည်။

"မတတ်နိုင်ဘူးကွာ၊ သူ့အသက်၊ ကိုယ့်အသက်ပဲ၊ ငါလည်း ဒီလိုမလုပ်ချင်ပါဘူး၊ ပင်လယ်ဓားပြတွေကိုတောင် သူတို့က အသေခံပြီးတော့ တိုက်ခဲ့တာကွ၊ ငါတို့က ကံကောင်း





လို့ သူတို့လက်ချက်မမိခဲ့တာ"

လဲကျသေဆုံးနေကြသော အမနုဿများကို စိတ်မကောင်းစွာနှင့်ကြည့်ရင်း ပြောလိုက်သည်။ တကယ့်ကြမ်းတမ်းသော သတ္တဝါများပင်။ လူကိုမြင်လျှင် အရေခွံဆုပ်မိမတတ် ရက်စက်တတ်သည့်သူများ ဖြစ်ကြသည်။ ယခုတော့ ပိုးစိုးပက်စက် သေဆုံးနေကြလေပြီ။ မိမိတို့ဘက်ကသာ သွက်လက်မြန်ဆန်မှုနှင့် ဉာဏ်သာမသုံးနိုင်ခဲ့ကြလျှင် ခုလောက်ဆို သေမင်းတိုင်းပြည်ကို ရောက်နေလောက်ပေပြီ။

"ဇော် ... သွားကြမယ်၊ ဘယ်တတ်နိုင်မလဲကွာ"

ထက်မောင်က သတိပေးလိုက်သည်။ သဲစုကတော့ ထိတ်လန့်လွန်း၍ မျက်ဝန်းလေးတွေ ဝိုင်းစက်နေသည်။ အမနုဿ သေကောင်များကို မကြည့်ရဲ၊ မျက်နှာကို လွှဲထားသည်။ ထို့နောက် ယင်းနေရာမှ ချက်ချင်းပင်ထွက်လာခဲ့ကြလေသည်။ အမနုဿများက သူတို့ကို ပက်ပြီးတော့ ရှာနေကြပြီဖြစ်သည်။ ဤနေရာမှ မည်သည့်နည်းဖြင့် လွတ်မြောက်အောင် အားထုတ်ရပါမည်လဲ။

သည်လိုဖြင့် အမြင့်ကိုပင် ဆက်ပြီးတော့ တက်လာကြသည်။ လမ်းတွေက ဟိုကွေ့သည်ကောက်နှင့် အလင်းရောင်အားကလည်း နည်းနေသည်။ ရှေ့ကနေ ပေါ်လာလေသည်။ နောက်

ကနေ ရောက်လာလေမလားဟု ရင်တထိတ်ထိတ်နှင့် ရှိနေကြရသည်။ ကျောမှာပိုးထားကြသော အိတ်တွေကလည်း တဖြည်းဖြည်းနှင့် လေးလံလာနေသလိုလို။

ရှေ့မှာ အလင်းရောင်လိုလို မြင်လိုက်ရသည်။ သို့သော် ခုအခြေအနေထက် အနည်းငယ်ပိုပြီးတော့ လင်းရုံမျှသာ။

"ဖော် ... သတိထားကြရမယ်ကွ၊ အလင်းရောင်တော့ မြင်နေရတယ်၊ ထွက်ပေါက်လား ဘာလား၊ ဒီကောင်တွေနဲ့ ပက်ပင်းတိုးနိုင်တယ်"

"အေး"

သတိထားပြီး ရှေ့ကိုချဉ်းကပ်လာခဲ့ကြသည်။ လမ်းမှာ မည်သည့်အနှောင့်အယှက်မှ မတွေ့ရတော့။ အလင်းရောင်ရှိသောနေရာနှင့် နီးသထက် နီးကပ်လာခဲ့သည်။ သည်လိုနှင့် ထိုနေရာကိုရောက်သွားခဲ့ကြလေရာ ...

"ဟင်"

"ဟာ"

နှုတ်အသီးသီးမှ အာမေဍိတ်သံများ ထွက်လာခဲ့ကြသည်။ ဂူပေါက်ဝလိုလိုနေရာမှ ထွက်လိုက်ကြသောအခါ တွေ့လိုက်ကြရသည်က သူတို့သည် တောင်တစ်တောင်၏ အမြင့်ဆုံးအပိုင်းကို ရောက်နေခြင်းကြောင့်ပင်တည်း။

---





"ဟင် ... ဂါတို့ တစ်ချိန်လုံးဖြတ်သန်းလာခဲ့ကြတာ တောင်ကြီးတစ်တောင်ပဲ"

"ဟုတ်တယ် ကိုထက်၊ ကုန်းမြင့်ထင်ပြီး အတွင်းလမ်းကနေ တက်လာခဲ့ကြတာ၊ ခုတော့ တောင်ကြီးတစ်တောင် ဖြစ်နေမှန်းသိရတော့တယ်၊ ဘာဖြစ်လို့ အမှောင်သန်းနေတာလဲ၊ ဒီအချိန်မှာ အလင်းရောင်ရှိနေရဦးမှာ"

မှန်သည် ...။ သူတို့တက်လာခဲ့သည့်အချိန်သည် ဘာမှမကြာသေး။ အလွန်ဆုံးရှိလှ သုံးနာရီလောက်သာ။ ယခု မည်သည့်အကြောင်းကြောင့် မိုးချုပ်ခါနီးလို့ မှောင်နေရသလဲ ဆိုသည်ကို နားမလည်နိုင်ကြ။ ထားတော့ ကျွန်း၏သဘာဝက ဤကဲ့သို့ပဲလား မသိ။ အရေးကြီးသည်က တောင်အောက်ကို ပြန်ဆင်းကြဖို့ပင်။

အပေါ်ဆီးမှနေ၍ အောက်ကိုဆီးပြီးတော့ မြင်နေရသည့်မှာ တောအုပ်သည် ဝပ်လျက်ရှိသည်။ ထက်မောင်က တောင်ခါးပန်းသို့ ခြေတစ်လှမ်းတိုးပြီးတော့ ကြည့်သည်။ တောင်က မတ်နေသလို ထင်ရပေမယ့် အောက်ကို တစ်ဆင့်ဆင်းလျှင် တောင်ဆင်းလမ်းတစ်ခုပေါ်ကိုရောက်သည်။

"အောက်မှာ လမ်းကွ၊ ဒီအပေါ်ကနေ အောက်ကို ဆင်းရလိမ့်မယ်"

---

www.burmeseclassic.com



ထက်မောင်က ကုပ်ကပ်ပြီးတော့ အောက်ကိုခုန်ချလိုက်သည်။ အရှိန်သာမထိန်းနိုင်ခဲ့လျှင် တောင်အောက်ကို တစ်ရှိန်ထိုး ပြုတ်ကျသွားနိုင်သည်။

"ကဲ ... လာ သဲစု"

သဲစုက မရဲတရဲနှင့် တောင်ခါးပန်းဆီကို တိုးကပ်သွားသည်။ ယင်းနေရာတွင် တိတိရိရိကြီး ပြုတ်နေ၍ အောက်ကို မမြင်ရ။ ဦးစိုက်ပြီး ငုံ့ကြည့်မှသာ မြင်နိုင်သည်။

"ထိုင်ပြီး ခြေထောက်ကို အရင်ချလိုက်၊ ပြီးတော့မှ ကိုယ်ကိုလျှောချလိုက်၊ မကြောက်နဲ့၊ အောက်က ဆီးပြီးတော့ ဖမ်းမယ်"

သဲစုသည် တောင်အောက်ကိုကြည့်ပြီး ရင်ထဲ ဗိုခနဲ ဖြစ်သွားခဲ့ရသည်။ ထို့နောက် ထိုင်ချလိုက်ကာ အောက်ကို ခြေတွဲလျောင်းချလိုက်၏။

"လျှောချလိုက် ... မကြောက်နဲ့"

ထက်မောင်က သတိပေးသည်။ စိတ်ကိုတင်းပြီး လျှောချလိုက်ရာ ရင်ထဲအေးခနဲဖြစ်သွားသည်။ ထက်မောင်က သူမ၏ ခါးနှစ်ဖက်က ဆီးဖမ်းထားနိုင်ခဲ့သည်။ လင်းပိုင်ဖော်သည်လည်း သတိထားပြီး အောက်ကိုဆင်းလိုက်ရသည်။ တောင်ဆင်းလမ်းသည် သဘာဝအလျောက် ဖြစ်ပေါ်နေသော လမ်းတစ်လမ်း။





သို့သော် လမ်းက ကျဉ်းမြောင်းလှသည့်အပြင် အနည်းငယ် မတ်သလိုလို ရှိသည်။ ဆင်းသောအခါ ကိုယ်ကို နောက်သို့ အနည်းငယ်လန်ပြီးတော့ ဆင်းကြရသည်။

မျက်နှာပြင်က ကြမ်းတမ်းနေ၍ တော်ပေသေးသည်။ အောက်ကိုလျှောဆင်းကာ မသွား။ သဲစုသည် မကြာခဏ အူ ညွှတ်ကာ ချောကျတော့မလို ဖြစ်ဖြစ်သွားသည်။ ထုံးစံအတိုင်း ထက်မောင်က ရှေ့မှ၊ လင်းပိုင်ဖော်က နောက်က၊ သဲစုကို အလယ်မှာ ထားပြီး လျှောက်ကြရသည်။ တောင်မျက်နှာပြင်သည် မညီမညာ ကျောက်ပေါက်ရာများကဲ့သို့ ချိုင့်ခွက်များဖြစ်နေသည်။ အချို့နေရာများတွင် အထွတ်အထွတ်များ ဖြစ်နေကြသည်။

"မျက်စိလျှင်လျှင်နဲ့ ကြည့်ထားဦးကွ၊ ဟိုသတ္တဝါတွေနဲ့ တိုးနေဦးမယ်"

လင်းပိုင်ဖော်က ထက်မောင်ကို သတိပေးလိုက်သည်။ သူလည်း တောင်အောက်ကို မြင်နိုင်သမျှ အလစ်မပေးဘဲ ကြည့်ရင်း အဆင်းလမ်းက မသိမသာ ကွေ့ကောက်သွားသည်။ ဆောင်ကြီးတစ်ခုလုံးကို လမ်းကကွေ့ပတ်ပြီး မသွားသည်ကပင် ဆော်သေးသည်။ မဟုတ်လျှင် အောက်ကို တော်တော်နှင့် ရောက်မှာမဟုတ်ကြ။



www.burmeseclassic.com

ဇောနှင့်ကြောင့်မို့လားမသိ။ မကြာမီမှာပင် တောင်အောက်ကို ချောမောစွာရောက်သွားခဲ့ကြသည်။ သို့သော် ယင်းနေရာက မခွာရဲကြသေး။ အမနုဿများနှင့်တိုးမည်ကို စိုးသောကြောင့်ပင်။ အခြေအနေကို တစ်ခဏစောင့်ကြည့်ကြသည်။ အမနုဿများကလည်း မပြောနိုင်။ ချောင်းမြောင်းပြီးကြည့်ချင်ကြည့်နေကြမှာ။ မည်သည့်အရိပ်အယောင်ကိုသော်မှ မတွေ့ကြ။ ထို့ကြောင့် တောင်ခြေမှ ထွက်ခွာလာခဲ့ကြသည်။

မှောင်ရီရီဖြစ်နေသည်ကပင် သူတို့အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။ အကာအကွယ်များကို စိတ်ချလက်ချယူကာ ထွက်လာနိုင်သောကြောင့်ပင်။ တစ်နေရာကိုရောက်သောအခါ ...

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

ပြေးလွှားလာနေကြသော ခြေသံများကို မမျှော်လင့်ဘဲကြားလိုက်ကြရသည်။

''ဟင်''

တောင်ပို့ကြီးတစ်ခု၏အကွယ်မှာ ပြားပြားဝပ်အောင်မှောက်ချလိုက်ကြရသည်။

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

ဆောင့်နင်းလိုက်သလို ခြေသံများက မြေပြင်ကိုတုန်



ဟည်းသွားစေခဲ့သည်။ လင်းပိုင်ဖော်တို့သည် ရင်တထိတ်ထိတ်နှင့် အသံများထွက်ပေါ်လာရာဆီကို စောင့်ကြည့်နေကြသည်။ တစ်ခဏအကြာတွင် ခပ်လှမ်းလှမ်းရှိ ချုံများ၊ သစ်ပင်များကြားမှ ထွက်ပေါ်လာခဲ့ကြသော အမနုဿများ အယောက်အစိတ်သုံးဆယ်ခန့်လောက် ရှိကြပေလိမ့်မည်။

သူတို့သည် တင်းပုတ်၊ ကျောက်လှံ၊ ကျောက်ရဲခင်းအစရှိသော လက်နက်မျိုးစုံကို ကိုင်ဆောင်ထားကြသည်။ ခြေခွင်ခွင်နှင့် အမနုဿများသည် ခြေသံပြင်းပြင်းနှင့် ဆောင့်နင်းကာ တောင်ကြီးဘက်ဆီကို တစ်စုတစ်ဝေးကြီး ထွက်သွားခဲ့ကြသည်။ သူတို့ အဝေးကိုရောက်သွားခဲ့ကြမှ ...

''ငါတို့ ဆင်းလာခဲ့ကြတဲ့ တောင်ကြီးဆီကို သွားနေကြတာပဲ ဖြစ်ရမယ်၊ ငါတို့ အဲဒီတောင်ပေါ်မှာရှိနေခဲ့ကြတယ်ဆိုတဲ့ သတင်းကို ရသွားလောက်ကြပြီ ကိုထက်''

''ဟုတ်တယ်၊ တောထဲကလူတွေဆီကို လက်ဆင့်ကမ်းပြီးတော့ သတင်းပို့လိုက်ကြတာ ဖြစ်မယ်ကွ''

ထို့နောက် အခြေအနေကိုကြည့်ကာ ယင်းနေရာမှ ထွက်လာခဲ့ကြသည်။ အမှောင်က နောက်ထပ် တစ်ဆင့်တိုးပြီးတော့ကျလာခဲ့ပြန်သည်။ မိမိတို့သည် မည်သည့်နေရာကိုသွားကြမှန်းမသိ။ ဦးတည်ရာကို ထွက်သွားကြလျှင်လည်း အမနုဿများနှင့်

www.burmeseclassic.com

www.burmeseclassic.com



တိုးမိမှာကိုစိုးရိမ်ရသည်။ သူတို့က အင်အားများလျှင် ဘာမှမတတ်နိုင်။ ကြမ်းတမ်းရက်စက်ကြသောသူများ၏ လက်ချက်ကြောင့် အသက်ဆုံးရှုံးကြရမည်သာ။

ထိုစဉ် ခပ်လှမ်းလှမ်းရှိ သစ်ပင်အကွယ်မှ ထွက်လာသော သဏ္ဌာန်တစ်ခု၊ အမနုဿများလားဟု သတိထားကာ စောင့်ကြည့်နေမိကြသည်။ နောက်ထပ်သဏ္ဌာန် သုံးလေးဦးလည်း ထွက်လာခဲ့ကြပြန်သည်။ သဲကွဲစွာ မမြင်ကြရသော်လည်း သေချာစွာ ကြည့်ကြသောအခါ အမနုဿများမဟုတ်ကြဟု မှန်းဆမိ ကြသည်။ ရှေ့ဆုံးကလူသည် ပို၍အရပ်မြင့်သည်၊ ဦးဆောင်သူ တစ်ယောက်ဖြစ်လိမ့်မည်။ နောက်မှလူများက နောက်လိုက်များဟု မှန်းဆမိကြသည်။

"ကိုထက် ... ပင်လယ်ဓားပြတွေလားမသိဘူး"

"အေး ... ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ သူတို့ ဒီကျွန်းပေါ်ကို ဘယ်အချိန်ကတည်းက ရောက်နေကြတာလည်း မသိဘူး"

ပင်လယ်ဓားပြဟုထင်ရသော လူတစ်စုသည် တစ်နေရာကို ထွက်သွားခဲ့ကြသည်ကို တွေ့နေကြရ၏။

"ဖော် ... ငါတို့လမ်းပျောက်နေတာကွ၊ သူတို့နောက်ကို လိုက်သွားကြရင်ကောင်းမယ်"

---



"ဖြစ်ပါ့မလား၊ ငါတို့ကိုတွေ့သွားကြရင် အမနုဿတွေထက်တောင် ဆိုးဦးမယ်၊ သတိပစ်ကြမှာ"

"နောက်ယောင်ခံပြီးလိုက်ကြမှာပေါ့၊ ငါလည်းသိပါတယ်ကွ"

"အေး ... သွားကြမယ်ကွာ"

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

### သန်းခေါင်အပြင်ညဉ့်မနက်တော့

လင်းပိုင်ဖော်တို့သည် လမ်းပျောက်နေကြပြီဖြစ်သည်။ ထို့ကြောင့် ပင်လယ်ဓားပြများနှင့်တူကြသောသူများ၏ နောက်ပ နောက်ယောင်ခံပြီးတော့ လိုက်သွားခဲ့ကြသည်။ ထိုသူများသည် နောက်ကို တစ်ချက်ကလေးပင် လှည့်မကြည့်ကြပေ။ သွားနေကြသည်ကလည်း တစ်ခါတစ်ရံမှာ နှေးကွေးကြသည်။ တစ်ခါတစ်ရံမှာ ဖျတ်ခနဲ ဖျတ်ခနဲဆို ရှေ့ကို အတော်လှမ်းလှမ်းအထိ ရောက်သွားကြသလို သွားလာလှုပ်ရှားကြပုံက ထူးဆန်းနေကြသည်။

မိမိတို့ပဲ အာရုံများနေကြသလားဟု သက်မကင်းဖြစ်လာမိကြသည်။ ထိုစဉ် ပင်လယ်လှိုင်းပုတ်သံများကို ကြားလာ



ခဲ့ကြရသည်။

'ဝုန်း ဝုန်း ဝုန်း'

ထို့ကြောင့် ကမ်းစပ်ဆီ ပြန်ရောက်လာကြပြီဟု သိလိုက်ကြသည်။ ဝမ်းသာသွားခဲ့ကြလေသည်။

"ဖော် ... ဟိုလူတွေကို မတွေ့ရတော့ဘူးကွ"

ကိုထက်က ကောက်ကာငင်ကာ ပြောလိုက်သည်။ မှန်သည်။ ရှေ့မှသွားနေကြသောသူများကို မတွေ့ရတော့။ မျက်စိအောက်မှာပင် မည်သည့်နေရာကို ထွက်သွားမှန်းမသိလိုက်ကြ။

"အေး ... ဟုတ်တယ်ကွ၊ ဘယ်ရောက်သွားကြသလဲ မသိဘူး၊ မဟုတ်သေးပါဘူးကွာ ... သူတို့ ဘယ်ကိုထွက်သွားကြသလဲ ဆိုတာ ငါတို့မြင်ရမှာပေါ့၊ သဲစုကော မမြင်လိုက်ဘူးလား"

"သဲစုလည်း ကြည့်နေတာပဲ၊ ကြည့်နေရင်းကို ပျောက်သွားတာ၊ ဘယ်ရောက်သွားမှန်းကို မသိဘူး"

အားလုံး စဉ်းစား၍မရနိုင်အောင် ဖြစ်သွားခဲ့ကြသည်။ ထိုစဉ် ...

'ဒေါက်'

သူတို့၏ရှေ့ကို သေးငယ်သောအရာဝတ္ထုလေးတစ်ခု ကျလာခဲ့သည်။ ဒေါင်လိုက်ကျပြီး ရှေ့ကိုလိမ့်ဆင်းသွား[illegible] သဲကွဲစွာမမြင်ရသော်လည်း သိလိုက်ကြသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လေးရယ်ဟု အံ့အားသင့်သွားခဲ့ကြသည်။ မည်သို့ကျလာခဲ့မှန်း မသိ။ တစ်ယောက်ယောက်က ပစ်ချလိုက်သလိုပင်။

ရွှေဒင်္ဂါးပြားလေးသည် ကြည့်နေရင်းကပင်လျှင် မြေမှာပေါ်မှာ ဒေါင်လိုက်လိမ့်ဆင်းသွားခဲ့သည်။ သူတို့သည်လည်း အမှတ်တမဲ့နှင့် နောက်မှလိုက်သွားခဲ့ကြလေသည်။ ကမ်းခြေမရောက်မီ တစ်နေရာတွင် ရပ်တန့်သွားခဲ့လေ၏။ လင်းပိုင်ဖော်က ကောက်ယူလိုက်ပြီး . . .

"ဒါပါဆို နှစ်ခါရှိပြီ၊ တိုက်ဆိုင်မှုသက်သက်ပဲလား"

အိတ်ထဲသို့ထည့်လိုက်ပြီး . . .

"ဦးငှက်ခါးရေ . . . ကျွန်တော်တို့ ဒီကို ဘယ်လိုကဘယ်လို ရောက်လာကြမှန်းမသိဘူး။ လူသိနည်းတဲ့ အန္တရာယ်ကျွန်းကနေ ထွက်ခွာဖို့အတွက် အခက်အခဲဖြစ်နေတယ်ဗျာ"

ဟု ညည်းတွားမိလိုက်လေသည်။ စောစောကလူများသည် မိမိတို့ကို ကမ်းစပ်အထိခေါ်လာပြီး မည်သည့်နေရာကို ထွက်သွားမှန်း မသိလိုက်ကြ။

"ဒီလူတွေက ငါတို့ကို လမ်းပြပေးနေသလို ဖြစ်သွားခဲ့တယ်၊ ကျေးဇူးပဲဗျာ . . . မဟုတ်ရင် တောထဲမှာ ဘာတွေဆက်ဖြစ်ဦးမလဲ မသိဘူး ဗော်"

"အေး . . . ဟုတ်တယ်၊ ဟိုလူတွေကိုပဲ ကျေးဇူးတင်ရ





မှာပဲ၊ ဒါနဲ့ ငါတို့ တစ်နေရာရာမှာသွားနေကြရင် ကောင်းမယ် ကိုထက်၊ ရန်က ရှိသေးတယ်၊ စိတ်မချရသေးဘူးကွ"

တောစပ်မှာလည်း နေ၍မဖြစ်၊ အမနုဿများက နောက်ထပ်ရောက်လာနိုင်ကြသေးသည်။ ထို့ကြောင့် ကမ်းစပ်ဆီကို ပြေးလာခဲ့ကြသည်။

'ဝုန်း ဝုန်း ဝုန်း ဝုန်း'

ကျောက်ဆောင်များကို လှိုင်းများက တဝုန်းဝုန်း ရိုက်ခတ်နေကြသည်။ လေကလည်း တဟူးဟူးနှင့်တိုက်ခတ်နေသည် ဖြစ်ရကား . . .

"ဒီနေရာပဲ ကောင်းတယ် ကိုထက်၊ လေက တိုက်နေတော့ ဒီသတ္တဝါတွေ တို့ရဲ့အနံ့ကို မခံနိုင်ကြတော့ဘူးပေါ့"

ပုန်းခိုရန်နေရာကိုရှာကြသည်။ ကံအားလျော်စွာ အက်ကွဲနေသော ကျောက်ဆောင်ကြီးတစ်ခုကို တွေ့သွားခဲ့ကြသည်။

"ဒီနေရာဆို အဆင်ပြေမလားလို့"

အက်ကွဲနေသောနေရာက လူတစ်ယောက်စီသာ ဝင်လို့ရသည်။ သို့သော် အထဲမှာက 'ချောင်ချောင်ချိချိပင်။ လူ သုံးယောက် ကျောမှီပြီးထိုင်နေ၍ရသည်။ ကျောက်ဆောင်ကြောင့် လှိုင်းပုတ်လည်း အပေါ်ကိုမကျော်လွှားနိုင်။ အထဲမှာလည်း ရေစာ ဝပ်မနေ။ ထက်မောင်က မီးထိုးကြည့်သည်။ မြေအစရှိသော



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ရှိသတ္တဝါများ နိုအောင်းနေကြခြင်းမရှိ။

"ကဲ ... ဒီနေရာအကောင်းဆုံးပဲ၊ ဝင်ကြမယ်"

သုံးယောက်စလုံး ဝင်သွားခဲ့ကြသည်။ ကျောက်ဆောင်နံရံကို ကျောမှီပြီးတော့သာ ထိုင်၍ရကြသည်။ ပါလာသော ကျောပိုးအိတ်ကြီးများကို ဖြုတ်လိုက်ကြရသည်။ သန်စွမ်းသော ယောကျ်ားလေးများမို့သာ ဤမျှလေးသောအိတ်ကို တောက်လျှောက်သယ်ယူလာနိုင်ကြခြင်းပင် ဖြစ်ကြသည်။ ပစ္စည်းဆိုသည့်အောလည်း ပါလိမ့်မည်။

တဖြည်းဖြည်းနှင့် အမှောင်ကပိုပြီးတော့ ကျလာသည်။ ဘယ်လိုကြောင့်လဲ။ ဤနေရာသည် နွေညဟူ၍ သီးသန့်မရှိ။ ဖြစ်ချင်တိုင်းဖြစ်နေသည်လား။ သို့သော် ယခုလို နီးကပ်စွာ နေနေကြသူအချင်းချင်းကိုတော့ ဝိုးတဝါးမြင်တွေ့နေကြရသည်။ မိမိတို့သည် ဘာကိုစောင့်နေကြမှန်းမသိ။ သုံးယောက်စလုံး၏ စိတ်ထဲမှာ မျှော်လင့်ချက်တစ်ခုခုကို ထားနေကြသလိုပင်။ ဤဂူကျွန်းမှ လွတ်မြောက်ကြရန်သာ အရေးကြီးနေကြသည်က တူညီသော ဆန္ဒများ။

'ဝုန်း ဝုန်း ဝုန်း'

သူတို့မှီပြီးနေကြသော ကျောက်ဆောင်ကြီးကို လှိုင်းများက တဝုန်းဝုန်းနှင့် လာရောက်ရိုက်ခတ်လျက်ရှိနေကြသည်။





ကျောက်ဆောင်ကမြင့်၍ ရေစက်ရေမှုန်များလောက်လည်း ကျော်လွှားပြီးတော့ ရောက်မလာခဲ့ကြ။ ပင်ပန်းလာကြသည်ဖြစ်၍ စကားမပြောနိုင်ကြ၊ အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ နေနေကြသည်။

အခြေအနေသည် ရောက်လာမည့် အန္တရာယ်ကိုလည်း စောင့်စားနေကြသလို ဖြစ်နေကြသလားဟု ထင်မိကြသည်။

✸

သူတို့သုံးယောက်စလုံး အိပ်ပျော်သွားကြသလို မိန်းမောသွားကြသလို ဖြစ်သွားကြသည်။ မည်မျှကြာသွားခဲ့သလဲမသိ။ သဏ္ဌာန်တစ်ခုက သူတို့ရှိနေကြသည့် ပပ်ကြားအက် ကျောက်ဆောင်ကြီးတစ်ခု၏ အနားကို ချဉ်းကပ်လာခဲ့လေသည်။ ယင်းအချိန်တွင် လေကလည်း တဟူးဟူး တဟဲဟဲနှင့်တိုက်နေဆဲ။

"ဒီ ဒီမှာ မိတ်ဆွေလေးတို့ ... ထကြပါ ထကြပါ"

သူတို့ကို နှိုးလိုက်သည့်အသံကြောင့် သုံးယောက်စလုံး တစ်ပြိုင်တည်းလိုလို လန့်ပြီးတော့ နိုးလာခဲ့ကြသည်။ သူတို့အိပ်ပျော်သွားခဲ့ကြသည်က အသေကောင်ကြီးများမှာ။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်တွေက အခြားကမ္ဘာကိုပင် လွင့်သွားခဲ့ကြသည်လားဟုပင် မှတ်ကြရသည်။ အားလုံးသောမျက်လုံးအစုံသည် ပပ်ကြားအက် ကျောက်ဆောင်ကြီး၏အပြင်ဘက်ကို ရောက်သွားခဲ့ကြသည်။ သဏ္ဍာန်တစ်ခုက ရပ်နေသည်။ အမနုဿတစ်ဦးလေလားဟု ရင်ထဲ ထိတ်သွားခဲ့ကြသေးသည်။ သို့သော် စကားသံကို စောစောကကြားလိုက်ကြရသည့် အမနုဿက ဤသို့ပြောမှာ မဟုတ်။

သေချာကြည့်ကြသောအခါ လူတစ်ယောက်သည် သူတို့ကို အပြင်ဘက်မှနေ၍ ကြည့်နေသည်။ အလင်းရောင်မှုန်ပျပျအောက်မှာ မြင်လိုက်ရသည်က ပဝါနက်တစ်ထည်ကို ခေါင်းမှာ ပေါင်းထားသူ။ ဆံပင်တွေက ကုပ်ထောက်နေကြသည်။ ခါးတွင် ခါးပတ်ပြားကြီးတစ်ခုကို ပတ်ထားသည်။ ဓားမြှောင်တစ်လက်ကိုလည်း ချိတ်ထား၏။

"ဟင် ... ဦး"

ထိုပုံပန်းသဏ္ဍာန်ကိုမြင်လိုက်ကြသည်နှင့်ပင် သူ မည်သူဆိုသည်ကို သိသွားခဲ့ကြလေပြီ။ ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ကြသည်။

"သင်္ဘောကပ်နေပြီ လာကြ"

ပြောပြီးလှည့်ထွက်သွားပုံမှာ အလျင်စလိုနိုင်လှသည်။





အရေးကြီးနေသလိုပင်။ လင်းပိုင်ဖော်တို့သည်လည်း အိပ်မက်မက်နေကြသလားဟုပင် မယုံနိုင်ကြ။ သို့သော် ဖြစ်နိုင် မဖြစ်နိုင် အတွေးကိုဖျောက်ကာ ပပ်ကြားအက်အတွင်းမှ ထွက်လာခဲ့ကြသည်။ ကျောက်ဆောင်ကြီး၏တစ်ဖက်ကို ရောက်သွားကြသောအခါ ...

"ဟင်"

အမှန်တကယ်ပင် ကမ်းကပ်ကာ ရပ်နားထားသော သင်္ဘောကြီးတစ်စီးကို တွေ့လိုက်ကြရသည်။ ငှက်ကြီးတစ်ကောင် ရေပေါ်မှာ ဝပ်နေသလိုပင်။ ငှက်ခါးသင်္ဘောကြီးပါတည်း။ မှောင်ထဲမှာပေမင့်လည်း ဤသင်္ဘောကြီးဆိုသည်ကို ကောင်းကောင်း သိနိုင်သည်။

စောစောကလူသည် သူတို့ကိုကျောပေးကာ သင်္ဘောကြီးဆီကို သွားနေသည်။ လင်းပိုင်ဖော်တို့ ဤနေရာတွင် ရှိကြသည်ကို မည်သို့သိခဲ့လေသလဲ မပြောတတ်။ သို့သော် ဦးနှောက်ကို ထပ်ပြီးတော့ အလုပ်မပေးကြတော့ပါ။ ကျွန်းပေါ်မှာထက်စာရင် သင်္ဘောပေါ်မှာက တော်သေးသည်ဟု လက်ခံလိုက်ကြသည်။

ယင်းအချိန်တွင် တောထဲမှ ထွက်လာခဲ့ကြသော မည်းမည်းသဏ္ဍာန်များ။ သူတို့ကား အမနုဿများပင်တည်း။ လင်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဇော်သည် နောက်ကျောမလုံသလို ဖြစ်သွား၍ နောက်ကို အမှတ်တမဲ့ လှည့်ကြည့်မိလိုက်သည်။

''ဟင်''

အုပ်စုဖွဲ့ကာ တက်လာကြသော အမနုဿများကို မြင်တွေ့လိုက်ကြရလေသည်။

''ကိုထက်၊ ဟိုကောင်တွေလိုက်လာကြပြီ''

ထက်မောင်နှင့်သဲစုတို့သည်လည်း နောက်ကိုလှည့်ကြည့်မိလိုက်ကြသည်။ ကမ်းခြေဆီကို ပြေးလာနေကြသော အမနုဿများကို တွေ့လိုက်ကြရလေသည်။

''ဘယ်လိုလုပ်ကြမလဲ''

သဲစုက ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်သည်။ ထိုအခါ ရှေ့ဆုံးမှသွားနေသောပုဂ္ဂိုလ်က ...

''ဒီကောင်တွေကို ဂရုမစိုက်ကြနဲ့၊ သင်္ဘောပေါ်ကိုသာ တက်ကြ''

လင်းပိုင်ဇော်တို့သည်လည်း သင်္ဘောဆီကိုသာ ပြေးသွားခဲ့ကြပြီး ခြေလှမ်းသွက်သွက်နှင့် ကုန်းဘောင်ပေါ်မှတစ်ဆင့် တက်သွားခဲ့ကြလေသည်။ သင်္ဘောပေါ်တွင် သင်္ဘောသားအချို့ကို တွေ့လိုက်ကြရသည်။

သို့သော် ... အလာတုန်းကလိုပင် ကျောပေးလျက်





အနေအထားများဖြင့် ရှိနေကြသည်။ သူတို့အလုပ်ကို သူတို့လုပ်နေကြသည်။ လင်းပိုင်ဇော်တို့သည် သင်္ဘောပေါ်မှနေ၍ ပြေးလာနေကြသော အမနုဿများကို ကြည့်နေကြသည်။ မှောင်ရိုရိုထဲမှာ မည်းမည်းမည်းမည်းနှင့် လာနေကြလေပြီ။

စောစောကပုဂ္ဂိုလ်သည် သင်္ဘောပေါ်ကိုမတက်သေးပဲ အမနုဿများဘက်ဆီကို ခါးထောက်ပြီးတော့ ကြည့်နေကြသည်။ လွန်စွာမှ နီးကပ်လာကြသောအချိန်အထိ ထိုပုဂ္ဂိုလ်ကို မြင်တွေ့ကြသေးဟန်မတူကြ။ ထိုစဉ် ...

''ဟိတ်''

အသံကြီးတစ်သံက ဟိတ်ခနဲဆို ထွက်ပေါ်လာသည်။ ထိုပုဂ္ဂိုလ်က အမှတ်တမဲ့ အော်လိုက်ခြင်းပင်။ ထိုအခါကျမှ အမနုဿများသည် အသံကြောင့်လန့်သွားကြပြီး ထိုသူ့ကိုရော သင်္ဘောကြီးကိုပါ မြင်တွေ့သွားခဲ့ကြလေသည်။

'အူး အား အူး'

ထိုအခါကျမှ အလန့်တကြားနှင့် အော်လိုက်ကြပြီး တစ္ဆေတစ်ကောင်ကို တွေ့လိုက်ကြရသည့်ပမာ အော်ပြီး နောက်ကြောင်းကို ပြန်လှည့်ပြေးကြလေတော့သည်။ လင်းပိုင်ဇော်တို့သည်လည်း မြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။

အမနုဿများသည် မည်သည့်အကြောင်းကြောင့် ဤမျှ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်သွားခဲ့ကြရပါသလဲ။ သူတို့ကြောက်သောသူများသည်လည်း ရှိကြသေးသည်ဟု သိလိုက်ကြရလေသည်။

☼

မကြာမီ ထိုပုဂ္ဂိုလ်သည် သင်္ဘောပေါ်ကိုတက်လာခဲ့သည်။

"သူတို့က ငါတို့ကို အာမခံရဲကြဘူးကွာ၊ ကဲ ကဲ ... လာကြ လာကြ"

လင်းပိုင်ဖော်တို့ကို သင်္ဘော၏အခန်းတစ်ခုဆီကို ခေါ်သွားခဲ့ကြသည်။ သူတို့ကို အရင်တစ်ခေါက်က ထည့်ထားခဲ့သည့် အခန်းပင်။

"အစားအသောက်တွေ ရောက်လာလိမ့်မယ်၊ စားပြီး အနားယူကြ"

ထိုသူ ပြန်ထွက်သွားသည်။ သဲစုက ...

"သဲစုကို ရေထဲကနေ ကယ်တင်လိုက်တာ သူပဲကိုဖော်"

"ဟုတ်လိမ့်မယ်၊ သူပဲဖြစ်နိုင်တယ်လို့"





ထိုသူက နောက်တစ်ခေါက် ပြန်ရောက်မလာတော့။ အစားအစာများကို တစ်ယောက်ကလာပို့သည်။ အခန်းတံခါးကို အပြင်ကနေ ပိတ်သွားသည်ကိုပင် မသိလိုက်ကြ။ ဆာလောင်မွတ်သိပ်နေကြပြီဖြစ်၍ အားပါးတရပင် စားမိကြသည်။ အချိန်က လျင်မြန်စွာသွားနေသည်။

"ငါတို့ကို အကျိုးအကြောင်းလည်းမမေးဘူး။ သင်္ဘောနဲ့ ဘယ်ကိုခေါ်သွားကြမလဲမသိဘူး ဖော်"

"ကံတရားပေါ့ကွာ။ ငှက်ခါးကျွန်းပေါ်မှာ နေရတာထက်စာရင် တော်ဦးမှာပါ"

ထိုစဉ် ...

'ရှီး ရှီး ရှီး ရှီး'

"ဟော ... သင်္ဘောထွက်ပြီထင်တယ်"

ထက်မောင်က အပြင်ကိုထွက်ကြည့်ရန် တံခါးကို ဖွင့်ကြည့်ရာ ...

"အပြင်ကနေ ပိတ်ထားပြန်ပြီကွာ၊ ဘာသဘောပါလိမ့်"

"အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့၊ အေးအေးဆေးဆေး အနားယူပါ ကိုထက်ရာ၊ သန်းခေါင်အပြင် ညှဉ်းနက်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်တစ်လုံးကို သဲစုအား ပေးလိုက်သည်။ သူတို့နှစ်ယောက်က တစ်လုံး။ ခုတစ်ခါမှာတော့ ကြောင့်ကြခြင်းကင်းမဲ့စွာဖြင့် ကျောခင်းလိုက်ကြသည်။ တစ်ခဏအကြာတွင် သုံးယောက်စလုံး ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်မှန်းပင်မသိကြတော့။

✺ ✺ ✺



## အခန်း (၁၉)

## ထူးထွေတည့်အံ့ရာခေတ်

နေရောင်က မျက်နှာကိုလာထိုးတော့မှ လင်းပိုင်ဇော် လန့်ပြီးနိုးလာခဲ့သည်။

"ဟင်"

ပတ်ဝန်းကျင်ကိုကြည့်မိလိုက်တော့ ဇဝေဇဝါ အမှူးကြောပင် ဆန့်မိလိုက်သေးသည်။ ချက်ချင်းပင် သတိရသွားခဲ့သလို ဖြစ်သွားခဲ့ရပြီး ...

"မဟုတ်ပါဘူး၊ ညက ငါတို့ သင်္ဘောပေါ်မှာပါ။ ခု ငါတို့ ဘယ်မှာရောက်နေ ... ဟင်"

အံ့အားသင့်သွားမိသည်။ သူရောက်နေသည့်က ကျောက်ဖျာကြီးပေါ်မှာ။ ထက်မောင်နှင့်သဲစုတို့ကလည်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်နေရာစီ ဘယ်လိုဖြစ်ကြတာလဲ။ ငှက်ခါးသင်္ဘောကြီးရဲ့ အခန်းတစ်ခုထဲမှာ ရှိနေကြတဲ့သူတွေက မည်သို့သော အကြောင်းကြောင့် ဒီနေရာကို ပြန်ရောက်နေကြတာလဲ။

''ကိုထက်၊ သဲစု ... ထကြပါဦး''

ထိုအခါကျမှ ... နှစ်ယောက်စလုံး နိုးလာခဲ့ကြလေသည်။

''ဟင် ဇော် ... ငါတို့ အခု ဘယ်ကိုရောက်နေကြတာလဲ၊ သင်္ဘောကြီးပေါ်မှာလည်း မဟုတ်ကြတော့ပါလား''

သဲစုသည်လည်း မျက်ဝန်းလေးတွေ ကြောင်စီစီနှင့် ဟိုကြည့် သည်ကြည့်ဖြစ်နေသည်။

''ဟိုတစ်ခါလို ဖြစ်ပြန်ပြီကွ၊ သင်္ဘောပေါ်ကနေ အောက်ကို ရောက်နေကြတာ၊ ငါတို့စားတဲ့အစားအစာတွေထဲမှာ အိပ်ဆေးလိုဟာတွေများ ထည့်ထားသလားကွာ၊ ဟို ကျောက်ဆောင်ကွဲကြီးထဲမှာလည်း အိပ်ခဲ့ကြတယ်၊ သင်္ဘောပေါ်ရောက်တော့လည်း ဘယ်လို ... ဘယ်လို အိပ်ပျော်သွားမှန်းတောင် မသိကြတော့ဘူး၊ ဒီလူတွေ ငါတို့ကို ဘယ်လိုသဘောနဲ့ ဆက်ဆံခဲ့ကြတာပါလိမ့်''

''အေးကွာ ... ဇော်၊ ငါတို့ရဲ့အဖြစ်ကိုပြောပြလည်း ဘယ်သူကမှ ယုံကြမှာမဟုတ်ဘူး၊ ထူးထွေတည်အံ့ရာသော်ပဲ





ကွာ၊ ကဲ ... ဘာမှစဉ်းစားမနေကြနဲ့တော့၊ အဆိုးထဲက အကောင်းလို့ပဲမှတ်၊ ဌာနေကို ချောချောမောမောနဲ့ ပြန်ရောက်ခဲ့ကြပြီပဲ၊ သဲစုလည်း စိတ်အေးအေးထားပြီးနေတော့၊ မကြာခင်မှာ သဲစုရဲ့အိမ်ကို အကြောင်းကြားပေးမယ် သိလား''

''ဟုတ်ကဲ့၊ သဲစုလည်း အခုမှပဲ စိတ်အေးသွားခဲ့ရတော့တယ်၊ ဒီလို ချောချောမောမောနဲ့ ပြန်ရောက်လာခဲ့ကြတာ ကိုဇော်နဲ့ကိုထက်တို့ရဲ့ ကျေးဇူးကြောင့်ပါ''

''ကဲ ... အဲဒီကျေးဇူးကို အသာထား၊ ငါတို့ ရပ်ထဲရွာထဲကို ဒီအထုပ်တွေနဲ့ ဝင်ကြရမှာ၊ ဣန္ဒြေမပျက်ကြနဲ့နော်၊ မှင်ဖသေသေနဲ့ပေါ့၊ ဟုတ်ပြီလား''

လင်းပိုင်ဇော်က သဲစုကို မျက်စိမှိတ်ပြလိုက်သည်။ သူမက ပြုံးမိလိုက်လေ၏။ ယခုမှသာ ပြုံးနိုင်လေတော့သည်။

ကျွန်ုပ်ငှက်ခါးသည် ငယ်စဉ်ကတည်းက ဤအရပ်ကို နှစ်သက်ခဲ့သည်၊ ပင်လယ်ထဲတွင် စွန့်စားသွားလာရခြင်း၊ သင်္ဘောတစ်စီးကြီးတစ်စီးပြောင်းကာ လုယက်တိုက်ခိုက်ရသည်

www.burmeseclassic.com

www.burmeseclassic.com



ကို ပျော်စရာဟု သဘောထားခဲ့သည်၊ ကျွန်ုပ်အပေါ်မှာ ခေါင်းတုံးပေါ် ထိပ်ကွက်လာခဲ့လျှင်လည်း နည်းနည်းလေးမှ သည်းမခံတတ်ပါ၊ ထိုသူသည် လောကကြီးထဲက အပြီးအပိုင် ထွက်ခွာသွားခဲ့ရသည်သာပဲဖြစ်၏။

ကျွန်ုပ်၏ တပည့်များကလည်း ကျွန်ုပ်ကို ချစ်ကြောက်ရိုသေကြသည်။ ကျွန်ုပ်သည် သူတို့အပေါ်မှာ ရက်ရောသလိုစောင့်ရှောက်ကြည့်ရှုသည်။ သစ္စာဖောက်ရင်တော့ သေဒဏ်ပင်။ ဤကိစ္စမျိုးကို လုံးဝခွင့်မလွှတ်တတ်။

☼

မြသီတာသည် ကျွန်ုပ်၏ချစ်ဦးသူဖြစ်၏။ ကျွန်ုပ်၏ဇနီးဖြစ်လာခဲ့သည်အထိ အချစ်က မပြောင်းလဲခဲ့။ သို့သော် သူမသည် ကျွန်ုပ်၏အသက်မွေးဝမ်းကျောင်းအလုပ်ကို မသိခဲ့။ သိခွင့်လည်း မပေးခဲ့ပေ။

သူမကို တင့်တောင်းတင့်တယ်ထားနိုင်ခဲ့သည်။ ပန်းချီအနုပညာကိုဝါသနာပါသောသူမက အဘိုးကဲ့သို့ပင် လက်ရာမြောက်သော ပန်းချီကားများကို ရေးဆွဲနိုင်ခဲ့သည်။ ကျွန်ုပ်၏ပုံကိုပင်လျှင် သူမက စိတ်ကူးနှင့်မှန်းကာ ရေးဆွဲနိုင်ခဲ့သည်။





☼

လူသူအရောက်အပေါက်မရှိသည့် ကျွန်းကြီးတစ်ကျွန်းကို ကျွန်ုပ်တို့ တွေ့ရှိခဲ့ကြသည်။ ရတနာပစ္စည်းများဝှက်ထားရန် အကောင်းဆုံးဖြစ်၏။ သို့သော် ထိုကျွန်းတွင် လူတူအမနုဿများ နေထိုင်ကြသည်ကို အစက ကျွန်ုပ်မသိရှိခဲ့။ ရတနာပစ္စည်းများကို လျှို့ဝှက်သော တောင်ခေါင်းတစ်နေရာတွင် ဝှက်ထားနိုင်ခဲ့သည်။

လူတူအမနုဿများက ရန်ရှာကြ၍ တိုက်ခိုက်ကြသည်လည်း ရှိသည်။ သူတို့သည် ဤကျွန်းကို စိုးမိုးထားကြသူများဖြစ်ကြသည်။ ထို့ကြောင့် လူစိမ်းများကို လက်မခံကြ။ အသေခံပြီးတော့ တိုက်ခိုက်ကြသည်။ ကျွန်ုပ်တို့ဘက်ကလည်း ကျဆုံးကြသည်များ ရှိခဲ့ကြသည်။ သို့သော် ထိုကျွန်းမှ ရွှေ့ပြောင်းရန်မည်သည့်အခါမှ နောင်တမရခဲ့။ အမနုဿများသည် ကျွန်ုပ်တို့၏ လက်ချက်ဖြင့် တဖြည်းဖြည်း နည်းပါးလာခဲ့ကြသည်။

☼



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဇနီးဖြစ်သူကို အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် တင့်တောင့်တင့်တယ် ထားနိုင်ခဲ့သော်လည်း သူမသည် ကျွန်ုပ်မရှိသည့်အချိန်များတွင် အထီးကျန်စွာ နေရသည်။ ကျွန်ုပ်ပြန်အလာကိုသာ နေ့စဉ်စောင့်မျှော်နေခဲ့လေသည်။ သူမသိထားသည်မှာ ကျွန်ုပ်သည် တိုင်းတစ်ပါးတွင် အလုပ်ကြီးအကိုင်ကြီးသွားလုပ်နေသည်ဟုသာ။ ကျွန်ုပ်တို့နှစ်ယောက်သည် ဝေးနေကြသော်လည်း သံယောဇဉ်က လျော့ပါးခြင်းမရှိခဲ့ကြ။ နီးနေကြသည်။

✺

ပင်လယ်ဓားပြအချင်းချင်းပင်လျှင် ညှာတာခြင်း၊ စည်းစောင့်ခြင်းမရှိကြ၊ လည်သူစားစတမ်းဖြင့် တိုက်ခိုက်လုယက်ကြသည်လည်းရှိကြသည်။ ရှုံးသည့်သူက တိုက်ရာပါပစ္စည်းများကိုပါ အသိမ်းပိုက်ခံကြရသည်။ ကျွန်ုပ်ကား ဗိုလ်တကာ့ဗိုလ် ပင်လယ်ဓားပြကြီး ငှက်ခါးပင်တည်း။ တစ်ရက်တွင် ကျွန်ုပ်ကို အာခံသော





တပည့်လက်ထောက်မီးခဲကို ကိုယ်တိုင်ရှင်းပစ်လိုက်သည်။ ဤအတွက် အနည်းငယ်မှ နောင်တရခြင်းမရှိခဲ့။

✺

ပင်လယ်ဓားပြကြီးမီးခဲသည် သူ၏ဘဝမှတ်တမ်းကို အချိန်ရသရွေ့ ရေးသားခဲ့သည်။ အချို့သောကိစ္စများသည် ထူးခြားမှုမရှိ။ စာမျက်နှာများကျော်ပြီး ဖတ်ခဲ့ကြသည်။ ပင်လယ်ဓားပြကြီးငှက်ခါး၏ စိတ်ဝင်စားစရာအကောင်းဆုံးအခန်းမှာသည်ကား ...။

✺

ကျွန်ုပ်ငှက်ခါးသည် ပင်လယ်ပျော်ဓားပြကြီးပီပီ အသက်ဘေးအန္တရာယ်များစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ကျွန်ုပ်၏လက်သည်လည်း သွေးစွန်းခဲ့သည်။ သေတွင်းမှလည်း အကြိမ်ကြိမ် အခါခါ လွတ်မြောက်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကို စိန်ခေါ်သော ပင်လယ်ဓားပြကြီးများကိုပင်လျှင် သုတ်သင်အောင်ပွဲခံခဲ့သည်။ မည်သူ့ကိုမှ ဗိုလ်မထား။ ကိုယ်ခံအားကောင်းသေ၀ ကျွန်ုပ်၏ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ပင်။ ဤမျှကြံ့ခိုင်တောင့်တင်းသော ခန္ဓာကိုယ်ပိုင်ရှင်သည် ဥပဒ္ဒေကကံဖြင့် မသေခဲ့သော်လည်း။

☼

ကျွန်ုပ်သည် မမာမကျန်းဖြစ်လျက်ရှိနေလေပြီ။ သွေးကြောင့်ဖြစ်သောရောဂါတစ်မျိုးက ခန္ဓာကိုယ်အသွေးအသားထဲသို့ တိုးဝင်ပြီးတော့ နှိပ်စက်လာခဲ့သည်။ စိတ်သွားတိုင်း ကိုယ်မပါတော့ပေ။ သင်္ဘောပေါ်မှာသာလျှင်နေသည်၊ ကျွန်ုပ်၏ဇနီးဆီကိုလည်း မရောက်တော့။ လူမမာသည်ကြီးတစ်ယောက်အနေနှင့် မသွားလိုတော့။ သူမသည် ကျွန်ုပ်ကိုသတိရနေသည်မှာ အမှန်ပင်။

ယခုအချိန်မှာ ကျွန်ုပ်ကို သက်ဆိုင်ရာက ဖမ်းဆီးရန်ကြိုးစားလျက်ရှိသည်။ ဇနီးဆီပြန်ရန် စိတ်ကူးရှိသော်လည်း ပုလိပ်များက ခြေရာခံကာ လိုက်လာခဲ့ကြလျှင်အခက်။ ထိုအခါ





ဇနီးလည်း ကျွန်ုပ်နှင့်ပတ်သက်ပြီး စိတ်မချမ်းမသာ ဖြစ်ရမည်။ ကျွန်ုပ်၏အလုပ်ကိုလည်း သိသွားမည်မို့ ထိုအကြံအစည်ကို လက်လျှော့လိုက်ရသည်။

☼

ဤကျွန်းကြီးကို ငှက်ခါးကျွန်းဟု အမည်ပေးထားသည်။ ကျွန်ုပ်ပိုင် ကျွန်းတစ်ကျွန်းဟုပင် လက်ခံထားသည်။ အမနုဿကောင်များသည် ဤကျွန်းပေါ်မှာ နှစ်ပေါင်းသောင်းသိန်းမကကတည်းက အခြေချပြီးတော့ နေခဲ့ကြဟန်တူသည်။ အမနုဿအမဟူ၍ သိပ်မတွေ့ရ။ ထို့ကြောင့်ပင်လျှင် သူတို့ဦးရေနည်းပါးလာကြဟန်တူသည်။

ထို့အထဲ ကျွန်ုပ်တို့က သူတို့ကို အလိုမရှိ၍ မျိုးဖြုတ်သည့်အနေဖြင့် နီးလျှင်နီးသလို သတ်ဖြတ်ကြသည်။ လိုက်လံရှာဖွေပြီးတော့ပင်လျှင် သတ်ပစ်ကြသည်လည်း ရှိသည်။ ထို့ကြောင့် အမနုဿများသည် ယခင်ကလို ပေါ်ပေါ်တင်တင်သွားလာခြင်းမပြုကြတော့ဘဲ တောနက်တစ်နေရာတွင် ပုန်းခိုနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် လစ်လျှင်လစ်သလို ကျွန်ုပ်တို့ကို တိုက်ခိုက်တတ်ကြသေးသည်။

ငှက်ခါးကျွန်းသည် ကျွန်ုပ်အတွက် အတ္တကျွန်းဟုလည်း ခေါ်ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤကျွန်းကို ကျွန်ုပ်က အတ္တစိတ်ဖြင့် အပိုင်စီးထားသောကြောင့်ပင် ဖြစ်သည်။ ထို့ထက် မကဆိုရလျှင် ကျွန်းပေါ်ရှိ ထီးတည်းသော တောင်ကြီးကိုပင်လျှင် ငှက်ခါးတောင်ဟု အမည်ပေးထားသည်။ ငှက်ခါးတောင်ပေါ်တွင် ကျွန်ုပ်၏ လျှို့ဝှက်ရတနာသိုက်ရှိသည်။ ကျွန်ုပ်သည် ယန္တရား အတတ်ပညာကို အနည်းငယ်တီးခေါက်မိသည်နှင့်အညီ ရတနာများ ဝှက်ရန်အခန်းကို ယန္တရားအတတ်ပညာဖြင့် စီရင်ပြုလုပ်ထား၏။ ကျွန်ုပ်၏တပည့်များက ဝိုင်းဝန်းကူညီကြလေသည်။





ကျွန်ုပ်သည် ရောဂါအတွက် လက်လှမ်းမီရာဆေးများကို မှီဝဲခဲ့သော်လည်း သက်သာလာခြင်းမရှိခဲ့ပါ။ အားအင်တွေက တဖြည်းဖြည်းနှင့် ဆုတ်ယုတ်လာခဲ့လေပြီ။

ဤမှာပင်လျှင် ကျွန်ုပ်၏နောက်ဆုံးအချိန်ဆိုသည်ကို သတိထားမိလာခဲ့ရသည်။ ဇနီးဖြစ်သူနှင့် လွန်မင်းစွာ တွေ့ဆုံလိုသော ဆန္ဒမျိုးက တားဆီးမရအောင်ပင် ဖြစ်ပေါ်လာခဲ့သည်။ သို့သော် မိုင်ပေါင်းများစွာ ဝေးကွာနေရာဆီကို သွားရောက်နိုင်ရန်ကား မဖြစ်နိုင်တော့ပြီ။ ဇနီးကိုလည်း ဤအခြေအနေမျိုးဖြင့် ဒုက္ခမပေးလိုတော့ပြီ။

နေ့စဉ်မှတ်တမ်းကို အနိုင်နိုင်ပင်ရေးနေရသည်။ မင်တံကိုပင်လျှင် မြဲမြဲစွာမကိုင်နိုင်တော့ပြီ။ လက်မှ မကြာခဏလွှတ်ကျ သည်။ ကျွန်ုပ် အိပ်ပျော်နေစဉ်မှာ မြနှင့် ဆုံတွေ့သည်။ သူမက ကျွန်ုပ်အား သတိရလွမ်းဆွတ်နေသောကြောင့် ပြန်လာပါရန် မျက်ရည်လည်ရွဲနှင့် တောင်းပန်ပြောဆိုသည်၊ ဖက်၍ငိုသည်။

အိပ်မက်ကနိုးသော် စိတ်မချမ်းမသာ ဖြစ်မိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ယခုပင်လျှင် ပြေးသွားခဲ့ချင်သည်။ သို့သော် ကျွန်ုပ်၏နေဝင်ချိန်သည်ကား နီးသထက် နီးလာခဲ့လေရကား သူ မ ဆီ ကို သွား ရန် မည် သို့ မှ မ တတ် နိုင် တော့ သည် ဖြစ် ၍ အ ဝေး က သာ ...။

✹

ဦးငှက်ခါး၏မှတ်တမ်းသည် တစ်ပိုင်းတစ်စနှင့် ပြတ်တောက်သွားခဲ့သည်။ ပြီးဆုံးခြင်း မရှိခဲ့။

"သူ့ရဲ့မှတ်တမ်းက ဒီလောက်နဲ့ပဲ ရပ်သွားတယ်၊ ဆက်မရေးနိုင်တော့ဘူးထင်တယ် ,ကိုထက်"

"အင်း ... ရောဂါက ဖိစီးလို့ ဒါလောက်နဲ့ပဲ ပြီးသွားတာထင်တယ်၊ အဲဒီနောက်ပိုင်းမှာ သူ ကွယ်လွန်သွားခဲ့တယ်နဲ့ တူတယ် ဇော်"

"အေးကွာ ... သူ့ကို ကျန်ရစ်ခဲ့တဲ့တပည့်တွေကပဲ ငှက်ခါးတောင်ပေါ်မှာ ဂူသွင်းပြီး သဂြိုဟ်ခဲ့ကြတာ၊ သေသေချာချာကို ကျကျနနလုပ်ပေးခဲ့ကြတာတွေ၊ ဦးငှက်ခါးကလည်း ဒီကျွန်းနဲ့ ဒီနေရာကို နှစ်သက်သဘောကျခဲ့တာကိုး"



သဲစုသည်ပင် ပင်လယ်ဓားပြကြီးဦးငှက်ခါး၏ နေ့စဉ်မှတ်တမ်းကို ဝိုင်းဖတ်ပေးရင်း စိတ်ထဲမှာ တစ်မျိုးတစ်ဖန်ဖြစ်လာခဲ့ရသည်။

"ဒီမှတ်တမ်းကြောင့် သဲစုတောင် ရင်ထဲမကောင်းဖြစ်လာခဲ့ရတယ်၊ ဦးငှက်ခါးရဲ့ဖနီး ဒေါ်မြသီတာက သူ့ကို စောင့်နေမှာပဲနော်၊ သူ့ခင်ပွန်းက အဝေးတစ်နေရာမှာ ဘယ်လိုသေဆုံးသွားတယ်ဆိုတာကိုလည်း သိမှာမဟုတ်ဘူး"

"ဒေါ်မြသီတာ ... ဒေါ်မြသီတာ"

လင်းပိုင်ဇော်၏နှုတ်မှ လွှတ်ခနဲဆို ထွက်သွားခဲ့ရသည်။ ဒေါ်မြသီတာသည် ဦးငှက်ခါးကို ယနေ့ထက်တိုင် စောင့်မျှော်နေဆဲဖြစ်သည်။ ဤနေ့စဉ်မှတ်တမ်းလေးကိုသာ ဒေါ်မြသီတာ၏လက်ထဲကို အပ်နှံနိုင်ခဲ့ပါလျှင် ...။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

### ဝိုးတဝါးရိပ်ယောင်

သဲစု၏မိဘများထံသို့ အကြောင်းကြားလိုက်ပြီဖြစ်သည်။ ရန်ကုန်မှနေ၍ မကြာမီမှာ လာရောက်ကြတော့မည်။

"ကဲ . . . သဲစုမိဘတွေကလည်း သဲစု ဒီကိုရောက်နေတယ်ဆိုတာ သိသွားခဲ့ကြပြီ၊ သူတို့ မကြာခင် ရှောက်လာကြတော့မှာ"

"အင်း . . . အမေနဲ့အဖေတို့လည်း သဲစု သေကံမရောက်ဘဲ ဒီကိုရောက်နေတဲ့အတွက် ဝမ်းလည်းဝမ်းသာနေကြတယ်၊ အံ့အားလည်း သင့်နေကြတာ၊ သည့်ထက်ပိုပြီး ဇာတ်လမ်းစုံကို သိသွားခဲ့ကြရင် ပိုပြီးတော့ အံ့အားသင့်သွားခဲ့ကြမှာပဲ"

သဲစုသည် မိဘများက မကြာမီမှာ ရောက်လာကြလိမ့်



မည်ဆို၍ ပျော်နေသည်။ လင်းပိုင်ဇော်နှင့်လည်း သံယောဇဉ်ဖြစ်နေကြလေပြီ။

"အေး . . . ငှက်ခါးကျွန်းကိုရောက်ခဲ့တဲ့အတွက် ကြင်ယာလည်း ပါလာတဲ့အတွက် ငှက်ခါးဖူးစာပေါ့ကွာ၊ မင်းတို့နှစ်ယောက်ရဲ့ဖူးစာကတော့ ထူးထွေတည့်အံ့ရာသော်ပါပဲကွာ"

"ဟုတ်တယ် . . . ငါသာ မင်းဆီကိုရောက်မလာခဲ့ရင် ဒီလိုအတွေ့အကြုံမျိုးတွေကို ကြုံရမှာ မဟုတ်ဘူး၊ သဲစုနဲ့လည်း ဆုံဖြစ်မှာမဟုတ်ဘူး၊ နဖူးစာရွာလည်ဆိုတာ ဒါမျိုးကို ခေါ်တာ ထင်ပါရဲ့ ကိုထက်"

အဆိုးထဲက အကောင်း၊ အရှုံးထဲက အမြတ်ပင်။ ငှက်ခါးကျွန်းမှ ရလာခဲ့ကြသော ရတနာများကိုလည်း လျှို့ဝှက်ကာ သိမ်းထားလိုက်ကြသည်။ နောက်တစ်နေ့နံနက်တွင် ခြံထဲမှ ခြံစောင့်ကြီးဦးမောင်မောင် ရောက်လာခဲ့သည်။

"မင်းတို့ မနေ့ကပြန်ရောက်လာကြတယ်ဆိုတဲ့ သတင်းကြားလို့ ငါလာခဲ့တာကွ၊ တကတဲကွာ ပျောက်ချက်သားကောင်းလိုက်ကြတာ၊ ဘယ်အထိထွက်သွားခဲ့ကြတာလဲ"

"ဟဲ ဟဲ . . . ကျွန်တော်တို့ ခရီးနည်းနည်းလွန်သွားလို့ပါ ဒါနဲ့ ခြံထဲမှာ ဘာထူးသေးသလဲ ဦး"

"ထူးခြားမှုမရှိ၊ အဲ . . . ရှိတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရှိတာလဲ ဦး"

"ခြံထဲကို ရထားလုံးနဲ့ အမျိုးသမီးကြီးတစ်ယောက် ရောက်လာတယ်၊ ငါလည်း အံ့အားသင့်သွားတာပေါ့၊ ငါတို့ ဒီမှာနေတာကြာပြီ၊ ရထားလုံးလိုမျိုး မင်းကောတွေ့ဖူးလို့လား"

"ရထားလုံး ... ဟုတ်လား။ ဟုတ်တယ် ... ဒီမှာ တစ်ခါမှ မမြင်ဖူးဘူး၊ အင်း ... တစ်ခုတော့ရှိတယ်၊ ဒီလို ရှေးဟောင်းအမွေ အနှစ်ပစ္စည်းမျိုးကို သဘောကျပြီး မပစ်ရက်တဲ့သူတွေကတော့ ထာဝရသိမ်းဆည်းထားကြမှာပဲလေ၊ ကဲ ... ထားပါတော့၊ အဲဒီအမျိုးသမီးကြီးက ဘယ်သူလဲ ဦး"

"ကိုထက် ... ငါလည်း ဘယ်သိမလဲကွ၊ သူက အဲဒီ ရထားလုံးကို ကိုယ်တိုင်မောင်းလာခဲ့တာ၊ ငါ့ကို ဘာမေးတယ် ထင်သလဲ"

"မသိဘူးလေ၊ ဦးကိုမေးတာ၊ ဦးပဲသိမှာပေါ့"

"အေး ... အဲဒါတော့ ဟုတ်တယ်၊ မင်းပဲ ခန့်မှန်းမိမလားလို့ပါ၊ အဲ ... သူကမေးတယ်၊ ဒီကိုရောက်နေတဲ့ လင်းပိုင်ဇော်ဆိုတဲ့ သူငယ်လေးကို ဟောဒီပန်းချီကားတွေ ပေးလိုက်ပါတဲ့ ဆိုပြီး အထုပ်ကြီးတစ်ထုပ် ပေးသွားခဲ့တယ်ကွာ"

ထိုအခါ လင်းပိုင်ဇော်သည် ဖျတ်ခနဲဆို ဖြစ်သွားပြီး ...



"ဟင် ... ပန်းချီကားတွေ ပေးသွားတယ် ... ဟုတ်လား ဦး၊ အဲ ... အဲဒီအမျိုးသမီးကြီးက ဘယ်လိုပုံပန်းသဏ္ဌာန်လဲ၊ နာမည် ဘယ်လိုခေါ်သတဲ့လဲ"

"ရုပ်ရည်ကတော့ ခန့်ထည်ထည်ပဲကွ၊ ငယ်ငယ်က တော်တော်ချောမယ့်သူပဲ၊ အသက်ကတော့ အင်း ... ခြောက်ဆယ်လောက်တော့ ရှိမလားပဲ၊ ခန့်မှန်းရခက်တယ်ကွဲ့၊ သူလည်း သိပ်ကြာကြာမနေပါဘူး၊ ပစ္စည်းတွေကိုပေးပြီး ချက်ချင်းလိုလို ပြန်ထွက်သွားတာပဲ"

"ဟင် ... မဟုတ်မှလွဲရော၊ ဒေါ်မြသီတာပဲ ဖြစ်မှာပဲ"

"အေး ... သူကတော့ မင်းကို ကောင်းကောင်းသိနေတာပဲကွ၊ အဲဒီအထုပ်ကြီးကို ငါ သေသေချာချာ သိမ်းထားတယ်"

"ဟုတ် ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဦး"

လင်းပိုင်ဇော် စဉ်းစား၍မရနိုင်အောင် ဖြစ်သွားခဲ့ရသည်။

"ငါတို့မရှိတုန်းမှာ လာပေးသွားတယ်၊ သူ ဘယ်နေရာကနေ ရောက်လာခဲ့တာပါလိမ့်"

"ဇော် ... သူ့ဆီကို ငါတို့သွားတုန်းကတော့ အိမ်တို့တောင် ရှာမတွေ့ဘူး၊ အခုတော့ သူကိုယ်တိုင်ရောက်လာတယ်၊ အစက ဒီအမျိုးသမီးကြီးရဲ့အကြောင်းကို မင်း ပြောခဲ့တုန်းက ငါ မယုံခဲ့ဘူး၊ အိပ်မက်ကို ပြန်ပြောပြနေတာလို့ပဲ ထင်မိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ငါယုံသွားပြီကွာ''

''ငါတို့ သူ့ကို နောက်တစ်ခေါက်သွားထပ်ရှာချင်သေးတယ်ကွာ''

''မင်းက ဘာကိုရှာမှာလဲ ဖော်''

ထက်မောင်က မသွားစေချင်လိုသည့်သဘော။

''ငါ့ရင်ထဲမှာ မရှင်းတာတွေ ရှိနေသေးလို့ပါကွာ၊ ဒါ နောက်ဆုံးပါပဲ ကိုထက်''

''အေးလေ ... မင်းသဘောပေါ့''

''ဦးငှက်ခါးရဲ့မှတ်တမ်းထဲက ဒေါ်မြသီတာလားဟင်''

သဲစုက လုံးစေ့ပတ်စေ့ နားမလည်သေးသော အဖြစ်အပျက်ကြောင့် စိတ်ဝင်စားစွာပင် မေးလိုက်သည်။

''ဟုတ်တယ် သဲစု ... နောက်မှ ဒီအကြောင်းတွေကို ရှင်းပြမယ်''

☼

တောအုပ်ဆီသို့ ရောက်စမှာပင် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားခဲ့ကြသည်။ ရင်ထဲက မကောင်းချင်သလိုလို၊ ဝမ်းနည်း





မိသလိုလို။ သုံးယောက်စလုံး ခံစားချက်တွေက အတူတူ။ မည်သည့်အခါမှ မမေ့သော တောလမ်းကလေးကို လင်းပိုင်ဖော် မှတ်မိနေသည်။ ခြေလှမ်းတွေ ခပ်သွက်သွက်ဖြင့် လျှောက်လာခဲ့ကြသည်။

သဲစုပင်လျှင် အလိုလိုနေရင်း ရင်ထဲမှာ တလှပ်လှပ်နှင့် ခံစားလာခဲ့ရသည်။ ထို့ကြောင့် လင်းပိုင်ဖော်၏လက်မောင်းကို ဆုပ်ကိုင်ကာ လိုက်ပါလာခဲ့မိသည်။ ငှက်ခါးကျွန်းပေါ်တွင် ဝှလိုဏ်ထဲ၌ ပြေးလွှားနေရစဉ် ဖြစ်ပေါ်ခဲ့သော ခံစားချက်မျိုးပင်။ တော၏အတွင်းဘက်ကျသောနေရာကို ရောက်လာလေလေ စိတ်ထဲမှာ ပိုပြီးတော့ ကြည်တည်းလာကြသည်။

ထိုအတွေ့အကြုံမျိုးကို မခံစားဖူးခဲ့သော သဲစုကတော့ ဘာမှန်းမသိဘဲ ရင်ဖိုမောကျနေရသည်။ တစ်နေရာကိုအရောက်တွင် သစ်ပင်တွေကြားမှာ တရွေ့ရွေ့နှင့် သွားနေသော မြွေတန်းကြီးတစ်ခုကို တွေ့လိုက်ကြရသည်။ ထို့နောက် သူတို့ရှေ့ကို ရောက်လာပြီး ရပ်တန့်သွားခဲ့လေသည်။ ထိုနေရာ တစ်ဝိုက်သည် တစ်မုဟုတ်ချင်းပင် မြူတွေ ဖြန့်ကြက်သွားခဲ့လေ၏။

မြူတောထဲကို တိုးဝင်သွားခဲ့ကြသည်။ သဲစုကတော့ မရဲတရဲနှင့်။ စိတ်ထဲတွင် လောင်အိမ်တစ်ခုထဲသို့ ဝင်သွားရသလို ခံစားလိုက်ရသည်။ ဘေးဘီဝန်းကျင်ကိုလည်း ပြတ်သားစွာ



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်တော့ပါ။ တော်တော်ကလေး လျှောက်လှမ်းလာခဲ့သည်အထိ မြူတောထဲက မလွတ်မြောက်နိုင်သေး။

တစ်နေရာအရောက်တွင် ရှေ့တွင် မြင့်မားကျယ်ပြန့်သော အရာကြီးတစ်ခုကို ခပ်ရေးရေးမြင်တွေ့လိုက်ရသည်။ အိမ်ကြီးတစ်လုံး၏ အသွင်သဏ္ဍာန်မျိုးပင်။

"ဟာ . . . ဟိုမှာ"

လင်းပိုင်ဇော် ပြေးသွားမည်ပြုစဉ်မှာပင် ထိုသဏ္ဍာန်သည် တဖြည်းဖြည်းနှင့် ပါးလာကာ နောက်ဆုံးမှာတော့ ပျောက်ကွယ်သွားခဲ့လေသည်။

"ဇော် . . . တို့တစ်တွေအာရုံတွေများလွန်းနေတယ်၊ ကိုယ်မြင်ချင်တာကို စိတ်က စောလွန်းနေတာကြောင့် ဒီလိုမြင်ရတာ၊ ထင်ယောင်ထင်မှားဖြစ်ကြရတာ၊ ပြီးတော့ ဒီမြူတွေကလည်း သိပ်ပြီးတော့ အနှောင့်အယှက်ပေးတယ်ကွာ၊ ပြန်ကြပါစို့"

လင်းပိုင်ဇော်၏လက်ထဲမှာ ဦးငှက်ခါး၏ မှတ်တမ်းစာအုပ်လေးထည့်ထားသော ငွေသေတ္တာလေးကို ကိုင်ထားသည်။

"ငါ ဒါကို ဘာလုပ်ရမလဲ ကိုထက်"

"ပြန်ယူလာခဲ့ပါကွာ၊ ဦးငှက်ခါးက သူ့ကိုအမှတ်ရစေချင်တယ်၊ ဒေါ်မြသီတာနဲ့ တစ်နေ့နေ့မှာ ကြုံခဲ့ရင် မင်းပေးလိုက်ပေါ့"





"တစ်နေ့နေ့မှာ . . . ဟုတ်လား"

လင်းပိုင်ဇော် စိတ်လျှော့လိုက်ကာ နောက်ကြောင်းကို ပြန်လှည့်ခဲ့ကြသည်။ စောစောက ဝိုးတဝါးရိပ်ယောင်အိမ်ကြီး၏ သဏ္ဍာန်ပေါ်လာလေဦးမလားဟု ပြန်ကြည့်သည်။ သိပ်မြင်ချင်လွန်း၍ စိတ်အထင်ကို အတင်းတွန်းပို့၍မရ။ ဆန္ဒရှိတိုင်း လုပ်ကြံဖန်တီး၍မရနိုင်။ မြူတွေကတော့ ထူထပ်စွာကျဆင်းကာ ကျန်ရစ်ခဲ့ကြသည်။

✲

ရှေးဟောင်းသင်္ဘောကြီးတစ်စင်းသည် နှစ်ကာလများစွာကြာပြီးခဲ့သည်အထိ မဟောင်းနွမ်း၊ မဆွေးမြည့်သေးဘဲ ပင်လယ်ပြင်မှာ သွားလာနေဆဲပဲလား။ ငှက်ခါးအမည်ရှိ ယင်းသင်္ဘောကြီးသည် ပင်လယ်ဓားပြကြီးငှက်ခါး ပိုင်ဆိုင်ခဲ့သည့် သင်္ဘောကြီးအမှန်ပင်လား။ သို့မဟုတ် ငှက်ခါးသဏ္ဍာန် ယင်းသင်္ဘောကြီး၏ ပုံတူပွားတစ်ခုပင်လား မပြောတတ်ပါ။

လင်းပိုင်ဇော်တို့ကို သင်္ဘောကြီးပေါ်တင်ကာ ခေါ်သွားခဲ့သော သူနှင့်သင်္ဘောသားများသည် လျှို့ဝှက်ကြလွန်း၍ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှန်းမသိနိုင်ကြ။ လင်းပိုင်ဖော်နှင့်ထက်မောင်တို့ကို ကျွန်းတစ်ကျွန်းပေါ်မှာ ချပေးခဲ့ကြသည်ကိုပင် မသိလိုက်ကြ။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ယင်းကျွန်းသည် ငှက်ခါးကျွန်းကြီးဖြစ်နေပြီး တက်ခဲ့သောတောင်ကြီးသည်လည်း ငှက်ခါးတောင်ဖြစ်ခဲ့သည်။ [ဦးငှက်ခါး၏မှတ်တမ်းအရ] ထိုတောင်ကြီးထဲမှာပင်လျှင် ဦးငှက်ခါး၏ဂူနှင့်ရတနာများကို တွေ့ခဲ့ကြရလေသည်။

[ထင်စရာမှာ ငှက်ခါးသဘော်ကြီးက ထိုကျွန်းသို့ သူတို့ကို ပို့ပေးခဲ့ခြင်းသည် ဦးငှက်ခါး၏အုတ်ဂူနှင့် ရတနာများကို တွေ့စေလို၍လော] မည်သူမှ မသိနိုင်ကြ။

မည်သို့ပင်ဆိုစေ ငှက်ခါးကျွန်း၊ ဦးငှက်ခါး၏ဂူ၊ ရတနာများနှင့် ပတ်သက်ပြီး သူတို့သုံးဦးသာသိခဲ့ကြသည်။ ဖနီးဖြစ်သူနှင့် နောက်တစ်ဖန် မဆုံစည်းခဲ့သည့် ဦးငှက်ခါးသည် ယခုဘဝမှာ ဆန္ဒမပြည့်ခဲ့သော်လည်း နောက်နောင်ဘဝများတွင် သူတို့နှစ်ယောက် အတူတကွ နေကြရပါစေဟု။

ဤလို ဒုစရိုက်မှုမျိုးစု ကျူးလွန်ပြီး အသက်မွေးဝမ်းကျောင်းပြုရသော လူဆိုးဓားပြကြီးဘဝမှ လွတ်မြောက်ပါစေ။ လူကောင်းတစ်ယောက်ဘဝရောက်ပါစေဟု ကုသိုလ်ကောင်းမှုပြုကာ အမျှအတန်းပေးဝေမိကြသည်။

---





ထူးဆန်းမှုတစ်ခုမှာ ဒေါ်မြသီတာက မိမိကိုပေးခဲ့သော ရွှေစုတ်တံလေး ပျောက်ဆုံးသွားခဲ့ခြင်းပါတည်း။

ငှက်ခါးသဘော်ကြီးကို နောက်တစ်ဖန် တွေ့နိုင်ဦးမလားဟု သန္တာကျောက်တန်းများရှိရာဆီသို့ သွားကြရာ ကမ်းခြေဆီကို မရောက်ကြ။ ရှာမတွေ့ကြတော့။ အိမ်ကြီးကို ရှာသလို ရှာဖွေကြသော်လည်း ကမ်းခြေဆီကို မည်သည့်အခါမှ မရောက်ကြတော့။ လမ်းကိုပင် ရှာမရကြတော့။

ထို့အပြင် ငှက်ခါးကျွန်းကြီးသည် မည်သည့်နေရာမှာ ရှိမှန်းမသိ။ ဦးငှက်ခါး၏ မှတ်တမ်းထဲပါ ရက်စွဲအရဆိုလျှင် အဖြစ်အပျက်များသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့စွဲက နောက်ဆုံးဖြစ်သည်။

ထို့ကြောင့် ဒေါ်မြသီတာသည် ယခုအချိန်အထိ ဦးငှက်ခါးကို စောင့်နေခြင်း ဖြစ်နိုင်၊ မဖြစ်နိုင်။

ငှက်ခါးကျွန်းကြီးပေါ်ကို မိမိတို့ရောက်ခဲ့ကြပြီး အမနုဿသတ္တဝါများနှင့် ဆုံတွေ့တိုက်ခိုက်ခဲ့ကြရသည်ကိုလည်းကောင်း ဗင်လယ်ဓားပြကြီး ဦးငှက်ခါးနှင့် ဆုံတွေ့ခဲ့ကြရသည်ကိုသော်လည်းကောင်း . . . သူတို့ ဘယ်သောအခါမှ မမေ့နိုင်ကြတော့ပါ။

သို့သော် ထိုနေရာဆီကို နောက်ထပ်သွားရောက်လို

---



www.burmeseclassic.com

www.burmeseclassic.com



သည့်ဆန္ဒ၊ အာသီသများသည်လည်း မည်သည့်အခါမှ ရှိလာကြလိမ့်မည် မဟုတ်ပါ။ အကြောင်းမှာ နောက်တစ်ကြိမ် ငှက်ဂါးကျွန်းဆီကို ရောက်သွားခဲ့ကြလျှင် အသက်နှင့်ကိုယ် မြဲပြီးတော့ ပြန်လာနိုင်ကြမည် မဟုတ်ဟု သိနေကြသောကြောင့်ပင်တည်း။

မင်းစိုးကြ

သဗ္ဗသတ္တာ ဘဝန္တု သုခိသတ္တာ

www.burmeseclassic.com